ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (7-3-2015) (စာ၁၃၇)

ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီ နှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သား ညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသားတွေ ညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နတ်ချက်)

မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အလားအလာကောင်းမွန်၊ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

စစ်တွေ မတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ရောက်ရှိရာ ဒုတိယသမ္မတနှင့်အဖွဲ့အား စစ်တွေမြို့အဝင် လမ်းဘေးဝဲယာတွင် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဒေသခံတိုင်းရင်းသားကုမ္ပဏီများနှင့် တောင်ကိုရီးယားနိုင်ငံ၏ နည်းပညာအကူအညီဖြင့် စစ်တွေမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပြင်ဆင်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လူမှုရေး၊ စီးပွားရေးအခြေအနေများကိုမေးမြန်းကာ အားပေးနှုတ်ဆက်ခဲ့သည်။**(ယာဝုံ)**

ယင်းနောက် ဒုတိယသမ္မတအား ကမ်းနားလမ်းရှိ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့်ဆောင်ရွက်မည့် စစ်တွေမြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ကုလားတန်မြစ်ဆုံချောင်း၀ သာယာလှပရေးနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် မြို့ပြမြေယာဖော်ထုတ်ရေးစီမံကိန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်က စစ်တွေမြို့ မြို့လယ်ချောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် ကုလားတန်မြစ်ဆုံချောင်း၀ သာယာလှပရေးအတွက် အရှည်ပေ(၂၂၅၀)ပိုင်ရိုက်၍ ကျောက်ကြီးနှင့် မြေထိန်းနံရံဆောင်ရွက်နေမှု၊ မြို့လယ်ချောင်းတံတားမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

ထူးခြားသည့် နေ့အပူချိန်များ

၆-၃-၂၀၁၅

သာယာ၀တီ

၄၀ ဒီဂရီစင်တီဂရိတ်

ဘော်လခဲ

၄၀ ဒီဂရီစင်တီဂရိတ်

မြန်မာ့ပညာရေး တစ်ခေတ်ဆန်းဖို့ ဥပဒေပြုခြင်းဖြင့် အရောက်ချီ

စာမျက်နှာ ›› ၆

အထပ်မြင့် ၂၁ ထပ်စီ ပါဝင်သော ကွန်ဒိုစီမံကိန်း ယခုနှစ်ကုန်တွင် ပြီးစီးမည်

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ ပြည်လမ်းနှင့် အင်းစိန်လမ်းကြားရှိ မြေဧက ၁၂ ဧကကျော် ကျယ်ဝန်းသည့်မြေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် Capital City စီမံကိန်းမှ ပထမအဆင့် စီမံကိန်းတစ်ခုအဖြစ် အထပ်မြင့် ၂၁ ထပ်စီပါဝင်သော ကွန်ဒိုယူနစ် ၄ ခုပါ The GEMS Garden Condominiums များ ယခုနှစ်အတွင်း ပြီးစီးမည်ဟု သိရသည်။

၂၀၁၃ နှစ်ကုန်ပိုင်းခန့်တွင် စတင်အကောင်အထည်ဖော်ခဲ့သော အဆိုပါစီမံကိန်းသည် လက်ရှိတွင် GEMS Tower အမှတ်(၁)နှင့် အမှတ်(၂) မှာ ၁၀၀ ရာခိုင်နှုန်း ဆောက်လုပ်မှုပြီးစီးနေပြီဖြစ်ပြီး ကျန် Tower နှစ်ခုမှာ ယခုနှစ်အကုန်တွင် အပြီးသတ်ဆောက်လုပ်ပြီးစီးမည်ဟု သိရသည်။ ဆောက်လုပ်ပြီးစီးသည့် အခန်းအနားနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ခေါ်စင်ညီတန် (မူလတန်းပြ)

ကျွန်မအနေနဲ့ အခေါ်ခြင်ကိုနိုးသော ရုပ်ရည်(၁) နှစ်ခေါ်ခဲ့ရပါသည်။ မြန်နေ့ရေတနာ ဆေးပတ်ပေါ် သနပ်ခါးကို ရုပ်ရည် အနည်းဆုံး (၃) နှစ်ကြာပါသည်။

ကျွန်မက မူလတန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မအိမ်ကနေ တွဲ့တေးမြို့နယ် လာကပုံကျေးရွာလေးမှာ စာသွားသင်ရပါတယ်။ အဲဒီမူလတန်းကျောင်းကို ကားအဆင့်ဆင့် စီးပြီးသွားရပါတယ်။ နေပူထဲ သွားလာရတော့ အသားအရေတွေ နေလောင်ခံကိတ်တော့ခံရပါတယ်။ ဒီကြားထဲ မျက်နှာက အဆီပြန် ဖုန်မှုန့်က ကပ်ပေါ့ရှင်။ ရွှေးပေါက်တွေပိတ်တော့ ဝက်ခြံလည်းထွက်တယ်လေ။ ကံကောင်းချင်တော့ အစ်မတစ်ယောက်က ရွှေပြည်နန်း(၂)ဘူးပေးတယ်။ တစ်ဘူးက ကုံကော်ဝတ်ဆံသနပ်ခါး ၊ နောက်တစ်ဘူးက အသားဖြူသနပ်ခါး အစိမ်းဘူးလေးပေါ့။ ကုံကော်သနပ်ခါးကို နေ့ဘက်မှာလိမ်း၊ အသားဖြူသံပရာသနပ်ခါးကို ညဘက်မှာလိမ်းလို့ဆိုပြီး အကြံဉာဏ်ပေးပါတယ်။ အဲဒီလိုနဲ့ ကျွန်မ နေ့စဉ် ဂရုတစိုက် မှန်မှန်လိမ်းတာ (၂)ပတ်ကြာတော့ အဆီပြန်တာပျောက်သွားတယ်။ ဝက်ခြံလည်းပျောက်လာပါတယ်။ အသားကတင်းပြီး ဝင်းမွတ်လာပါတယ်။ သနပ်ခါးရန့် ကလည်း သင်းသင်းလေးမွှေးနေတော့ စိတ်ကြည်နူးမှုလည်းရပါတယ်။ သနပ်ခါးဘူးပေးတဲ့ အစ်မကို ကျေးဇူးတင်သလို ကောင်းမွန်တဲ့နည်းပညာနဲ့ ထုတ်လုပ်ပေးတဲ့ ရွှေပြည်နန်း သနပ်ခါးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရွှေပြည်နန်းသနပ်ခါး အောင်မြင်ပါစေလို့....

ခေါ်စင်ညီတန် (မူလတန်းပြ) အ.ဝ.က (မူလွှန်) သာကပုံကျေးရွာ တွဲ့တေးမြို့နယ်၊ ထပ်ဆင့်ခေတ်စံအပ်ပါသည်။ ၊ခေါ်စင်မာတန်း၊ မူလတန်းပြ၊ အ.တ.ဘ(၆)ပန်းလိုင်း တွဲ့တေးမြို့နယ်၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြို့ပင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ကြေးမုံ စာတည်းရှေ့ ၇-၃-၂၀၁၅ စနေနေ့

လိုက်လျောညီထွေ

"ရေလိုက်ငါးလိုက်" ဆိုစကားရှိသည်။ "ရောမရောက်လျှင် ရောမလိုကျင့်" ဆိုသည့်စကားလည်းရှိသည်။ လူတို့ကျင့်သုံးရမည့် အပြုအမူဟု ဆိုကြပါသည်။ နေရာဒေသ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကျင့်ကြံပြုမူကြရမည်ဖြစ်သည်။

"နေရာဒေသအသစ်တစ်ခုရောက်သည်နှင့် ဦးစွာဒေသ၏ ပကတိအခြေအနေမှန်ကို လေ့လာပါ။ ပြီးမှ မိမိလုပ်သင့် လုပ်ထိုက်သည်ကို အစပြုပါ"ဟု အမှာစကားကို မှတ်သားဖူးသည်။ ထိုသို့ မဟုတ်ဘဲ မိမိဖြစ်ချင်သည်ကို ဦးစားပေးလျှင် ဒေသ၏ ပကတိအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်မလာပါက တန်ပြန်သက်ရောက်မှု မကောင်းနိုင်ကြောင်း ဘဝအတွေ့အကြုံနှင့်ယှဉ်၍ သိရှိရသည်။

၂၁ ရာစုကို ပညာခေတ်ဟု ပညာရှင်များက တင်စားကြသည်။ နည်းပညာအဆင့်အတန်းမြင့်မားလာမှုကြောင့် ကမ္ဘာကြီးသည် အိမ်ဦးကြမ်းပြင် တိုးလျှိုပေါက်ဟုဆိုရလောက်သည်။ ကမ္ဘာ့အရှေ့ခြမ်းက ဖြစ်စဉ်များ စက္ကန့်မခြား ကမ္ဘာ့အနောက်ဘက်ခြမ်းက သိနေမြင်နေရပြီ။ ကမ္ဘာကြီးသည် နည်းပညာကျေးဇူးကြောင့် မိသားစုရွာလေးတစ်ရွာပမာ ဖြစ်လာခဲ့ပါပြီ။

နည်းပညာကျေးဇူးကြောင့် အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာနေသလို ထိုနည်းပညာစွမ်းပကားနှင့် တားဆီးမရ ပြုပြင်သွား၍မရနိုင်။ လက်မှိုင်ချထားရသည့် ပြဿနာများကလည်း ရှိနေပါသေးသည်။ ယင်းမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲလာခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မျိုးမဟုတ်ဘဲ သဘာဝလွန်ဖြစ်ရပ်များဒဏ် အလူးအလဲခံလာနေကြရသည်။ ဤဖြစ်စဉ်များဖြစ်ပေါ်လာရခြင်းအကြောင်းရင်းမှာ လူသားတို့၏ လောဘလွန်ကဲမှုကြောင့် အပြိုင်အဆိုင်ထုတ်လွှတ်လာသော ကာဗွန်လွန်ကဲခြင်းက အစပြုလာခြင်း၊ နည်းပညာ၏ ဆိုးကျိုးသက်ရောက်မှု တစ်ခုဟုလည်း ဆိုနိုင်သည်။

နည်းပညာကြောင့် စက်ရုံအလုပ်ရုံများ အပြိုင်အဆိုင်မှိုလိုပေါက်လာသည်။ စက်ရုံများလည်ပတ်ဖို့ ရုပ်ကြွင်းလောင်စာရေနံကို အလျှံပယ်သုံးလာသည်။ ထွက်လာသမျှစွန့်ပစ်ကာဗွန်များ ကမ္ဘာ့အပြင်ဘက်ရောက်မသွား။ ကမ္ဘာ့လေထုအတွင်းမှာဖွဲ့တည် ဖန်လုံအိမ်ဓာတ်ငွေ့အလွှာဖြစ်တည်လျက် မြေကမ္ဘာကို အပူချိန်မြင့်တက်လာစေသည်။ ကမ္ဘာ့လေထု၊ ရေထု၊ မြေထု၊ အပူချိန်မြင့်တက်လာနေမှုက သမုဒ္ဒရာအတွင်း အယ်လ်နီညို (El nino) ဖြစ်စဉ်၊ လာနီညာ (La Nina) ဖြစ်စဉ်များ မူမမှန်ဖြစ်ပေါ်စေသည်။ အယ်လ်နီညိုကြောင့် သမုဒ္ဒရာရေပြင်ပူနွေးလာပြီး မုန်တိုင်းများကို ဖြစ်ပေါ်စေသည်။ လာနီညာကြောင့် သမုဒ္ဒရာရေပြင် ပိုအေးလာပြီး မိုးသည်းထန်စေသည်။ ဖန်လုံအိမ်ကအစပြု ဖွဲ့တည်ပေးလိုက်သော ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများ ဖြစ်သည်။

တားဆီးမရနိုင်ဖြစ်နေသော ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရာတွင် ယင်းနှင့်လိုက်လျောညီထွေနေထိုင်မှုပုံစံ၊ အထူးသဖြင့် လူသားတို့၏စားနပ်ရိက္ခာထုတ်လုပ်မှုတွင် သမားရိုးကျပုံစံနှင့် မဖြစ်နိုင်တော့ဘဲ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးရေးနည်းပညာကို ပြောင်းလဲကျင့်သုံးရေး ကြိုးစားလာနေရပြီ။

ယခုနှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ကျင်းပသော "ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးနည်းပညာများ မြှင့်တင်ရေး" ဆွေးနွေးပွဲက သက်သေပြနေသည်။

"သင်မဖြတ်နိုင်သောလက်ကို နမ်းလိုက်ပါ"ဟု ဆိုထားသော အာဖရိကစကားပုံတစ်ခုလို ပြောင်းလဲလာနေသော ရာသီဥတုဖောက်ပြန်မှုဒဏ်ကို တွန်းလှန်မရနိုင်သည့်အတူတူ ပကတိအခြေအနေကို လက်သင့်ခံရင်း မိမိတို့၏ရပ်တည်မှုကို လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲကျင့်သုံးသွားကြရမည်သာ။ ဤသည်ပင် ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် လူသားများ၏ ဖောက်ပြန်ရာသီဥတုဒဏ် ကြံ့ကြံ့ခံအနိုင်ယူခြင်းတစ်ရပ်ပင် မဟုတ်ပါလော။

လတ်တလောသတင်းတစ်ရပ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မြို့နယ် ၃၄ မြို့နယ်အား လက်တွန်းထွန်စက် ၂၃ စီး ပေးအပ်ပွဲကျင်းပသည်ကို တွေ့လိုက်ရသည်။ လယ်ယာကဏ္ဍကို နည်းပညာဖြင့် အဆင့်မြှင့်တင်နိုင်ခြင်းသည် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးနည်းပညာများ မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်း တစ်ရပ်ဟု ဆိုနိုင်ပါသည်။

စိုက်ပျိုးရေးကိုအခြေခံသော မိမိတို့နိုင်ငံအတွက် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲဆောင်ရွက်လာခြင်းသည် တောင်သူလယ်သမားအများစု မှီတင်းရာ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကို ကြီးစွာအထောက်အကူဖြစ်စေမည်မှာ အမှန်ဖြစ်ပါသည်။ ။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည်

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မတ် ၅ ရက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်၊ ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို ပြန်လည်ထူထောင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်အတွက် ဖွဲ့စည်းပေးထားသည့် အထောက်အကူပြုကော်မတီဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အေးချမ်းစွာနေထိုင်ရာမှ ကစဉ့်ကလျားဖြစ်သွားခဲ့ရပါကြောင်း။

ပြည်သူများ၏ လူနေမှုဘဝလုံခြုံရေး၊ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို သက်ဆိုင်ရာဒေသအစိုးရအဖွဲ့တာဝန်ရှိသူများက မြန်မြန်ထက်ထက်တည်ငြိမ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးနှင့်အထိရောက်ဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တာဝန်ယူကြရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကိုးကန့်ဒေသအတွင်း အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အောင်နှင့် ထာဝရငြိမ်းချမ်းရေးရအောင် ရည်မှန်းချက်ထားရှိဆောင်ရွက်နေစဉ်အတွင်း ကိုးကန့်ဒေသတွင်ဖြစ်ပွားသည့် ဖြစ်စဉ်သည် လွန်စွာဝမ်းနည်းဖွယ်ရာကောင်းပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိဌာနအလိုက်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကော်မတီနှင့် ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်သွားကြရန်လိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးစစ်အောင်မြတ်က ကိုးကန့်ဒေသနယ်ခြေအခြေအနေများ၊ ကိုးကန့်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာများက မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍများအလိုက် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၊ လုံခြုံရေး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ကိုးကန့်ဒေသရှိ ဌာနဆိုင်ရာရုံးများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝကို ကူညီဆောင်ရွက်ပေးပြီး ဒေသကို ဦးမော့လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

စွန့်စွန့်စားစားတာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးကိစ္စသည် လူသားတိုင်းမလွဲမသွေ ရင်ဆိုင်နေကြရပြီး ကိုးကန့်ဒေသတွင် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများရှိလာအောင် အမြန်ဆုံးပြန်လည်ထူထောင်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်သမ္မတကြီးက လျှောက်ထားသည့် ငွေကျပ်သိန်း ၃၀၀ အား ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပေးအပ်လျှောက်ထားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင်ပစ္စည်းသိုလှောင်ရုံများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၇-၃-၂၀၁၅ (စနေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	ကျန်းမာဖွံ့အတူကစားစို့
၆း၃၅	"ဆောင်းဦးဂက်တို့နားခိုရာ"
၇း၀၀	နံနက်ခင်းသတင်း၊ မိုးလေဝသအခြေအနေ
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၃၅	"ချမ်းသာခြင်းနိမိတ်ပုံဆောင်မြစ်မိုးရောင်"
၉း၃၅	မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၀း၃၅	သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၁း၃၅	ချစ်စရာအရွယ်ကစားကြမယ်
၁၂း၃၅	ပြည်သူ့အတွက်ကြီးပမ်းမှုပုံရိပ်များ
၂း၁၀	"အန္တရာယ်ကင်းစေ ဘေးရှင်းစေ" -ဂန္ဓဝင်အလှမြန်မာရာမ (အပိုင်း-၇)(ရဲသီဟကို၊ မင်းဟိန်းခန့်၊ ပိုင်ဖြိုးသု၊ စုလဲ့ရတနာ) [ဘိုရိုက်တာ-ဇော်ဇော် (Ad.Leono)]

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၆

ရန်ကုန်	ရွှေဈေး	၆၆၉၅၀၀	-	၆၇၀၅၀၀
မန္တလေး	ရွှေဈေး	၆၆၉၀၀၀	-	၆၇၀၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၇၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၆၀၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၇. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၃၁. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၃. ၉၀
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၆၅၈
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၀. ၇၀
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၄၅၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၅၄. ၉၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၂၁၁
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၇၉၉. ၀၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၄၉. ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

❋ ရှေ့ဖုံးမှ

ကုလားတန်မြစ်ဘက်သို့ အလျားပေ ၁၁၅၀ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဆတ်ရိုးကျချောင်းဝမှ ကုလားတန်မြစ်ကြောင်း စီမံကိန်း ဆိပ်ကမ်းအထိ မြို့ပြမြေယာတိုးချဲ့ဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးပါက ဖြစ်ထွန်းလာမည့်အခြေအနေ၊ ဒေသခံပြည်သူများအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်မှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ဒေသခံပြည်သူများ ကျန်းမာရေးနှင့်အညီ နေထိုင်သွားလာနိုင်စေရေး၊ စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုဆောင်ရွက်နေသည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသည် အလားအလာကောင်းမွန်သည့် စီမံကိန်းဖြစ်သောကြောင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ဒေသခံ လုပ်ငန်းရှင်များနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း။

ထို့ပြင် မိမိတို့ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကြောင့် ကုလားတန်မြစ်ရေညစ်ညမ်းမှုမရှိစေရေး၊ ရေလမ်းကြောင်းများ ထိခိုက်မှုမရှိစေရေး၊ မြစ်ကြောင်း သဘာဝအလှများကို အကျိုးရှိရှိအသုံးပြုနိုင်စေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် မှာကြားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့ ပွိုင့်အင္ကသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခ္ဍ အေးငြိမ်းဆောက်လုပ်ရေးကုမ္ပဏီမှ ဦးထွန်းကျော်က ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝအလှတရားများကို ပေါင်းစပ်ခံစားနိုင်စေရန် စစ်တွေမြို့ပွိုင့်အင္ကအား အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့ ပွိုင့်အင္ကသန့်ရှင်းသာယာလှပရေးနှင့် အစဉ်ပ်ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ အထူးရေယာဉ်ဖြင့် ဆတ်ရိုးကျချောင်း သောင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေကြောင်းထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

■

❖ အထပ်မြင့်မှ

အရောင်းပြခန်းဖွင့်လှစ်ခြင်းကို မတ် ၆ ရက်နံနက်က အဆိုပါ ကွန်ဒိုများ တည်ရှိရာ မြေနေရာဝင်းအတွင်း ပြုလုပ်ခဲ့ပြီး အထူးအစီအစဉ် အနေဖြင့် ဝယ်သူစိတ်ကြိုက် ငွေပေးချေမှုပုံစံဖြင့် ဆောင်ရွက်ပေးမည်ဟု Capital Development Ltd မှ ဒုတိယမန်နေဂျာချုပ် ဒေါ်ခိုင်မိမိကြည်၏ ပြောကြားချက်အရ သိရသည်။

"အခန်းဝယ်ယူသူတွေ မြေအချိုးကျပိုင်ဆိုင်ခွင့်ရှိမှာဖြစ်ပြီး သားစဉ်မြေးဆက် ဆက်ခံပိုင်ဆိုင်ခွင့်ရှိမယ့် အာမခံချက်ရှိပါတယ်။ နောက်ပြီး ဝယ်ယူလိုသူတွေအနေနဲ့ မိမိရဲ့ ငွေပေးချေလိုတဲ့ ပုံစံကို ကျွန်မတို့နဲ့ ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်ပေးခြင်းပါပဲ"ဟု ဒေါ်ခိုင်မိမိကြည်က ပြောသည်။

The GEMS Garden Condominiums သည် Capital City စီမံကိန်း၏ ကနဦးပထမအဆင့် စီမံကိန်းတစ်ခုဖြစ်ပြီး စျေးဝယ်စင်တာအပါအဝင် လူနေတိုက်ခန်းများနှင့် ရုံးခန်းအဆောက်အအုံများလည်း ပါဝင်မည့် မြို့တော်စီမံကိန်းတစ်ခုဖြစ်သည်ဟု Capital Development Limited မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။ Capital Development Limited (CDL) သည် CDSG လုပ်ငန်းစု၏အဖွဲ့ဝင် ကုမ္ပဏီတစ်ခုဖြစ်ပြီး ရန်ကုန်နှင့် နေပြည်တော်၌ ကုန်တိုက်များ၊ ရန်ကုန်မြို့ ရွှေဂုံတိုင် ခုံးကျော်တံတားနှင့် မြေနီကုန်းခုံးကျော်တံတား စီမံကိန်းတို့ကို ဆောင်ရွက်ခဲ့သော ကုမ္ပဏီဖြစ်သည်။ **(၀၀၁)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တိုက်ကြီး-ဥတို-ချောင်းသုံးခွ-အဖျောက်လမ်းပေါ်ရှိ တံတားများတည်ဆောက်ရေးအတွက် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

(က) မိုင်တိုင် ၃/၇ နှင့် ၄/၀ ကြားရှိ ဒုံဗျိုက်တံတား အရှည် ၂၆၀ ပေ

(ခ) မိုင်တိုင် ၁၁/၀ နှင့် ၁၁/၁ ကြားရှိ အင်းလန်တံတား အရှည်၂၂၀ ပေ

၂။ တံတားအမျိုးအစားမှာ (၂)လမ်းသွား RC ကွန်ကရစ်တံတားဖြစ်ပြီး အနည်းဆုံးခံနိုင်ဝန်မှာ တန် (၆၀) ဖြစ်ပါသည်။

၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်း အဆိုပြုလွှာ (TECHNICAL PROPOSAL)နှင့် စျေးနှုန်းအဆိုပြုလွှာ (FINANCIAL PROPOSAL)တို့အား တံတားတစ်ခုချင်းစီအလိုက် သီးခြားစီချိပ်ပိတ်၍ ၁၃-၃-၂၀၁၅ ရက်၊ ၁မိုး၃၀ နာရီ နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံးသို့ မှတ်တမ်းတင်၍ တင်သွင်းရပါမည်။

၄။ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ကုမ္ပဏီများ၏ အဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်ဖောက်၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား ရွေးချယ်ပါမည်။ လျှောက်လွှာတင်သွင်းရာတွင် တံတားတစ်စင်းချင်းစီအတွက် စိတ်ဝင်စားကြေး ကျပ်သန်း(၁၀၀)ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိပါက စိတ်ဝင်စားကြေးအား ပြန်လည်ထုတ်ပေးပါမည်။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များအား ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါ သည်။

၅။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်အား ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ မတ် ၃၀ ရက်တွင် ခြေစမ်းမည်

၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် မတ် ၃၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားရှိ Delta ဘောလုံးကွင်းတွင် ခြေစမ်းကစားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲ ယှဉ်ပြိုင်ရန် အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာ့လက်ရွေးစင် အသင်းကို ဖွဲ့စည်းရခြင်း မရှိသေးသော်လည်း ယခုရက်ပိုင်းအတွင်း ဖွဲ့စည်းကာ မတ် ၁၂ ရက်တွင် စတင်လေ့ကျင့်သွားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်က ကိုင်တွယ်သွားမည်ဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲအာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲများကို ဇွန်လအတွင်း၌ စတင်ကျင်းပမည်ဖြစ်ကာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကစားရမည်ဖြစ်သည်။

နည်းပြချုပ် အေဗရာမိုဗစ်သည် မြန်မာ့လက်ရွေးစင်အသင်းကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကိုင်တွယ်လျက်ရှိပြီး ၎င်းလက်ထက်တွင် ဖိလစ်ပိုင်ဗြိမ်းချမ်းရေးဖလားပြိုင်ပွဲ၌သာပိုလ်စွဲခဲ့ပြီး AFC Challenge Cup ပြိုင်ပွဲနှင့် ဆူဇူကီးဖလားပြိုင်ပွဲတို့တွင် အုပ်စုမှထွက်ခဲ့ရသည်။ **သတင်းဓာတ်ပုံ-ချစ်ကိုကို**

ဖိလစ်ပိုင် ဗြိမ်းချမ်းရေးဖလားပြိုင်ပွဲတွင် ဗိုလ်စွဲစဉ်က မြန်မာ့လက်ရွေးစင်အသင်းကို တွေ့ရစဉ်။

ရှေထိပ်တန်း ● ချောင်းသာ(ဇနီးဝဲ)
ရှေစက်တော် နှင့် လမ်းဘုရားဈုံ (သောကြာ)
အလောင်းတော်ကဿပ၊ ဝစ်ကိုင်း၊ မုံရွာ(သောကြာ)
တောင်ကြီး၊ ဘင်းလေး၊ ပင်းတယ၊ ထမ်ဝမ်းလှိုက်ဂူ(သောကြာ)
ကျိုက်ထီးရိုး (၇နေ့)
ငွေဆောင် (သောကြာ)
ဖိုးလုံးဒူးလက်ခံသည်
01-701015,01-710436,09-5403844,09-5044830

Wonderful Days Travels & Tours
- တောင်ကြီး ခရီးစဉ် Mar- 26,Apr- 12,13,17
- ပုဂံ - တောင်ကြီး Apr- 13
- မန္တလေး - တောင်ကြီး Apr- 12
- အလောင်းတော်ကဿပ Mar-26, Apr-12
- မော်လမြိုင် ခရီးစဉ် Apr- 17
See Travelling, Feel Happy !
Ph: 220 905, 09 731 93 262, 09 731 78 716.

ဘင်္ဂလား ပင်လယ်အော် အခြေအနေ
ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ယူကရိန်းသို့ စစ်လက်နက် ထောက်ပံ့ရန် အိုဘားမားကို တိုက်တွန်း

ဝါရှင်တန် မတ် ၆

ရုရှားလိုလားသော သူပုန်များနှင့် တိုက်ပွဲဝင်လျက်ရှိသည့် ယူကရိန်းနိုင်ငံသို့ စစ်လက်နက်များ ထောက်ပံ့ရန် ထင်ရှားသော ရိပတ်ဘလီကန်များနှင့် ဒီမိုကရက်များက သမ္မတဘာရက် အိုဘားမားကို တိုက်တွန်းကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘိုးနားနှင့် အခြားလွှတ်တော်အမတ်များက ယူကရိန်းနိုင်ငံအတွင်း ရုရှား၏ လုပ်ဆောင်မှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်သည်ဟု ပြောကြသည်။

မကြာသေးမီက ရရှိခဲ့သော အပစ်အခတ်ရပ်စဲရေးသည် နိုင်ငံအရှေ့ပိုင်းတွင် သူပုန်များ အင်အားတောင့်တင်းသွားစေခဲ့ခြင်းသာဖြစ်သည်ဟု ၎င်းတို့က ဝေဖန်သည်။

ယူကရိန်းနှင့် အနောက်အုပ်စုတို့က ရုရှားသည် သူပုန်များကို တပ်ဖွဲ့နှင့် လက်နက်များ ထောက်ပံ့သည်ဟု စွပ်စွဲပြီး မော်စကိုက မဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။ သူပုန်တပ်များတွင် တာဝန်ယူတိုက်နေသော ရုရှားများသည် ၎င်းတို့ ဆန္ဒအလျောက် ကူညီသူများသာဖြစ်သည်ဟု ဆိုသည်။

ဘီဘီစီ။

မြောက်ကိုရီးယားသံတမန်ထံမှ ဒေါ်လာ ၁ ဒသမ ၄ သန်းတန် ရွှေများ သိမ်းဆည်းရမိ

ဒါကာ မတ် ၆

ဘင်္ဂလားဒေ့ရှ် အကောက်ခွန်အရာရှိများက နိုင်ငံအတွင်းသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းတန်ဖိုးရှိသည့် ရွှေများ တရားမဝင်တင်သွင်းရန် ကြိုးပမ်းခဲ့သည့် မြောက်ကိုရီးယား သံတမန်တစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း အဆင့်မြင့်တာဝန်ရှိသူ တစ်ဦးက ယနေ့ပြောကြားခဲ့သည်။

"ကျွန်တော်တို့ မြောက်ကိုရီးယား ပထမအတွင်းဝန် ဆွန်ယောင်နမ်ဆီမှ အလေးချိန် ၂၇ ကီလိုဂရမ်နီးပါးရှိတဲ့ ရွှေတွေ လက်ရသိမ်းဆည်းခဲ့ပါတယ်" ဟု အကောက်ခွန် ထောက်လှမ်းရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် မွိုင်နူခန်းက ဆိုသည်။

အဆိုပါသံတမန်သည် စင်ကာပူနိုင်ငံမှ စင်ကာပူလေကြောင်းလိုင်းဖြင့် ရောက်ရှိလာပြီး မြို့တော်ဒါကာရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဖြတ်သန်းစဉ် အကောက်ခွန် အရာရှိများက လက်ကိုင်ခရီးဆောင်အိတ်ကို စစ်ဆေးရန် ပြောကြားသောအခါ ၎င်းက စစ်ဆေးစရာမလိုဟုဆိုကြောင်း အမျိုးသား အကောက်ခွန်ဘုတ်အဖွဲ့ဥက္ကဋ္ဌ နာဂျီဘူရာမန်က ပြောကြားသည်။

"နောက်ပိုင်း ကျွန်တော်တို့ နိုင်ငံခြားရေး ဝန်ကြီးဌာနကို အကြောင်းကြားလိုက်ပြီး ဗီယင်နာကွန်ဗင်းရှင်းအရ သူ့ကိုလွှတ်ပေးခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အကောက်ခွန်ဌာနက ဆွန်အား အမှုဖွင့်ထားသည်။ မကြာသေးမီလများအတွင်း အထူးသဖြင့် ဒူဘိုင်းမှ တရားမဝင်ရွှေမှောင်ခိုတင်သွင်းမှုများ မြင့်တက်လာသော်လည်း ယခုကဲ့သို့သံတမန်တစ်ဦး ရွှေသယ်ဆောင်လာမှုမှာ ပထမဆုံးဖြစ်ရပ်ဖြစ်သည်။

မကြာမီအချိန်တွင် ဘင်္ဂလားဒေ့ရှ် အစိုးရအနေဖြင့် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြောက်ကိုရီးယားအစိုးရကို အကြောင်းကြားမည်ဖြစ်ကြောင်းသိရသည်။ **ရိုက်တာ။**

အိုင်အက်စ်စစ်သွေးကြွများက ရေနံတွင်းများမီးရှို့ အီရတ်တပ်များတိုကရစ်သို့ချီတက်

တိုကရစ် မတ် ၆

အီရတ်နိုင်ငံ တိုကရစ်မြို့ပြင်ရှိ ရေနံတွင်းများကို အိုင်အက်စ်အကြမ်းဖက်များက မီးရှို့ကြသည်ဟု သတင်းများ ထွက်ပေါ်နေစဉ် အီရတ်တပ်ဖွဲ့များသည် အိုင်အက်စ်တို့ လက်တွင်းကျရောက်နေသော ယင်းမြို့ကို ပြန်လည်ထိန်းချုပ်ရန် ရည်ရွယ်လျက် ထိုးစစ်ဆင်လျက်ရှိရာ မြို့စွန်များဆီသို့ ချီတက်လျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ရှီးယိုက်ပြည်သူ့စစ်များ၏ အကူအညီများနှင့် အီရတ်တပ်ဖွဲ့များသည် ယနေ့နှောင်းပိုင်းတွင် တိုကရစ်မြို့သို့ ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း ဆာလာဟတ်ဒင် အုပ်ချုပ်ရေးမှူးက ပြောသည်။

ဘဂ္ဂဒက်မြို့၏ မြောက်ဘက် မိုင် ၈၀ အကွာတွင် တည်ရှိ၍ ဆက်ဒမ်ဟူစိန် ၏ ဇာတိဖြစ်သော တိုကရစ်မြို့သည် လွန်ခဲ့သည့် ဇွန်လတွင် အိုင်အက်စ်တို့၏ ထိန်းချုပ်မှု အောက်သို့ ကျရောက်သွားခဲ့သည်။

တိုကရစ်မြို့ကို ပြန်လည်သိမ်းပိုက်ရန် ကြိုးစားသည့်အနေဖြင့် အကြီးစားစစ်ဆင်ရေးကို တနလ်ာနေ့က စတင်ခဲ့ရာ ယင်းထိုးစစ်မှာ အတော်အတန် ရပ်တန့်သွားခဲ့သည်။ စစ်ဘက်အရာရှိများက ပြောကြားရာတွင် စစ်သွေးကြွများက မြို့သို့ ချီတက်ရာ လမ်းကြောင်းတွင် မြေမြှုပ်မိုင်းများ၊ ဗုံးများ ထောင်ထားကြသည်ဟု ပြောသည်။

စစ်သွေးကြွများသည် တိုကရစ်မြို့ အပြင်ဘက်ရှိ ရေနံတွင်းများကို ကြာသပတေးနေ့က မီးရှို့ခဲ့ကြသည်ဟု အမည်မဖော်လိုသူ အီရတ် ရေနံတာဝန်ရှိသူ တစ်ဦးက ပြောသည်။

တိုကရစ်မြို့ အရှေ့မြောက်ဘက် ၂၂ မိုင် အကွာရှိ အဂျီး ရေနံမြေသည် အိုင်အက်စ်တို့ သိမ်းထားသော ရေနံမြေလေးခုတွင် ပါဝင်ပြီး ၎င်းတို့၏ ဘဏ္ဍာရေးအတွက် ရေနံစိမ်းများ တရားမဝင်ရောင်းချရာ အရင်းအမြစ်တစ်ခုဖြစ်သည်။ **ဘီဘီစီ။**

လစ်ဗျားနိုင်ငံတွင်းမှ ဂိုဏ်းဂဏအုပ်စုများ၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ မော်ရိုကိုဌ် ကျင်းပ

ဆက်ဟီရိတ်(မော်ရိုကို) မတ် ၆

လစ်ဗျားနိုင်ငံ၌ စင်ပြိုင်အစိုးရနှစ်ဖွဲ့ အကြား ဖြစ်ပွားနေသည့် လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် ပြည်တွင်းစစ် ဖြစ်ပွားလာခြင်း မရှိစေရန် ရည်ရွယ်လျက် ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုသည့် ဆွေးနွေးပွဲတစ်ရပ်ကို မတ် ၅ ရက်တွင် မော်ရိုကိုနိုင်ငံ၌ ကျင်းပကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

မတ် ၅ ရက်တွင် လစ်ဗျားနိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ မစတင်မီ ပြိုင်ဘက်တပ်ဖွဲ့နှစ်ရပ်အကြား လေကြောင်းမှ အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ အနောက်နိုင်ငံအစိုးရအဖွဲ့များသည် မြေထဲပင်လယ် ဒေသကိုဖြတ်သန်း၍ ဥရောပတိုက်သို့ အစ္စလာမ္မစ်အကြမ်းဖက်ဝါဒ ခြိမ်းခြောက်လာမည့်အရေးအတွက် စိုးရိမ်ပူပန်လျက်ရှိကြသည်။

နိုင်ငံတကာမှ အသိအမှတ်ပြုခံရသော အစိုးရအဖွဲ့နှင့် ပြည်သူများက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်တို့က အာဖရိက အရှေ့ဘက်နှင့် မြောက်ဘက်မှ ရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်သော လစ်ဗျားနိုင်ငံကို တရားဝင် အုပ်ချုပ်ရန် နိုင်ငံတကာက လိုလားသည်။

ဘီဘီစီ။

အိန္ဒိယနိုင်ငံတွင် အကျဉ်းသားများက အဓမ္မပြုကျင့်သူကို သတ်ဖြတ်

နယူးဒေလီ မတ် ၆

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ နာဂပြည်နယ် အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားများက အဓမ္မမှုကျူးလွန်ခဲ့သည့် အကျဉ်းသားတစ်ဦး အားသတ်ဖြတ်ခဲ့ကြောင်း အရာရှိများကဆိုသည်။

အကျဉ်းသားများက အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ခဲ့သည့် အစ္စလာမ်လူမျိုးစီးပွားရေးသမားတစ်ဦးကို အဝတ်အစားများ ချွတ်ကာ လမ်းမပေါ်သို့ တရွတ်တိုက်ဆွဲခေါ်ပြီး မသေမချင်းရိုက်သတ်ခဲ့သည်။

အဆိုပါအကျဉ်းထောင်ထဲတွင် အကျဉ်းသားများက လုံခြုံရေးအရာရှိများထက် တန်ခိုးထွားနေကြောင်း ပြည်နယ်ဝန်ကြီးချုပ်ကဆိုသည်။

အခင်းဖြစ်ပွားပြီးနောက် လုံခြုံရေးအရာရှိများက အကျဉ်းသားများအားသေနတ်ဖြင့်ပစ်ခတ်ရာ တစ်ဦးသေဆုံးပြီး အကျဉ်းသားအများအပြားထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် နယ်မြေအတွင်းတည်ငြိမ်မှုရှိရန် ညမထွက်ရအမိန့်ထုတ်ပြန်ထားသည်ဟု ရဲအရာရှိတစ်ဦးကပြောသည်။

နာဂပြည်နယ်တွင် ခရစ်ယာန်ဘာသာဝင်အများစု နေထိုင်ကြသည်။

အိန္ဒိယနိုင်ငံတွင် အမျိုးသမီးအကြမ်းဖက်မှုဖြစ်စဉ် ၂၁ မိနစ်တွင် တစ်ကြိမ်ခန့် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ အက်စစ်ရည်ဖြင့်တိုက်ခိုက်ခြင်း၊အိမ်စေမျိုးအား အကြမ်းဖက်မှုနှင့် ဗလက္ကာရပြုမှုများမှာ အဖြစ်အများဆုံးပြစ်မှုများပင်ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ အမျိုးသမီးအကြမ်းဖက်မှု ၃၀၉၅၄၆ မှုရှိခဲ့သည်။

ရိုက်တာ။

ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် မတ် ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် General Sirichai Distakul အား လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်အတူ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံကြည်းတပ်စစ်သံမှူး Colonel Salawin Uttarak တို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် မတ် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်တို့ဦးဆောင်၍ ယနေ့ နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လာမည့်ဘဏ္ဍာရေးနှစ်၌ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအသစ်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေသော ပညာရေးလုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလည်းကောင်း၊ ပညာရေးစီမံကိန်းများ အကောင် အထည်ဖော်မှု သင်ရိုးညွှန်းတမ်းအဆင့်မြှင့်တင်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာအညွှန်းကိန်းများအားလည်းကောင်း၊ အခြေခံပညာကျောင်းများနှင့်မြို့နယ်၊ ခရိုင်ရုံးများတွင် Database ခိုင်မာမှုရှိစေရေးနှင့် အမျိုးသားပညာရေးကဏ္ဍ (NESP) ငါးနှစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးနှင့် ဆရာအတတ်သင်ပညာရေး တိုးချဲ့ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မဂ်လာဒုံမြို့နယ် ထောက်ကြန့်ရှိ ပညာရေးဆိုင်ရာအုပ်ချုပ်မှု သင်တန်းကျောင်း၌ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးများအား ခေါင်းဆောင်မှု၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို သင်ကြားပို့ချပေးနိုင်ရေး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများအဆင့် သင်တန်းများ ပြီးစီးပါက အဆင့်လိုက်ပညာရေး ဝန်ထမ်းများ၏ သင်တန်းများထပ်မံဖွင့်လှစ်ပို့ချနိုင်ရေးတို့အတွက် ကြိုတင်စီစဉ်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသိ အမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉۶၂ ခုနှစ်ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၅-၃-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၉၃ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၁၁၇ ဦး ပေါင်းသက်တမ်းတိုး ၂၁၀ အားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ၎င်းဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၎င်းဦး ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေလုပ်ငန်း ၁၉ ဦးတို့အားလည်းကောင်း၊ ထုတ်ဝေလုပ်ငန်း အမည်ပြောင်း နှစ်ဦးအားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ဂျာနယ်ထုတ်ဝေခွင့် လျှောက်ထားသူတစ်ဦးကို အမည်ပြင်ဆင်ပြန်လည်တင်ပြလာမှုအပေါ် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၈၆၉ ဦးနှင့် အသစ်လျှောက်ထားသူ ၁၁၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၈၇၀ နှင့် အသစ်လျှောက်ထားသူ ၃၂၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ခြောက်ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၁၈၄ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦး၊ ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ သတင်းအေဂျင်စီ အသစ်လျှောက်ထားသူ တစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ကျောက်စိမ်းဟုယူဆရသော ကျောက်အပိုင်းအစမျိုးစုံများ သိမ်းဆည်းရမိ

နောင်ချို မတ် ၆

နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်၌ စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့မှ ဦးမြင့်သူရညွှန်ကြားရေးမှူး လရ(၁)ဦးစီးသော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မတ် ၆ ရက် နံနက်ပိုင်းက ယာဉ်များအားစစ်ဆေးကြစဉ် မန္တလေးဘက်မှ မောင်းနှင်လာသော ကောင်းကင်ဇွဲ ခရီးသည်ယာဉ်ငယ် ယာဉ်အမှတ် DD/---- ယာဉ်အားစစ်ဆေးရာ ယာဉ်နောက်ခန်းတွင် လျှို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံး၊ ကျောက်အပိုင်းအစအရွယ်မျိုးစုံ ကီလို ၁၂၀ ခန့်အား ပိုင်ရှင်မဲ့ရှာဖွေသိမ်းဆည်းရမိကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ရန်းထိုက်တော်ဝင် စားသောက်ကုန်နည်းပညာ သင်တန်း

ရေခဲမုန့်၊ဗိန်ချည်ပစ်ရိုတိ၊ဘာဂါ၊သစ်သီးဖျော်ညှော်၊အအေးဆိုင်မုန့်/ထမင်းလိပ်၊အကင်ရှမ်းစားစရာ/ကိတ်၊ပေါင်မုန့်မုန့်ဖုတ်လုပ်ငန်းများ/ဆေးမန်ကျီ၊ရောက်သီးဆေးကြော၊ထပ်ပုရာပေါင်း/ဝေယျ၊ မရွေး/သစ်သီးယိုမျိုးစုံ/အချိုရည်ရွေးမုလင်းများ/ဂျယ်လီမုန့်များ/ဝိုင်ပြုပ်ဆီ၊ကော့ဖီမျိုးစုံ၊အသားတုံး၊ဘင်းဆမ်းအသားပေါင်း(ကျောက်ဆီထမင်း/တရုတ်ဟင်းချက်နည်း/ဆပ်ပြာ(အချိုရောင်/အသီးရောင်/အရည်)ဆေးသေနတ်ပေါ်၊ကလေးစားရောမုန့်များ၊BACKSပလွန်းမုန့်တော်မီ၊ကြာဥငင်ပြောရည်၊မပြား၊ပန်းနီ၊ပန်းပြာ၊ခြစ်ရေးမုန့်ကော်ရည်။

**သင်တန်း-(နိုဝင်ဘာ/ဒီဇင်ဘာ)၂၅လမ်း၊ဂျလမ်းခေါင့်၊မန္တလေး။ ၀၂-၃၁၅၀၅၂၊ ၀၉-၅၁၁ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁ ၂

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မြင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

မြန်မာ့ပညာရေးတစ်ခေတ်ဆန်းပို့ ဥပဒေပြုခြင်းဖြင့် အရောက်ချီ

သက်နိုင်ညွန့်

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ အကြံပြုချက် ဆောင်းပါးများ၊ ဆွေးနွေးပွဲသတင်းများနှင့် အဖွဲ့အစည်းအသီးသီး၏ ထုတ်ပြန်ချက်သတင်းများကို သတင်းစာနှင့် စာစောင်များမှ တစ်ဆင့် လေ့လာမှတ်သားရပါသည်။

မြန်မာ့ပညာရေးကို ကောင်းမွန်သည်ထက် ပိုမိုကောင်းမွန်စေရန် ယခုကဲ့သို့ ဝေဖန်ဆွေးနွေးထောက်ပြမှုနှင့် အကြံပြုချက်များပေးပို့ကြမှုအပေါ် ဝမ်းသာပီတိ ဖြစ်ရသည်။ ရှုထောင့်မျိုးစုံမှ ဝေဖန်ထောက်ပြမှုများကို ကျေနပ်စွာ လက်ခံရယူပြီး ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် အဆင့်ဆင့်မွမ်းမံဖြည့်စွက်ကြရမည်ဖြစ်သည်။

"အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို ဖေဖော်ဝါရီ ၁၆ ရက်က လွှတ်တော်သို့ တင်သွင်းခဲ့မှုအပေါ် အမျိုးသားလွှတ်တော်က မတ်လ ၅ ရက်မှ ၁၅ ရက်အထိ ကြားနာမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ရာ အမျိုးသားလွှတ်တော်အနေဖြင့် ဥပဒေပြုရေးအရ လုပ်ငန်းစဉ်များကို စတင်လိုက်ပြီဟု ဆိုရပါမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အရ ဥပဒေပြုရေးအာဏာမှာ ပြည်ထောင်စုလွှတ်တော်၌သာ တည်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄)၊ ဥပဒေပြုရေးခေါင်းစဉ်အောက်ရှိ **ပုဒ်မ ၈၀တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကိုလည်းကောင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကို လည်းကောင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းများကိုလည်းကောင်း ဆောင်ရွက်ရမည်** ဖြစ်ကြောင်း ဖော်ပြထားမှုကို လေ့လာတွေ့ရှိရသည်။

ထို့အပြင်**ဥပဒေပြုခြင်း ပုဒ်မ ၉၅ တွင် ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်**ဟုလည်းကောင်း၊ **ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်** ဟုလည်းကောင်း ဖော်ပြထားရှိပါသည်။

ဥပဒေကြမ်းတင်သွင်းခြင်းနှင့်ပတ်သက်၍ **ပုဒ်မ ၁၀၀ တွင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်**ဟူ၍လည်းကောင်း၊ **ပုဒ်မ ၁၀၁ တွင် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်**ဟူ၍လည်းကောင်း လေ့လာတွေ့ရှိရပါသည်။

> **မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကို ရည်ရွယ်သည့် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် "စိတ်ရှည်သည်းခံဇွဲသန်"စွာဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကိုနာခံသင့်။**
>
> **လွှတ်တော်က အတည်မပြုမီ တင်ပြစရာရှိသည်များကို အကောင်းဆုံး ကြိုတင်ပြင်ဆင်မှုများဖြင့် တင်ပြဆောင်ရွက်သင့်။**

အလားတူ **ပုဒ်မ ၁၀၂ တွင် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်ခြင်း၊ ယင်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားသတ်မှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်**ဟုလည်း လေ့လာသိရှိရပါသည်။

ထို့ကြောင့် ဥပဒေရေးဆွဲရာတွင် **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၄) ဥပဒေပြုရေးပြဋ္ဌာန်းချက်ကို လိုက်နာရသည်။ အခြေခံဥပဒေပုဒ်မ ၉၅ အရ ဥပဒေပြုသည်။ အခြေခံဥပဒေပုဒ်မ ၁၀၀ အရ ဥပဒေကြမ်းတင်သွင်းသည်။ ပုဒ်မ ၁၀၁၊ ၁၀၂ တို့အရ ဥပဒေကြမ်းတင်သွင်းပုံ၊ ဆွေးနွေးပုံများ ပြဋ္ဌာန်းထားသည်။ အခြေခံဥပဒေပုဒ်မ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈ တို့အရ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပုံအဆင့်ဆင့် ဖော်ပြထားသည်**ဟု အကျဉ်းချုပ်မှတ်သားရပါသည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကိုလည်း ထုတ်ပြန်ထားရှိသည်။ အဆိုပါနည်းဥပဒေ အခန်း ၁၈ တွင် လွှတ်တော်သို့ စတင်တင်သွင်းသည့် **ဥပဒေကြမ်းများအကြောင်း ဖော်ပြရာ၌ ဥပဒေကြမ်းများ ပေးပို့ခြင်း၊ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်း၊ ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဥပဒေကြမ်းဆွေးနွေးခြင်း၊ အမျိုးသားလွှတ်တော်သို့ ပေးပို့ခြင်း၊ ဆောင်ရွက်ခြင်း၊ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း၊ ပြင်ဆင်ချက်ကို သဘောတူခြင်း၊ သဘောမတူခြင်း၊ ဆက်လက်ဆောင်ရွက်ခြင်း** စသည်ဖြင့် ပါရှိမှုကိုလည်း လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေး ပြဋ္ဌာန်းချက်များနှင့်အညီ တိကျသည့်၊ မှန်ကန်သည့် ဥပဒေအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ဥပဒေတစ်ခု ပေါ်ထွက်လာစေရန် အဆင့်ဆင့်အချိန်ယူဆွေးနွေးအဖြေရှာပြီး ဘက်စုံထောင့်စုံမှ ရေပက်မဝင်အောင် ဆောင်ရွက်ကြရသည်။ ဥပဒေစကားလုံးတစ်လုံးကိုပင် ပညာရှင်များအနေဖြင့် "လ" နှင့် "နှစ်" နှင့်ချီ၍ ငြင်းခုံ ဆွေးနွေးဆုံးဖြတ်ကြရသည်။ ယခုပြဋ္ဌာန်းခဲ့သည့် "အမျိုးသားပညာရေးဥပဒေ"ကိုပင် အချိန်(၇)လခန့်အတွင်း (၉၉)ကြိမ်အထိ ဆွေးနွေးခဲ့ကြရသည်။ အလားတူ ငြိမ်းချမ်းစွာ စုပေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ရန်အတွက် (၃)လကျော် အချိန်ယူခဲ့ရပြီး (၂၈)ကြိမ် ဆွေးနွေးခဲ့ရကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကိုလည်း (၁၈)ကြိမ် ဆွေးနွေးခဲ့ရပြီး လေးလကျော် အချိန်ယူခဲ့ရကြောင်း လေ့လာသိရှိရပါသည်။

ထို့ကြောင့်လည်း လွှတ်တော်သက်တမ်း လေးနှစ်ကာလအတွင်း ဥပဒေကြမ်း (၁၈၆)ခု တင်သွင်းခဲ့မှုအနက် (၁၄၄)ခုကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့သော်လည်း ဥပဒေကြမ်း (၄၂)ခုကိုမူ ဆွေးနွေးဆဲဖြစ်ကြောင်း လက်လှမ်းမီသမျှ လေ့လာမှတ်သားရပါသည်။

သို့ရာတွင် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (National Network For Education Reform – NNER) နှင့် သပိတ်မှောက်အဖွဲ့မှ ဖေဖော်ဝါရီလ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်ရာ၌ **"အမျိုးသားလွှတ်တော်တွင် ကြားနာမည့် အစီအစဉ်သည် လွှတ်တော်သမိုင်းတွင် ထူးခြားသည့် (ပုံမှန်မဟုတ်သော) အစီအစဉ်အဖြစ် တွေ့မြင်ရသည့်အပြင် အချိန်ဆွဲသည့် အနေအထားမျိုးဖြစ်သည်ဟု ယူဆနိုင်ပြီး မျှားစွာမိုးရိမ်မကင်းဖြစ်ရကြောင်း၊ လွှတ်တော်တွင် ကြားနာမည့် အစီအစဉ်များသည် ရက်ကာလရှည်ကြာနေပါက လွှတ်တော်ကြောင့် ပြဿနာများ ပိုမိုကြီးထွားလာပြီး အပြစ်တင်ဖွယ်ဖြစ်လာနိုင်ကြောင်း"**ဖော်ပြထားမှုကို ဖတ်ရှုရသည်။

အလားတူ သပိတ်မှောက်အဖွဲ့မှ မောင်အောင်မြင်းဆန်းက **"သဘောတူထားတဲ့အတိုင်း ဥပဒေကြမ်းကို လွှတ်တော်ပို့လိုက်ပါပြီ။ ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား ပြဋ္ဌာန်းပေးဖို့ တောင်းဆိုထားပါတယ်၊ လွှတ်တော်မှာ ၁၀ ရက်ခန့် အချိန်ပေးထားပါတယ်၊ ပြဋ္ဌာန်းပေးနိုင် မပေးနိုင်စောင့်ကြည့်နေပါတယ်၊ ပြဋ္ဌာန်းမပေးနိုင်ဘူးဆိုရင် ပြန်ချီတက်မှာပါ"**ဟု ပြောကြားသကဲ့သို့ မဗြိုးဗြိုး အောင်ကလည်း **"ဖေဖော်ဝါရီ ၁၆ ရက်က တင်ခဲ့တဲ့ ဥပဒေကြမ်းကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား ပြဋ္ဌာန်းပေးဖို့ ဆိုတာကလည်း လွှတ်တော်အတွက် လုံလောက်တဲ့ အချိန်ဖြစ်ပါတယ်။ မဟုတ်ရင်တော့ မူလရည်ရွယ်ချက်အတိုင်း စစ်ကြောင်းအားလုံး ချီတက်ပါမယ်"**ဟု ပြောကြားခဲ့ကြသည်။

သို့ဆိုလျှင် NNER နှင့် သပိတ်မှောက်အဖွဲ့အနေဖြင့် ၎င်းတို့တင်သွင်းမည့် ဥပဒေကို ၁၀ ရက်တည်းဖြင့် အတည်ပြုရန်တောင်းဆိုမှု၊ လွှတ်တော်က အချိန်ဆွဲနေသည်ဟု ရှုမြင်မှုနှင့် ရက်ကာလကြာမြင့်မှုကြောင့် ပြဿနာများ ကြီးထွားလာနိုင်ကြောင်း ဖော်ပြမှုများသည် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်အဆင့်ဆင့်အပေါ် ဝင်ရောက်စွက်ဖက်ရာ ရောက်သကဲ့သို့ တွန်းအားပေးခြိမ်းခြောက်ခြင်း၊ ဖိအားပေးအကျပ်ကိုင်ခြင်း၊ သြဇာအာဏာပေးခြင်း သဘောသက်ရောက်ကြောင်း ရှုမြင်ရသည်။ ထိုကဲ့သို့ ဥပဒေတစ်ရပ်ကို တစ်ထိုင်တည်းရေးဆွဲ၍ ဖုတ်ပူမီးတိုက်ဖြင့် အပြီးသတ်နိုင်ရန်အတွက် အချိန်ကန့်သတ်ပေးပြီး ရာဇသံကဲ့သို့ အမိန့်အာဏာဖြင့် အတင်းအကျပ်စေခိုင်းသည့်ပုံစံမျိုးမှာ မလုပ်သင့်မလုပ်ထိုက်၊ မဖြစ်သင့် မဖြစ်ထိုက်ဟု ဆိုရပေမည်။

ဥပဒေပြုခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)တွင် နိုင်ငံတော် သမ္မတသည်ပင် လုပ်ထုံးလုပ်နည်းကို ကျော်လွန်စွက်ဖက်၍ မရနိုင်ကြောင်း ပုဒ်မ(၁၀၅)တွင် ပြဋ္ဌာန်းထားမှုအရ လေ့လာသိရှိရပါသည်။ ၎င်းတွင် **"နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရောက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်"**ဟု ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ လုပ်ငန်းစဉ်များကိုလည်း ပြဋ္ဌာန်း သတ်မှတ်ပေးထားပြီးဖြစ်ရာ ဥပဒေကြမ်းကော်မတီ၏ ဆွေးနွေးချက်၊ သုံးသပ်ချက်၊ ထောက်ခံချက်များသည်လည်း ပဓာနကျလှသည်။ ဥပဒေပြုခွင့် အာဏာမှာ ပြည်ထောင်စုလွှတ်တော်တွင်သာ တည်ရှိရာ Final Goal အဖြစ် ဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

သို့ဆိုလျှင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် NNER နှင့် ကျောင်းသားများအပြင် ပြည်သူ့အားလုံးကလည်း အကြံပြုချက်များ ပေးခွင့်ရှိသည်။ အလားတူ ပြည်တွင်း၊ ပြည်ပရှိ ဥပဒေပညာရှင်များသည်လည်း အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုကြရပါမည်။ လွှတ်တော်များ၏ ကြားနာပွဲများတွင်လည်း အကြံဉာဏ်များပေးကြမည် ဖြစ်ပါသည်။ ဤအခွင့်အရေးကို လက်လွတ်မခံသင့်ဘဲ အမိအရ ဆုပ်ကိုင်သင့်သည်ဟု ရှုမြင်ပါသည်။

ယခုလည်း အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများက အကျေအလည် ဆွေးနွေးကြပါလိမ့်မည်။ NNER နှင့် ကျောင်းသားကိုယ်စားလှယ်များ၏အကြံပြုချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနားလည်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အပြန်အလှန်အားဖြင့် လွှတ်တော်များကလည်း အကြံပြုချက်များအားလုံးကို သိရှိနားလည်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်။ အချိန်ယူသင့်သမျှ ယူကြရမည်။ ရိုးရိုးသားသား၊ ပုဂ္ဂိုလ်ရေးမဖက်၊ ဘက်မလိုက်ဘဲ မျှတစွာ ပေးပို့လာသော အကြံဉာဏ်များအပေါ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကို ရည်ရွယ်သည့် အမျိုးသားပညာရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် **"စိတ်ရှည်သည်းခံ ဇွဲသန်"**စွာဖြင့် လွှတ်တော်၏အဆုံးအဖြတ်ကို နာခံသင့်ပါသည်။ လွှတ်တော်၏အဆုံးအဖြတ်ကိုလည်း ဒီမိုကရေစီစနစ်၏ အနှစ်သာရ၊ ကျင့်စဉ်တို့နှင့်အညီ ကျေကျေနပ်နပ် လက်ခံပေးကြရန်လည်း လိုအပ်ပါသည်။ လွှတ်တော်က အတည်မပြုမီ တင်ပြစရာရှိသည်များကို အကောင်းဆုံး ကြိုတင်ပြင်ဆင်မှုများဖြင့် တင်ပြဆောင်ရွက်သင့်ပါသည်။

သို့ပါ၍ အမျိုးသားပညာရေးဥပဒေပြုရေး ဆောင်ရွက်ရာတွင် ကွဲပြားခြားနားသောအမြင်များကိုစုစည်းပြီး အကောင်းဆုံးကို ဦးတည်ဆောင်ရွက်ကြမှသာ နိုင်ငံအတွက်၊ ပြည်သူ့အတွက် တာဝန်ကျေမည်ဖြစ်ပါသည်။ အဓိကမှာ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ရည်ရွယ်အကျိုးရှိမည့် ခိုင်မာပြည့်စုံသည့် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပေါ်ထွက်လာရေးပင်ဖြစ်၍ **"မြန်မာ့ပညာရေး တစ်ခေတ်ဆန်းဖို့ ဥပဒေပြုခြင်းဖြင့် အရောက်ချီ"**ဟု တိုက်တွန်းလိုက်ရပေသတည်း။ ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲ ထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသား ပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်-

စဉ်	ကြော်ငြာအမျိုးအစား	ရောင်စုံကြော်ငြာ		အဖြူ/အမည်း	
		လက်ရှိနှုန်းထား ၁"×၁ကော်လံ	လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ	လက်ရှိနှုန်းထား ၁"×၁ကော်လံ	လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ
၁။	နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ	USD 50	၃၀၀၀၀/-	USD 50	၃၀၀၀၀/-
၂။	ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့် ပတ်သက်သော ကြော်ငြာ	USD 100	၅၀၀၀၀/-	USD 100	၅၀၀၀၀/-
၃။	ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ	၂၀၀၀၀/-	၁၅၀၀၀/-	၁၇၀၀၀/-	၁၃၀၀၀/-

(ကြေးမုံ)

❖ ပြည်ထောင်စုလွှတ်တော်မှ

ပို့ကုန် သွင်းကုန်ဆိုင်ရာ တိုးတက်မှုအခြေအနေများကို လည်းကောင်း။

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပညာရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝန်ကြီးဌာန၏ စီမံဆောင်ရွက်ချက်များကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အလုပ်သမား အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရထားလမ်း ဖောက်လုပ်မှုဆိုင်ရာများတွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက နှစ်အလိုက် ခရီးသွားလုပ်ငန်းအတွက် တိုးတက်ရရှိလာသည့် ဝင်ငွေပိုင်းဆိုင်ရာများကို လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နှစ်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး။

ဒုတိယဝန်ကြီး ဦးဝင်းမြင့်။

အလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုးတက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

○ ကျောပုံးမှ

စိုက်ပျိုးရေးစခန်းဟောင်းတစ်ခုအနီးရှိ မြက်ခင်းတောတွင် စစ်တမ်းကောက်ယူနေစဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါငှက်မျိုးစိတ်၏ အသံသွင်းထားသည့်ခေါ်သံကို ဖွင့်ပြီး မကြာမီ Jerdon's babbler အရွယ် ရောက်တစ်ကောင်ကို မြင်တွေ့လိုက်ရသည်။ ထို့နောက် ၄၈ နာရီအတွင်း အဆိုပါဒေသအနီးတစ်ဝိုက် နေရာအနှံ့ အပြားတွင် Jerdon's babbler များကို ထပ်မံတွေ့ရှိရပြီး သွေးနမူနာများ ရယူခြင်းနှင့် ဓာတ်ပုံများမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

၁၈၆၂ ခုနှစ် ဇန်နဝါရီလတွင် ဗြိတိသျှလူမျိုး ဘဘာဝပညာရှင် T.C.Jerdon က သရက်မြို့အနီးရှိ မြက်ခင်းတောများတွင် စာကလေးအရွယ်ခန့် အညိုရောင်ငှက်ငယ်ကို တွေ့ရှိခဲ့ရသည်ဟု ကနဦးရေးသားဖော်ပြခဲ့သည်။

၂၀ ရာစု အစောပိုင်းကာလများတွင် အဆိုပါမျိုးစိတ်ကို ကျယ်ပြန့်သည့် သဘာဝမြက်ခင်းတောများတွင် အများဆုံး တွေ့ရှိရသော်လည်း ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စိုက်ပျိုးရေးလုပ်ငန်းများ ချဲ့ထွင်ခြင်းနှင့် လူများအခြေချနေထိုင်မှုများ တိုးတက်များပြားလာခြင်းကြောင့် အဆိုပါမြက်ခင်းတောများ တဖြည်းဖြည်းလျော့နည်းလာခဲ့ရသည်။

"ဒီကျယ်ပြန့်တဲ့ မြင်ခင်းတောတွေ လျော့ပါးလာတာဟာ Jerdon's babbler ငှက်မျိုးစိတ်တွေ ပျောက်ကွယ်သွားတဲ့ အကြောင်းရင်းတစ်ခုပါပဲ။ အခုတွေ့ရှိမှုဟာ ဒီမျိုးစိတ်တွေ မြန်မာနိုင်ငံမှာရှိနေဆဲပဲဆိုတဲ့ သက်သေသာမကဘဲ သူတို့နေထိုင်ကျက်စားရာ နေရင်းဒေသများလည်း ကျန်ရှိနေသေးတယ်ဆိုတာကိုလည်း ပြလိုက်တာပါပဲ။ ကျန်ရှိနေသေးတဲ့ သဘာဝမြက်ခင်းတောတွေကို ဒီမျိုးစိတ်တွေ့ရဲ့ အရေးကြီးတဲ့ နေရင်းဒေသများအဖြစ် သတ်မှတ်ဖို့၊ ဒေသခံတွေကလည်း ပိုင်းဝန်းထိန်းသိမ်းဖို့၊ ထိန်းသိမ်းရေးလုပ်ငန်းတွေက ဒေသခံတွေအတွက်လည်း အကျိုးရှိတဲ့ စနစ်တစ်ခု ထူထောင်ဖို့ အနာဂတ်မှာလုပ်စရာတွေ ကျန်နေပါသေးတယ်" ဟုသားဌက် ထိန်းသိမ်းရေးအဖွဲ့၏ စင်ကာပူမှ အာရှဒါရိုက်တာဖြစ်သူ Mr.Colin Poole က ပြောသည်။

မြန်မာနိုင်ငံတွင် တွေ့ရသော Jerdon's babbler သည် အရှေ့တောင်အာရှတွင် ဟိန္ဒူ၊ ပြဟ္မာပုတ္တရနှင့် ဧရာဝတီမြစ်ဝှမ်းဒေသသုံးခုအပေါ် မူတည်၍ မျိုးစိတ်ကွဲသုံးခုရှိသည်ဟု လတ်တလောယူဆထားသည်။

ဤမျိုးစိတ်သည် မြန်မာနိုင်ငံအတွက် သီးသန့်မျိုးစိတ်ဖြစ်မည်ဆိုလျှင် အဆိုပါမျိုးစိတ်ကို ဆက်လက်ထိန်းသိမ်းရန်မှာ အလွန်အရေးကြီးသည်။

ကွင်းဆင်းသိပ္ပံပညာရှင်အဖွဲ့မှ အဓိကအဖွဲ့ဝင်တစ်ဦးက "မြန်မာမျိုးစိတ်ကွဲနဲ့ အနောက်ဘက် အိန္ဒိယမျိုးစိတ်ကွဲများအကြား ခေါ်သံကွဲပြားမှုရှိကောင်းရှိနိုင်ပါတယ်။ မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များက မြန်မာနိုင်ငံအတွက် သီးသန့်မျိုးစိတ်ဖြစ်ကြောင်းကို သက်သေထူနိုင်ကောင်းထူနိုင်ပါလိမ့်မယ်"ဟု ရှင်းပြသည်။

ဤလေ့လာမှုကို မြန်မာငှက်မျိုးစိတ်များ၏ မျိုးရိုးဗီဇများကို နားလည်နိုင်စေရန်နှင့် ငှက်မျိုးစိတ်စုံလင်ကွဲပြားမှု အခြေအနေအမှန်ကို အဆုံးအဖြတ်ပေးနိုင်စေရန် ပိုကျယ်ပြန့်သော လေ့လာမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် အခြားတိုင်းပြည်များထက် ငှက်မျိုးစိတ်အရေအတွက် ပိုမိုများပြားစွာ တွေ့ရှိရပြီးဖြစ်သည်။ ယခုတွေ့ရှိမှုကဲ့သို့ အနာဂတ်တွင် ငှက်မျိုးစိတ်သစ်များ အရေအတွက်များစွာ တွေ့ရှိလာနိုင်မည်ဟု မျှော်လင့်ရသည်။

(WCSM)

လက်ရှိချန်ပီယံ ရတနာပုံ နိုင်ပွဲပြန်ရ

၂၀၁၅ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉)ပထမနေ့အဖြစ် ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်း ကတစ်ဝိုး-ဝိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံ-တစ်ဝိုး
(သက်နိုင်)
ဇွဲကပင်-ဝိုးမရှိ

ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် အမှတ်ကွာနေသည့် လက်ရှိချန်ပီယံ ရတနာပုံအသင်း နိုင်ပွဲပြန်ယူကာ အမှတ်ကွာဟမှုကို ပြန်လည်ကျဉ်းမြောင်းနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ယခုပွဲတွင် ခြေအသာဖြင့်ဖိကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် တစ်ဝိုးတည်းဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းမှာနှုန်းပွဲပြန်တွေ့ပြီး ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။

ရတနာပုံအသင်းတွင် ဒဏ်ရာမှ ပြန်ကောင်းလာသည့် ဟက်ပီးနက်စ်နှင့် ရဲဝင်းအောင်တို့ပြန်ပါလာသောကြောင့် လူစုံခဲ့ပြီး ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ဖိကစားနိုင်သော်လည်း ဝိုးရရှိရန် ဖန်တီးနိုင်မှု အားနည်းသောကြောင့် ဝိုးရရန် ရုန်းကန်ခဲ့ရပြီး မိနစ် ၃၀ ကျော်မှ ဝိုးစရခဲ့သည်။ ၃၅ မိနစ်တွင် ညာနောက်ခံလူ သက်နိုင်၏ အဝေးကန်ချက်ဖြင့် ရတနာပုံတို့ဝိုးစရခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကိုဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ဇွဲကပင်အသင်းမှာ အနည်းငယ်သာပြန်လည်ခြိမ်းခြောက်နိုင်ခဲ့သည်။ ရတနာပုံတိုက်စစ်ကို ဝါရင့်တိုက်စစ်မျှား ရန်ပိုင်ဦးဆောင်ခဲ့ပြီး ဝိုးရရှိနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းတွင် သွင်းယူခဲ့သည့် ဝိုးဖြင့်သာ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

(ရှိုင်းထက်ဇော်)



နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

ပြည်ထောင်စုဝန်ကြီးဦးစီးသိန်း စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများ စစ်တွေမြို့ရှိ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

စစ်တွေ မတ် ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစီးသိန်းနှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစီးသိန်းက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပညာဖြင့် တိုင်းပြည်ကို သာယာလှပသည့် လူပတ်ဝန်းကျင်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟူသည့် ဆိုရိုးစကားရှိပြီး ကျောင်းသားများအတွက် ဆရာ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း။

ဆရာ၏ ဂုဏ်ကျေးဇူးနှင့် တန်ဖိုးကို တပည့်များက နားလည်သဘောပေါက်ပြီး တပည့်များ၏ အခက်အခဲ လိုအပ်ချက်များကို သိရှိအောင် အမြဲမပြတ်ထိတွေ့ ဆက်ဆံသွန်သင်ပြသပေးစေလိုကြောင်း၊ မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် တာဝန်နှင့်ဘဝကို မြတ်နိုးတန်ဖိုးထားပြီး လက်ရာကောင်းသည့် ပန်းပုပညာရှင်များကဲ့သို့ ထုဆစ်ပုံဖော်ပေးကြစေလိုကြောင်း ဆွေးနွေးခဲ့ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့်တွေ့ကြုံရသည့် စိန်ခေါ်မှုများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက တင်ပြသည့် ကျန်းမာရေးဆေးခန်းဖွင့်လှစ်ပေးရေး၊ ဘောလုံးကွင်း၊ စာတိုက်ရရှိရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစီးသိန်းနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံးအရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာသို့သွားရောက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့အစည်းအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရခိုင်ပြည်နယ်အတွင်း တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစီးသိန်းက နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနေမှုများ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ကျီးပေါင်းတက်နေသည့် တမာပင် ငွေကျပ် ၁၈ သိန်းဖြင့် အရောင်းအဝယ်ဖြစ်

ရေစကြို မတ် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ချောင်းကျေးရွာ၌ တမာပင်တစ်ပင်မှာ ကြီးကြီးမားမားကျီးပေါင်းဖြစ်တည်နေပြီး အဆိုပါကျီးပေါင်းတက်နေသည့် တမာပင်ကို ငွေကျပ် ၁၈ သိန်းဖြင့် ရောင်းချရကြောင်း သိရသည်။

အဆိုပါကျီးပေါင်းတက်နေသည့်တမာပင်ကို ပိုင်ဆိုင်သူမှာ ဆင်ချောင်းကျေးရွာမှ အသက်(၈၁)နှစ်ရှိ အဘွား ဒေါ်ညွန့်မေဖြစ်သည်။ တမာပင်မှာ လွန်ခဲ့သော နှစ် ၂၀ ကျော်ကာလက ယာခင်းစပ်တွင် ပေါက်နေပြီး ကျီးပေါင်းဖြစ်တည်လာသည်မှာ ခုနစ်နှစ်ခန့်သာရှိသေးကြောင်း တစ်နှစ်ထက်တစ်နှစ် ပိုကြီးကြီးလာပြီး မြေကြီးအထက် နှစ်တောင်သာသာလောက်မှစ၍ ကျီးပေါင်းဖြစ်ကာ ယခုရောင်းချချိန်တွင် လူသုံးယောက်လက်နှစ်ဖက်စီဆန့်၍ ဖက်ရလောက် အောင်ကြီးမားပြီး ထိုကျီးပေါင်းတက် တမာပင်ကို ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာမှ ပရိဘောဂလုပ်သူတစ်ဦးက ငွေကျပ် ၁၈ သိန်းပေး၍ ဝယ်ယူသွားကြောင်း သိရသည်။

တမာပင်ပိုင်ရှင်အဘွား ဒေါ်ညွန့်မေက ယခု တမာပင်ရောင်းရတဲ့ငွေနဲ့ သူ၏မြေးများကို ရှင်ပြုပေးမည့်အကြောင်း အလျှုတွင် ကျွေးမွေးရန် ဆန်နှင့် အမာခံပစ္စည်းများကို ဝယ်ထားပြီးဖြစ်ကြောင်း သိရသည်။

(ဖေထွေး(ဇော်)-ရေစကြို)

မြောင်းမြ၌ အဆင့်မြင့်စက်ချုပ် အထူးသင်တန်းပွင့်

နေပြည်တော် မတ် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အဆင့်မြင့်စက်ချုပ်အထူးသင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားပြီး သင်တန်းနည်းပြများနှင့် သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ သင်တန်းအတွက် ငွေကျပ် ၂၀၁၀၀ တို့ကို ပြည်ထောင်စုဝန်ကြီးက သင်တန်းတာဝန်ခံနှင့် သင်တန်းသူများထံ အသီးသီး ပေးအပ်လျှက်ရှိနေသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း သင်တန်းသူများ လက်တွေ့ချုပ်လုပ်နေမှုနှင့် အိမ်တွင်းမှ လက်ရာများ၊ သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အဆင့်မြင့်စက်ချုပ်အထူးသင်တန်းသို့ မြောင်းမြမြို့ပေါ် ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အမျိုးသမီးငယ် ၆၇ ဦး တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ စတင်ဖွင့်လှစ်၍ သင်တန်းကာလ သုံးလကြာမည်ဖြစ်ကာ မော်တာဖြင့်ချုပ်လုပ်သည့် သင်တန်းကိုလည်း ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အငြင်းပွားမှုဖြစ်ပွားခဲ့သည့် အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ရှိ စက်ရုံများမှ အလုပ်သမားများ အေးချမ်းစွာ လုပ်ငန်းခွင်ဝင်ရောက်နေပြီဖြစ်

ရန်ကုန် မတ် ၆

အငြင်းပွားမှုဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ရှိ E-Land Myanmar အထည်ချုပ်စက်ရုံ၊ Costec အထည်ချုပ်စက်ရုံ၊ Ford Glory အထည်ချုပ်စက်ရုံနှင့် ကျောက်နီအထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများ လုပ်ငန်းခွင်တွင် အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တို့မှ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းပေးမှုကြောင့် အဆိုပါစက်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများ ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

မတ် ၆ ရက်တွင် E-land Myanmar အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၁၀၅၀ ဦးရှိသည့်အနက် ၈၃၃ ဦး၊ Costec အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၁၂၂၆ ဦးရှိသည့်အနက် ၉၆၂ ဦး၊ Ford Glory အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၄၂၁ ဦးရှိသည့်အနက် ၄၁၁ ဦးနှင့် ကျောက်နီအထည်ချုပ်စက်ရုံတွင် အလုပ်သမား ၉၁၆ ဦးရှိသည့်အနက် ၈၆၂ ဦးလုပ်ငန်းခွင်သို့ အေးချမ်းစွာဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။ **(မင်းသစ်)**

ရန်လုံကျိုင်းနယ်စပ် စစ်ဆေးရေးဂိတ်အား ပြန်လည်ဖွင့်လှစ် တိုက်ပွဲရှောင်ပြည်သူများ လောက်ကိုင်မြို့တွင်းသို့ ဆက်လက်ပြောင်းရွှေ့လျက်ရှိ

နေပြည်တော် မတ် ၆

လောက်ကိုင် ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ တပ်မတော်၏ နယ်မြေစိုးမိုးရေးများ တိုးမြှင့်ဆောင်ရွက်လာခြင်းကြောင့် လောက်ကိုင်မြို့မှာ တည်ငြိမ်မှုရရှိလာပြီဖြစ်သဖြင့် ဒေသခံပြည်သူများသည် လောက်ကိုင်မြို့သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ထိုသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ယနေ့တွင် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၂၅)မှ အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၇၄ ဦးသည် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုနေရာချထားမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လောက်ကိုင်ဒေသတွင် တိုက်ပွဲများဖြစ်ပွားခဲ့ချိန်က ပိတ်ထားခဲ့သော ရန်လုံကျိုင်းနယ်စပ်စစ်ဆေးရေးဂိတ်အား ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် စနစ်တကျစုဖွဲ့၍ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ၎င်းဂိတ်မှ လူဦးရေ ၁၀၆ ဦးသည်လည်း လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုနေရာချထားမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသော တိုက်ပွဲရှောင် ပြည်သူများအား လောက်ကိုင်ဒေသ ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးစောမြင့်ဦး၊ တပ်မတော် အရာရှိကြီးများနှင့် နယ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ ဆုံအားပေးစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

လောက်ကိုင်မြို့သို့ တိုက်ပွဲရှောင် ပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့အထိ အိမ်ထောင်စု ၉၄၆ စု၊ လူဦးရေ ၂၇၄၆ ဦး ပြန်လည်ဝင်ရောက်အခြေပြုနေထိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

စစ်အုပ်ချုပ်ရေး အမိန့်အမှတ်(၂/ ၂၀၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၂/ ၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂)ရက်
၂၀၁၅ ခုနှစ်၊ မတ်လ (၆)ရက်

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၁/ ၂၀၁၅)၏ အပိုဒ်(၄)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၃)ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

"**ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား (က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည် -

(ကက) သေဒဏ်

(ခခ) နှစ်အကန့်အသတ်မရှိထောင်ဒဏ်

(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။"

လက်မှတ်
အဆင့် - ဗိုလ်ချုပ်မှူးကြီး၊
ရာထူး - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဌာန - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

✱ အမျိုးသားပညာရေးမှ

ကိုယ်စားပြု တက်ရောက်ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထိုသို့ ကြားနာဆောင်ရွက်ရာတွင် အမျိုးသားလွတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရိုက ယနေ့ကြားနာခြင်းသည် ဥပဒေကြမ်းတစ်ခုဖြစ်လာရန်အတွက် ရရိုင်းသည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်ရနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကြမ်းကို နိုင်ငံတကာပညာရှင်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် ပတ်သက်နှီးနွယ်သော အဖွဲ့အစည်းများနှင့် နှစ်နှစ်နီးပါးလေ့လာညှိနှိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်သို့ ရောက်ရှိလာသည့်အချိန်တွင်လည်း အဆင့်ဆင့်ကြားနာမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးမှ အမျိုးသားပညာရေးဥပဒေ ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်းတွင် ကန့်ကွက်မှုများဖြစ်ပေါ်လာပါကြောင်း၊ ထို့ကြောင့် ဥပဒေကိုပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသားများ၏ ဆန္ဒကို ရှေ့တန်းတင်သည့်အနေဖြင့် ပထမဦးဆုံး ကျောင်းသားများကို ဖိတ်ကြားခဲ့ကြောင်း၊ ကျောင်းသားများ လေးလေးစားစား တက်ရောက်ခဲ့ပါကြောင်း၊ စိတ်ပါလက်ပါဖြင့် တင်ပြလိုသည့် ကျောင်းသားများ ရှိပါကြောင်း၊ သို့သော်လည်း ၎င်းတို့၏ နောက်ဆုံးအခက်အခဲကို တင်ပြပြီး အခြေအနေအရ ၎င်းတို့ဘက်က မတက်နိုင်ကြောင်းနှင့် နောက်တစ်ကြိမ် ခွင့်ပြုချက်ရရှိပါက တက်ရောက်လိုသည်ဟု ပြောကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့တက်ရောက်လိုသည့်နေ့ကို နှစ်ရက် (သို့မဟုတ်) သုံးရက် ကြိုတင်အကြောင်းကြားပေးရန်နှင့် သီးခြားအစီအစဉ် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါကြောင်း။

လွှတ်တော်အတွင်းတွင် ဥပဒေကြမ်းတစ်ခု ဆွေးနွေးရန် ဆုံးဖြတ်ပြီဆိုပါက ဥပဒေပြုရန် လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံရေးပါတီအသီးသီးတွင် နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ မူဝါဒများရှိပါကြောင်း၊ ထိုသို့ မူဝါဒများရှိကြသည့် နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကို ရယူလို၍ ယခုကဲ့သို့ လေးလေးစားစားဖိတ်ကြားခြင်းဖြစ်ပါကြောင်း။

ဥပဒေကြမ်းကော်မတီအနေဖြင့် ဝါရင့်ပညာရှင်များ၊ ဘက်စုံအတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်၏ အကြံဉာဏ်ကိုရယူပြီး ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုရန်အတွက် လွှတ်တော်သို့ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ပုဒ်မတစ်ခုချင်းစီအလိုက် မဲခွဲဆုံးဖြတ်ရယူ အတည်ပြုခြင်းတို့ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်တစ်ရပ်က အတည်ပြုပြီးသည့် ဥပဒေကြမ်းကို ကျန်လွှတ်တော်တစ်ရပ်သို့ ပေးပို့ရပါကြောင်း၊ ယင်းလွှတ်တော်တွင်လည်း ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ ဆောင်ရွက်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆက်လက် ဆွေးနွေးအတည်ပြုရပါကြောင်း၊ ထို့ကြောင့် ပြီးစီးမည့်အချိန်ကို မခန့်မှန်းနိုင်သော်လည်း ဦးစားပေးအဖြစ် မြန်မြန်ဆန်ဆန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကယန်းအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဒေါ်နော်အိန်ဂျဲလ်လာသောင်း၊ မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ (မ. တ. ဖ. ပ)ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းခိုင်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ အလုပ်သမားပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးခိုင်၊ ကရင်အမျိုးသားပါတီ တွဲဖက်အတွင်းရေးမှူး-၁ ဦးမန်းမြင့်စိုး၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးနေမျိုးဝေ၊ ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ ဖက်ဒရယ်ပြည်ထောင်စုပါတီ အထွေထွေအတွင်းရေးမှူး ဦးကျော်ဇံသာ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်နန်းထွေးမှုံ၊ လူဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးမျိုးလွင်၊ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်၊ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီမှ ဒေါ်တင်ရွယ်ဦး၊ မြန်မာ့လူဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်၊ ကရင်ပြည်သူ့ပါတီ ဗဟိုကော်မတီဝင် ဦးစောမောင်တုတ်နှင့် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ အဖွဲ့ဝင် ဦးစောအုန်းတင်တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့ပါတီ၏ သဘောထားအမြင်များကိုအခြေခံ၍ ဆွေးနွေးအကြံပြုခဲ့ကြသည်။

အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ၂၄-၂-၂၀၁၅ ရက်စွဲပါ အမျိုးသားလွှတ်တော် ကြေညာချက် အမှတ် (၁/ ၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားရန်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

ပင်မသပိတ်မှောက်အဖွဲ့မှ ကျောင်းသား ကျောင်းသူအချို့ လက်ပံတန်းမြို့မဈေးရှေ့တွင် ဆူပူဆန္ဒပြသဖြင့် ခေါ်ယူဆွေးနွေးလျက်ရှိ

လက်ပံတန်း မတ် ၆

လက်ပံတန်းမြို့ အောင်မြေဗိမာန် ဘုန်းတော်ကြီးကျောင်း အနီးရှိ ဓာတ်အားပေးစက်ရုံ လမ်းဆုံတွင် ထိုင်သပိတ်ပြုလုပ်နေသောအဖွဲ့သည် ယနေ့အထိ ဆက်လက်ပြုလုပ်လျက်ရှိရာမှ ကျောင်းသား ကျောင်းသူ အချို့သည် လက်ပံတန်းမြို့မဈေးရှေ့သို့ သွားရောက်ပြီး ဆူပူဆန္ဒပြသဖြင့် ခေါ်ယူဆွေးနွေးလျက်ရှိသည်။

ထိုင်သပိတ်မှောက်အဖွဲ့မှ ကျောင်းသားလေးဦးနှင့် ကျောင်းသူတစ်ဦး ပေါင်းငါးဦးသည် ယနေ့နံနက် ၉ နာရီခန့်က လက်ပံတန်းမြို့ မြို့မဈေးသို့သွားရောက်ပြီး လက်ကိုင်ဆိုင်းဘုတ်၊ အလံနှင့် လက်ကိုင်အသံချဲ့စက်များ ကိုင်ဆောင်ပြီး ခွင့်ပြုချက်ရယူခြင်း မရှိဘဲ ဆူပူဆန္ဒပြမှုပြုလုပ်ရာ လက်ပံတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ညှိနှိုင်းပြောဆိုသော်လည်း မရရှိသဖြင့် **(အပေါ်ပုံ)**သယာဝတီမြို့မရဲစခန်းသို့ ခေါ်ဆောင်ပြီး ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါထိုင်သပိတ်အဖွဲ့ရှိ မြင်းခြံတက္ကသိုလ်မှ ကျောင်းသူ မယုသင်းနိုင်အား ၎င်း၏ဖခင်ဖြစ်သူ ဦးလှိုင်ဝင်းက တာဝန်ရှိသူများနှင့် တွေ့ဆုံပြောဆိုပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပြန်လည်ခေါ်ဆောင်သွားကြောင်းနှင့် ပင်မသပိတ်မှောက်အဖွဲ့မှ သံယာ၈ပါး၊ ကျား ၃၀ ၊ မ ၁၉ ဦး စုစုပေါင်း ၅၄ဦးသည် ထိုင်သပိတ် ပြုလုပ်လျက်ရှိပြီး သံယာလေးပါး၊ ကျားသုံးဦး၊ မခုနစ်ဦး စုစုပေါင်း ၁၄ ဦးမှာ လက်ပံတန်းမြို့ အောင်မြေဗိမာန် ဘုန်းကြီးကျောင်းတွင် အခြေပြု လျက်ရှိကြောင်းလည်း သိရသည်။

သတင်း-ဝ၀၉
ဓာတ်ပုံ-လူနတ်ချမ်းသာ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်
မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ရှမ်းပြည်နယ် လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပဋ္ဌိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျှာသည် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ငါးတောင်ပုံကျေးရွာ ခမည်းတော်ဦးမုန်း+မယ်တော်ဒေါ်ပြည့်မှိုတို့မှ ၁၂၉၅ ခုနှစ် တော်သလင်းလဆန်း ၉ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျှာသည် ၁၃၀၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် တံခွန်တိုင်ကျောင်း ဆရာတော်ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရတနာဦးကျောင်းခဏ္ဍသိမ်၌ ရတနာဦးကျောင်း ဆရာတော်ဘဒ္ဒန္တကုမာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျှာသည် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ငါးတောင်ပုံကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနိပုန၊ မလှိုင်မြို့ အမှတ်(၉)ရပ်ကွက် တံခွန်တိုင်ကျောင်း ဆရာတော်ဘဒ္ဒန္တဇာဂရ၊ မလှိုင်မြို့နယ် ကံကြီးကျေးရွာ သီရိသောမာရုံကျောင်း ဆရာတော်ဘဒ္ဒန္တစန္ဒဇောတိ၊ လေးမျက်နှာကျောင်း ဆရာတော်ဘဒ္ဒန္တစန္ဒိမာ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသနှင့်စာချဆရာတော်များ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်သံတော်ဆင့်ကျောင်း ဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသနှင့်စာချဆရာတော်များ၊ မဟာဝေယန်ဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသနှင့် စာချဆရာတော်များ၊ ရမည်းသင်းမြို့နယ် ညောင်လွန့်တောရကမ္မဋ္ဌာနာစရိယကျောင်း ဆရာတော်ဘဒ္ဒန္တသီဟဗလနှင့်စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းခိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ ပထမပြန်စာမေးပွဲတွင် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ ဓမ္မာစရိယတန်းစာမေးပွဲတွင် ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ ဥက္ကဋ္ဌဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး လားရှိုးမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် မန်ဆူဘုရားကြီး စေတီတော်ဂေါပကအဖွဲ့တို့၏ ညြတါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း သာသနာပြုတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်အလျှုခံရရှိတော်မူခြင်း

ဤသို့လျှင် ဆရာတော်သည် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌန ဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋ္ဌကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လျှောက်ထားသော **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကို ၁၃၇၆(၂၀၁၅)ခုနှစ်တွင် အလျှုခံရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါအရောက် ၁၃၇၆ ခုနှစ် တပေါင်း လဆန်း (၁၄)ရက် (၃-၃-၂၀၁၅) အင်္ဂါနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(ကြေးမုံ)**

လားရှိုး မန်ဆူဘုရားကြီးကျောင်း ဆရာတော်ပျံလွန်တော်မူ

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ် လားရှိုးမြို့နယ် မန်ဆူဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု) ဘဒ္ဒန္တ ကောဏ္ဍညဆရာတော်ကြီးသည် သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ အရောက် ၁၃၇၆-ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ မတ်လ ၃ ရက် အင်္ဂါနေ့၊ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

စွန့်လွှတ်စွန့်စား တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အလှူငွေများလှူဒါန်း

နေပြည်တော် မတ် ၆

လောက်ကိုင် နယ်မြေအတွင်း ကိုးကန့်သောင်းကျန်းသူ အင်အားစုများသည် ဖေဖော်ဝါရီ ၉ ရက်မှ စတင်၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေပြီး ပါတီစုံဒီမိုကရေစီနှင့် စေးကွက် စီးပွားရေးစနစ်ဖြင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကို နှောင့်ယှက်ဖျက်ဆီးရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်က ကာကွယ်ရန်ကြိုးပမ်းဆောင်ရွက်ရာမှ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး တပ်မတော်သားများကျဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းနှင့် လောက်ကိုင်ဒေသတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားကြောင်း သိရသည့်အပြင် တိုက်ပွဲရှောင်ပြည်သူများအား ကူညီရင်းထိခိုက်ဒဏ်ရာရရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် များစွာစိတ်မကောင်းဖြစ်ရသည်။

လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အသက်ခန္ဓာပေးလျှောပြီး စွန့်လွှတ်စွန့်စား ရဲဝံ့စွာ ဆောင်ရွက်ခဲ့ကြသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ် ၂၅၀၀၀၀၀ ကို ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ်(ကုန်းမြင့်သာ)တွင် လည်းကောင်း၊ လောက်ကိုင်တိုက်ပွဲတွင် တိုက်ပွဲရှောင်ပြည်သူများအား ကူညီရင်း ထိခိုက်ဒဏ်ရာရရှိသည့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လောက်ကိုင်တိုက်ပွဲရှောင် ပြည်သူများအတွက် အဖွဲ့ချုပ်မှ ငွေကျပ် ၁၀၀၀၀၀၀ ကို မတ် ၅ ရက်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတွင် လည်းကောင်း လျှာဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမေရေယဉ်နန်းရင်းနတ်ပွဲ (သို့မဟုတ်) အနောက်အမေကြီးပွဲစတင်

ပုလဲ မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မောင်းတုံကျေးရွာ အမေရေယဉ်နန်းရင်းရှေ့နန်းတော်တွင် တပေါင်းလဆန်း ၁၁ ရက်မှ စတင်၍ အမေရေယဉ်နတ်ပွဲ (သို့မဟုတ်) အနောက်အမေကြီးပွဲ စတင်ပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် မောင်းတုံကျေးရွာရှိ အမေရေယဉ်နန်းရင်းရှေ့နန်းတော်သို့ တပေါင်းလပြည့်မတိုင်မီကပင် မြန်မာနိုင်ငံအရပ်ရပ်မှ နတ်ကတော်များ ရောက်ရှိလာကြကြောင်းသိရသည်။

အမေရေယဉ်၏ နယ်မြေသည် ပုံတောင်ပုံညာအရှေ့ ဘက်နှင့် ချင်းတွင်းမြစ်အနောက် ဘက်ကမ်းယမားနယ် ဒေသဖြစ်သည်။ အမေရေယဉ်ပွဲ (သို့မဟုတ်) အမေကြီးပွဲကို တပေါင်းလဆန်း ၁၄ ရက်မှ တပေါင်းလပြည့်ကျော် ၃ ရက် အထိအတွင်း နန်းဆောင် မောင်းတုံနန်းရင်းတွင် ပွဲကျင်းပပြီး တပေါင်းလပြည့်ကျော် ၄ ရက်တွင် ချီးရေတော်သုံးကာ လပြည့်ကျော် ၅ ရက်မှ ၈ ရက်ထိ ယင်းမာပင်မြို့နယ်၊ ဇီးတောကျေးရွာဦး ကုန်းမြင့်ရှိ အပြင်နန်းဆောင်(တောနန်း)သို့ ကြွတော်မူကြောင်း သိရသည်။

ပုလဲမြို့နယ် မောင်းတုံကျေးရွာ အမေရေယဉ်နန်းရင်းရှေ့နန်းတော် ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်ဦးဘိုစန်းက "ဒီအမေကြီးပွဲကို လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)ကျော်လောက်က စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်အဘိုးရဲ့ ဖခင်ဖြစ်သူ ဦးကျော်တင်ကို အမေကြီးက အိပ်မက်ပေးတာကြောင့် အရင်တုန်းက ယင်းမာပင်နယ် ပေါင်ချောင်ထန်းတောနားမှာ အမေကြီးရုပ်တု၊ အသက်ဘူးတို့ကို တူးဖော်ရရှိခဲ့ရာက တစ်ပင်တိုင်နန်းလေး ထားရှိပေးထားကာ နယ်သူနယ်သားတွေ နှစ်စဉ်မပျက် ဦးခိုက်ပူဇော်ခဲ့တာကစပြီး ယနေ့အထိ စည်စည်ကားကားနဲ့ ကျင်းပလျက်ရှိတာ ဖြစ်ပါတယ်။

ဒီနန်းရင်းမှာ အနယ်နယ်အရပ်ရပ်က နတ်ဝင်သည် နတ်ကတော်အဖွဲ့ပေါင်း ၂၀ ကျော် က တပေါင်းလဆန်း ၁၁ ရက်ကနေ တပေါင်းလပြည့်ကျော် ၃ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီကျော်အထိ နတ်ရိုးရာအက များဖြင့် ဦးခိုက်ကပြဖျော်ဖြေလျက် ရှိပါတယ်။ အမေကြီးရဲ့ ထူးခြားချက်ကတော့ အမေကြီးရုပ်တု မျက်နှာတော်ကို ယုံကြည်သက်ဝင်သူများက ရွှေဆိုင်းတွေနဲ့ ကပ်လှူကြတယ်။ နှစ်ပေါင်းကာလကြာပြီဖြစ်ပေမယ့် မျက်နှာတော် ကနဝိုမူလအတိုင်းပဲရှိပါတယ်။ အမေကြီးကို ယုံကြည်သက်ဝင်ကြတဲ့ အနယ်နယ်အရပ်ရပ်က ပြည်သူများ လျှုဒါန်းတဲ့ငွေများဖြင့် ရွာဦးဘုရားများပြုပြင်ခြင်း၊ ရွှေနန်း တော်ဆောင် ပြုပြင်ပေးခြင်း၊ကျေးရွာ အတွင်းလမ်းများ ပြုပြင်ပေးခြင်းနဲ့ နှစ်စဉ်အမေကြီး အတွက် ကထိန်ခင်း ပေးခြင်းများကို နတ်နန်းထိန်းသိမ်းမှု အဖွဲ့ကနေ ဦးဆောင်ပြီး ဆောင်ရွက် ပေးလျက်ရှိပါတယ်" ဟု ပြောသည်။

အမေကြီးနတ်ပွဲသည် အညာဒေသတွင် ထင်ရှားစည်ကားသော ပွဲတစ်ပွဲဖြစ်ရာ ပွဲတော်ကာလအတွင်း နေ့စဉ် လူပေါင်းသိန်းနှင့်ချီရောက်လာကြမြဲဖြစ်သည်။ ပွဲတော်လာ လှည်းများ၊ ကားများ၊ ဆိုင်ကယ်များကလည်း ထောင်ချီရှိသည်။

တပေါင်း လပြည့်ကျော် ၅ ရက်၊ ၆ရက်များတွင် ပုလဲမြို့နယ်၊ မြိုင်မြို့နယ်၊ ပခန်းနယ်၊ ယောနယ်တို့မှ လာရောက်ကြသူများ ပြားပြီး ၇ ရက်၊ ၈ ရက်များတွင် ယင်းမာပင်၊ ကနီမုံရွာနယ်နှင့် မြန်မာ နိုင်ငံအတွင်း နယ်ပယ်အသီးသီးရှိ ယုံကြည်သက်ဝင်သည့် ပြည်သူများလာရောက်ကြကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ဗီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

လမ်းကြိတ်စက်ဖြင့်ဝင်တိုက်မှု သန်လျင်တွင်ဖြစ်ပွား

သန်လျင် မတ် ၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက်တွင်မတ် ၆ ရက် နံနက် ၁၁ နာရီခွဲက လမ်းကြိတ်စက်ယာဉ်တစ်စီးမှ ကွမ်းယာဆိုင်တစ်ဆိုင်အား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မှုဖြစ်ပွားသည်။**(ဝဲပုံ)**

ဖြစ်စဉ်မှာ သန်လျင်စည်ပင်ဝန်ထမ်း ယာဉ်မောင်းဇော်မျိုးအောင်သည် အောင်မင်္ဂလာရပ်ကွက် အောင်မြင့်မိုရ်လမ်းအတိုင်း အရှေ့မှအနောက်သို့ နံပါတ်မပါ SAKAI အမျိုးအစားလမ်းကြိတ်စက်(အစိမ်းရောင်)အား မောင်းနှင်လာစဉ် ဗိုလ်ချုပ်နေဝင်းလမ်းထိပ်အရောက် အရှိန်လွန်ကာ လမ်းယာဘက်ရှိ ကွမ်းယာဆိုင်အား ဝင်တိုက်မိသဖြင့် ကွမ်းယာဆိုင်ပြိုကျပျက်သွားပြီး ကွမ်းရောင်းသူ ဦးထွန်းဝေ(၅၅)နှစ် အမှတ်(၆)ဦးလှထွန်းလွင် အနောက်လမ်းသောက်တော်တွင်းရပ်ကွက် သန်လျင်မြို့တွင် နဖူးပေါက်ပြဒဏ်ရာ၊ ဝဲယာခြေပေါက်ပြဒဏ်ရာ၊ ယာချိုစောင်းပေါက်ပြဒဏ်ရာတို့ရရှိပြီး သန်လျင်ဆေးရုံတွင်အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် တင်ပို့ကုသခဲ့သည်။

ယာဉ်အားမဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းဇော်မျိုးအောင်အား ယာဉ်(ပ)၂၆/၂၀၁၅၊ ပုဒ်မ ၂၇၉/၃၃၈ ဖြင့်သန်လျင်မြို့မရဲစခန်းမှအမှုဖွင့် အရေးယူထားကြောင်းသိရသည်။

(တည်ငြိမ်သား)

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကျင်းပ

ရန်ကုန် မတ် ၆

"ပညာရေးဆိုင်ရာ အသိပညာတွေကို ပြည်သူအများ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ ပညာရေးကဏ္ဍပိုမိုမြင့်မားရေးအတွက် အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာဖွေရေးပြခန်းတွေနဲ့ ထူးချွန်ဝန်ထမ်းများ လိုအပ်နေတဲ့ ကုမ္ပဏီတွေအတွက် ရည်ရွယ်ပြီး ဒီပြပွဲကို စီစဉ်ကျင်းပရတာဖြစ်ပါတယ်။ ဒီပြပွဲမှာ လေကြောင်းပညာရပ်ဆိုင်ရာ လေယာဉ်မှူး၊ လေယာဉ်မောင်နဲ့ လေယာဉ်မယ် သင်တန်းကျောင်းတွေ၊ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွေ အပါအဝင် ပညာရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို တစ်နေရာတည်း၊ တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်မယ့် ပြပွဲဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ယနေ့ နံနက်က ကျင်းပသည့် တတိယအကြိမ်မြောက် ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ ၂၀၁၅ (The 3rd Education & Career 2015) ဖွင့်ပွဲအခမ်းအနားတွင် ပြပွဲကြီးမှူးကျင်းပသည့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်က ပြောပြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတွဲဖက်အတွင်းရေးမှူး ဦးသိန်းစိုး၊ My Jobs. com. mm မှ မန်နေဂျင်ဒါရိုက်တာ Jemin Popat နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။**(အေပါ်ဝဲ)**

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပြည်တွင်းမှ ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၊ စီပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများ၊ IT သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာနှင့် နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာနှင့် ဆေးပညာဆိုင်ရာသင်တန်းကျောင်းများ၊ လေကြောင်းပညာရပ်ဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာအလုပ်ရှာဖွေရေးပြခန်းများ၊ စာအုပ်နှင့်စာရေးကိရိယာအမျိုးမျိုးတို့ကို ကုမ္ပဏီပေါင်း ၆၀ မှပြခန်းပေါင်း ၉၀၀နှင့် မတ် ၆ ရက်မှ မတ် ၈ ရက်အထိ နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားမည့်အပြင် ပြည်ပတွင် ပညာသင်ကြားမည့်သူများ သိသင့်သိထိုက်သည့်အချက်များနှင့် ပတ်သက်သည့် ပညာရေးဆိုင်ရာ ဟောပြောပွဲများနှင့် UK၊ အမေရိကန်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ကနေဒါနိုင်ငံတို့တွင် ပညာသင်ဆု လျှောက်ထားနိုင်မည့်အစီစဉ်၊ Applications Fees ကင်းလွတ်ခွင့်များကိုလည်း လျှောက်ထားနိုင်မည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ လာရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သတ်မှတ်ခွင့်ပြုတန်ချိန်ထက်ပိုသော ဝန်လေးပစ္စည်းများ တင်ဆောင်သည့် ယာဉ်များအတွက် ဒေါက်ထောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိ

နေပြည်တော် မတ် ၆

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ တံတားများတွင် ဒေါက်ထောက်မှူလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအပေါ်တွင် စီးရိမ်ပူပန်မှုများ မရှိစေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အများပြည်သူများထံ အသိပညာပေးထုတ်ပြန်ချက် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စွာ သွားလာအသုံးပြုနိုင်ရန် ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်ပြီး လမ်းနှင့်တံတားများ၏ ခံနိုင်ဝန်အားသည် တန် ၈၀ အထိ တင်ဆောင်သွားလာနိုင်သော ဒီဇိုင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ဘာသာရေးဆိုင်ရာ ရုပ်ပွားတော်/ဆင်းတုတော်ကြီးများ သယ်ဆောင်ခြင်း၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးဆိုင်ရာ တပ်ဆင်ရမည့် Over Weight ပစ္စည်းများ စသည့်သတ်မှတ်ခွင့်ပြု တန်ချိန်ထက်ပိုသော ဝန်လေးပစ္စည်းများကို Transporter ယာဉ်များဖြင့် သယ်ဆောင်ရန် လိုအပ်သည့်အခါများတွင် တံတားများ၌ Ultimate Deflection များ မဖြစ်ပေါ်စေရေးအတွက် Girder များ၏အောက်ခြေတွင် (Prop) ဒေါက်ထောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယာဉ်မောင်းစစ်ဆေးရာတွင် အသုံးပြုမည့်မော်တော်ယာဉ်အား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေး

ရန်ကုန် မတ် ၆

ယာဉ်မောင်းလိုင်စင် လာရောက်ဖြေဆိုသူများ အဆင်ပြေစေရေးအတွက် လက်တွေ့ယာဉ်မောင်းစစ်ဆေးမှုခံယူရန် မော်တော်ယာဉ်များ အသင့်စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ဌာနပိုင်ယာဉ်များ အသုံးပြုရာတွင် ကုန်ကျမည့် လောင်စာဆီ၊ စက်ဆီ၊ ချောဆီ၊ တာယာပွန်းစားမှုနှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များအတွက် ကျသင့်ငွေများ ကောက်ခံသွားမည်ဖြစ်ပြီး ကိုယ်ပိုင်ယာဉ်ဖြင့် စစ်ဆေးခံသူများမှအပ ဖြေဆိုမှုတစ်ကြိမ်လျှင် ယာဉ်ဌားရမ်းခ ကောက်ခံခြင်းအား "ခ" "ဃ" ယာဉ်မောင်းလိုင်စင်အတွက် ငွေကျပ် ၃၀၀၀ ဖြင့် လည်းကောင်း၊ "င" ယာဉ်မောင်းလိုင်စင်အတွက် ငွေကျပ် ၅၀၀၀ ဖြင့် လည်းကောင်း ၉ပြီ ၁ ရက်မှစ၍ ပြင်ဆင်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အချိန်မီရောက်ရှိရန် လိုအပ်သောသယ်ယူပို့ဆောင်သည့် ယာဉ်များ စမ်းသပ်သွားလာခွင့်ပြု

နေပြည်တော် မတ် ၆

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အချိန်မီရောက်ရှိရန် လိုအပ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ကုန်စည်အမျိုးအစား၊ သား၊ ငါးနှင့် ဂဏန်းကုန်စည် အမျိုးအစား၊ သတင်းစာ၊ ဂျာနယ် စသည့် စာနယ်ဇင်းကုန်စည်များ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်ဝင်ရိုး သုံးခုပါ ၁၀ ဘီးအထိ ကုန်စည်တင်ယာဉ်များကို မတ် ၁ ရက်မှစ၍ စမ်းသပ်ကာလ သုံးလအဖြစ် အသုံးပြုသွားလာခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအသုံးပြုသည့် ခွင့်ပြုကုန်စည်တင်ယာဉ်များသည် Traffic Information Center မှ စောင့်ကြည့်ထိန်းချုပ်နိုင်ရန် Telematics စနစ်ကို မဖြစ်မနေတပ်ဆင်ရမည်ဖြစ်ပြီး အင်ဂျင်နီယာမှူးကြီးရုံး ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့တွင် လမ်းအသုံးပြုခွင့် မှတ်ပုံတင်ဆောင်ရွက်ပြီးမှသာ အသုံးပြုခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ခွင့်ပြုကုန်စည်တင်ယာဉ်များ လိုက်နာရမည့် စည်းကမ်းချက်များ၊ Telematics စနစ်နှင့် ပတ်သက်သည့် စည်းကမ်းချက်များ၊ ဝန်ဆောင်မှုများနှင့် လမ်းအသုံးပြုခကောက်ခံနှုန်းထားများကို www.ministry-construction.gov.mm နှင့် www.facebook.com/yangon.mandalay expressway တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်သည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုတွင် ပါဝင်ကျူးလွန်သူ တရားခံ ၁၅ ဦးအား သေဒဏ်ချမှတ်

နေပြည်တော် မတ် ၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် နွယ်သာကီ (၆) လမ်းထိပ်ရှိ "6 Star" အရက်ဆိုင်ရှေ့၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်ည ၈ နာရီ ၅ မိနစ်က မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်နေ ကျော်မင်း(၃၂)နှစ်အား အမည်မသိလူများက ဓားဖြင့် ဝိုင်းခုတ်၍ ကျော်မင်းတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဝေဘာဂီရဲစခန်းမှ (ပ)၅၂၂/ ၂၀၁၁ ပြစ်မှုပုဒ်မ ၃၂၆/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ပြီး ကျော်မင်းမှာ ရရှိသောဒဏ်ရာများနှင့် မြောက်ဥက္ကလာပဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားသောကြောင့် ပြစ်မှုပုဒ်မ ၃၀၂/၁၁၄ သို့ ပြောင်းလဲစစ်ဆေးခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား လိုက်လံစုံစမ်းရာ မြောက်ဥက္ကလာပမြို့နယ်နေသူများဖြစ်သည့် သက်ဦး(၄၄)နှစ်၊ ညီညီဦး(၃၆)နှစ်၊ သက်ဇော်ထွန်း(၁၉)နှစ်၊ ဇော်မင်းဦး(ခ)ဇော်ဇော်(၄၆)နှစ်၊ ဖိုးကုလား(ခ)အေးထွန်း (၃၂)နှစ်၊ မျိုးကြီး(ခ)မျိုးမင်းထက်(၂၆)နှစ်၊ ဒဂုံအရှေ့မြို့နယ်နေသူများဖြစ်ကြသည့် မဲကြီး(ခ)သက်ဖြိုးမောင်(၂၃)နှစ်၊ ကျော်မင်းဦး(ခ)ဗိုက်ပူ(၂၅)နှစ်၊ ဒီမိုး(ခ)ဇင်မင်းထက်(၂၃)နှစ်၊ သယ်နံကျွန်းမြို့နယ်နေသူများဖြစ်သည့် မျှားလေး(ခ) ကောင်းမြတ်(၄၁)နှစ်၊ ကွဲကြီး(ခ)ထွန်းထွန်းဝင်း(၃၆)နှစ်၊ တောင်ဒဂုံမြို့နယ်နေ ငမန်း(ခ)ထွန်းထွန်း(၂၆)နှစ်၊ အင်စိန်မြို့နယ်နေ ကျော်ကြီး(ခ) ကျော်ကျော်မင်း(၄၁)နှစ်၊ ရန်ကင်းမြို့နယ်နေ ကိုဦး(ခ)အောင်အောင်(၂၇)နှစ်နှင့် ကြည့်မြင်တိုင်မြို့နယ်နေ ထွန်းငြိမ်း(ခ)ဇော်ဇော်အောင်(၂၅)နှစ်တို့ဖြစ်ကြောင်းသိရှိရ၍ အမှုဖြင့် ဖမ်းဆီးစစ်ဆေးပြီး ၂၈-၉-၂၀၁၂ ရက်တွင် မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

အမှုအား မြောက်ပိုင်းခရိုင်တရားရုံးမှ ပြစ်မှုကြီးအမှတ်၊ ၁၀၆/ ၂၀၁၂ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် မတ် ၅ ရက်က ကိုဦး(ခ)အောင်အောင်အား ပြစ်မှုပုဒ်မ ၃၀၂ (၁)(ခ)/၁၁၄ ဖြင့်လည်းကောင်း၊ သက်ဦးပါ ၁၄ ဦးအား ပြစ်မှုပုဒ်မ ၃၀၂ (၁)(ခ)/၃၄ ဖြင့်လည်းကောင်း သေဒဏ်အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

လမ်းအသုံးပြုခကောက်မယ့် ယာဉ်အုပ်စု (၇)မျိုးခွဲခြားမှတ်မှု လမ်းအသုံးပြုစရိုက်ယှဉ်ချက်

စဉ်	ခွဲခြားမည့် ယာဉ်အုပ်စု	ယာဉ်အမျိုးအစား	ခွင့်ပြုတန်	အမြန်လမ်း အသုံးပြု	လမ်းကောင်း အသုံးပြု	မှတ်ချက်
၁	ဟိုင်းလပ်(၅)တန်	ဟိုင်းလပ်/လိုက်ထရပ်(စသည်)	၅	၁၉၀၀၀	၁၂၀၀၃	
၂	ဒိုင်နာ(၆)တန်	ဒိုင်နာ/ကင်တာ(လတ်) လိုက်ထရပ်(လတ်) (၄) ဘီးကား	၆	၂၃၀၀၀	၁၃၉၇၈	
၃	ဒိုင်နာ(၉)တန်	ဒိုင်နာ/ကင်တာ လိုက်ထရပ်(ကြီး) (၆) ဘီးကား	၉	၃၄၀၀၀	၂၈၇၂၄	
၄	ဒိုင်နာ(၁၂)တန်	ဒိုင်နာ/ကင်တာ (ကြီး) (၆) ဘီးကား	၁၂	၄၅၀၀၀	၄၄၃၂၉	
၅	(၆)ဘီး(၁၈)တန်	ဟီးနိုး/ကာဘို/နီဆန်း/ ကွန်ဒို (၆) ဘီးကား	၁၈	၅၉၅၀၀	၅၂၈၆၃	
		TE-11, TE-21, GMC, Fuso, UD ဆောင်တား (၆) ဘီးကား				
		(၆) ဘီးကား-ကုန်တင်ယာဉ်ကြီး				
၆	(၈)ဘီး(၂၁)တန်	(၈) ဘီးကား	၂၁	၇၇၅၀၀	၆၄၀၈၂	
၇	(၁၀)ဘီး(၂၃)တန်	(၁၀) ဘီးကား	၂၃	၈၅၀၀၀	၆၉၈၃၃	

နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရေး စကားဝိုင်းဆွေးနွေး

တောင်ကြီး မတ် ၆

နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲကို မတ် ၆ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ မြို့မရပ်ကွက် တောင်ကြီးမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

နားမကြားသူများနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများအား ပြည်သူလူထုအတွင်း နားလည်မှုတိုးမြှင့်နိုင်ရန် နားမကြား လက်သင်္ကေတပြ ဘာသာစကားအား သိရှိအသုံးပြုမှုတိုးမြှင့်ရန်၊ အသိပညာပေးဆွေးနွေးပွဲများ ထိရောက်အောင်မြင်စွာ ကျင်းပနိုင်ရန် စသည့်ရည်ရွယ်ချက်များ၊ နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရေးစီမံချက်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

သင်တန်းအပတ်စဉ်(၁)ကို သင်တန်းသား ၂၄ ဦးနှင့် ဖွင့်လှစ်ခဲ့ပြီး နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်၊ ဌာနဆိုင်ရာများနှင့် တောင်ကြီးမြို့ပေါ်ရှိ မသန်စွမ်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက် ခဲ့ကာ ဆွေးနွေးပွဲကို မတ် ၆ ရက်မှ ၈ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

ပထမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကျင်းပ

မန္တလေး မတ် ၆

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)မှ ကြီးမှူးကျင်းပသော ပထမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကို မတ် ၄ ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးဆရာအသင်း နာယကများဖြစ်ကြသော တိုင်းရင်းဆေးသမားတော်ကြီး ဦးဝထွန်း(ဒုတိယပါမောက္ခ-ဌမ်း)၊ သမားတော်ကြီး ဒေါက်တာမြဘော်၊ တိုင်းရင်းဆေးကောင်စီဝင် ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဦးကျော်သိန်းဌေး၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာ အသင်းဥက္ကဋ္ဌ ဆရာဦးမျိုးမြင့်၊ ကထိက/ဌာနမှူးများ၊ တိုင်းရင်းဆေးတက္ကသိုလ် ဆရာ ဆရာမများ၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့မှ တိုင်းရင်းဆေး ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာကြီးဇီဝက အမှူးပြုသော ရှေးသမားတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို ဂုဏ်ပြုအောက်မေ့သော အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ တိုင်းရင်းသမားတော်ကြီး ဦးသန်းညွန့်ပေးပို့သော သဝဏ်လွှာအား မန္တလေး တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးမျိုးမြင့်က ဖတ်ကြားသည်။ ဆက်လက်ပြီး သဘာပတိ ဒေါက်တာမြဘော်က အဖွင့်အမှာစကား ပြောကြားကာ တိုင်းရင်းဆေးကောင်စီဝင် သဘာပတိဆရာကြီး ဦးဝထွန်းက မြန်မာ့တိုင်းရင်းဆေး သမားတော်များ ပေါင်းစည်းညီညွတ်ရေးနှင့် တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရေးအတွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့နှင့် ကျေးဇူးရှင် တိုင်းရင်းဆေး သမားတော်ကြီးများ အကြောင်း စာတမ်းကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဒုဥက္ကဋ္ဌ ဆရာ ဦးကျော်သိန်းဌေးက ဖတ်ကြားပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ စဉ်ဆက်မပြတ် ဆက်လက်ကျင်းပရေး စာတမ်းကို ဆရာ ဦးမျိုးမင်းဦးက ဖတ်ကြားသည်။

ဆက်လက်၍ ပထမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ဖြစ်မြောက်ရေးအတွက် လျှုဒါန်းကြသော အလှူရှင်အသီးသီးအား ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပြီး တိုင်းရင်းဆေးကောင်စီဝင် သဘာပတိအဖွဲ့မှ ဆရာ ဦးသန်းထွန်းနှင့် ဒေါက်တာမြဘော်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

အဆိုပါ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားအား မြန်မာတိုင်းရင်းဆေးသမားများ အချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်၊ အရိုးကို အရွက်မဖုံးစေဘဲ မူရင်းမြန်မာ့တိုင်းရင်းဆေးပညာ နာယကြီး လေးပါးအား ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက် စေရေးအတွက် တိုင်းရင်းဆေးဆရာများက တက်ညီလက်ညီ အားလုံးပူးပေါင်းဆောင်ရွက်ကြရန်၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုင်းရင်းဆေးပညာဖြင့် တိုးမြှင့်ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးကုဆရာများက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

(ဝဝ၂)

ဗဟန်းမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ ဆရာစံတောင်ရပ်ကွက် သာသနာ့ရှေ့ဆောင်မွှာရုံတွင် မတ် ၆ ရက် နံနက်ပိုင်းက ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ယုဇနစောမြင့်၊ ရန်ကုန်အနောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာဦးကျော်စိန်၊ ဗဟန်းမြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကိုကိုလေး၊ သာသနာ့ရှေ့ဆောင်မွှာရုံ ဥက္ကဋ္ဌ ဦးရန်အောင်နှင့် မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဝင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ယုဇနစောမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုပြောကြားသည်။ သင်တန်းကို ရက်သတ္တတစ်ပတ်ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင်လည်း ယခုလဒုတိယပတ်မှ စတင်ဖွင့်လှစ် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

ကျေးရွာခုနစ်ရွာမှ ဒေသခံများ သွားလာမှုအဆင်ပြေစေရန် ရောဝတီမြစ်ကျိုးအင်းကူးတံတား စုပေါင်းတည်ဆောက်

မိတ္ထီလာ မတ် ၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ လေးအိမ်တန်းကျေးရွာအနီးတွင် ဧရာဝတီမြစ်ကျိုးအင်း(ချောင်းငယ်) တစ်ခုရှိသည်။

အဆိုပါ မြစ်ကျိုးအင်းအား အနီးပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာမှ ဒေသခံပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာနိုင်ရန် စုပေါင်းလုပ်အားဖြင့် ဝါးများဖြင့်တံတားငယ်တစ်ခု တည်ဆောက်ထားခဲ့သည်။ ယင်းဝါးတံတားငယ်သည် နေ့စဉ်ဖြတ်သန်းသွားလာသူများပြားပြီး ကြံ့ခိုင်မှုမရှိခြင်းကြောင့် သံကူကွန်ကရစ်တံတားတစ်စင်းကို ဒေသခံကျေးရွာနေ ပြည်သူများ စုပေါင်း၍ စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"လေးအိမ်တန်း၊ အောင်ပြည်စိုး၊ တန်ဆောင်း၊ ဓားကျွန်း၊ နတ်ညွှန်း၊ ပြည်တော်သာ၊လင့်စင်ကြီး ကျေးရွာတွေက ဒေသခံတွေအနေနဲ့ ဒီမြစ်ကျိုးအင်းကူးဝါးတံတားငယ်ကနေ နေ့စဉ်ဖြတ်သန်းသွားလာရတယ်။ ဝါးတံတားငယ်က ကြာတော့ ကြံ့ခိုင်မှုအားနည်းပြီး ဖြတ်သန်းသွားလာသူတွေအတွက် အန္တရာယ်များတယ်။ ဒါကြောင့် အလှူး ပေ ၃၀၀၊ အကျယ် ၁၂ ပေသံကူကွန်ကရစ်တံတား တစ်စင်းကို စတင်တည်ဆောက်နေတာပါ။ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀၀ လောက်ကုန်ကျမယ်လို့ မှန်းထားတယ်။ လောလောဆယ်တော့ ဒေသခံ ကျေးရွာနေ ပြည်သူများရဲ့ စုပေါင်းလှူဒါန်းငွေ၊ အလှူရှင်များရဲ့ လှူဒါန်းငွေအားလုံးကျပ် သိန်း ၈၀၀ လောက်တော့ ရရှိထားပြီဖြစ်ပါတယ်။ ကျေးရွာဒေသခံ ပြည်သူများအပြင် အဝေးရောက် မြင်းခြံမြို့သူမြို့သားများအနေနဲ့ ဆက်သွယ်လှူဒါန်းနိုင်ကြဖို့လည်း တိုက်တွန်းထားပါတယ်"ဟု တံတားတည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်တစ်ဦး ဖြစ်သည့် ဓားကျွန်းကျေးရွာမှ ဦးလှတင်က ပြောသည်။

တန်ဆောင်း၊ဓားကျွန်း၊နတ်ညွှန်း၊ လင့်စင်ကြီး၊ ပြည်တော်သာ၊ အောင်ပြည်စိုးကျေးရွာဒေသခံပြည်သူများသည် လေးအိမ်တန်းကျေးရွာအနီးရှိ ဧရာဝတီမြစ်ကျိုးအင်းကူး ဝါးတံတားငယ်ပေါ်မှဖြတ်သန်း၍ မြင်းခြံမြို့သို့ အသွားအပြန် ခရီးသွားရောက်ကာ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နေ့စဉ်လုပ်ငန်းများ လုပ်ကိုင်ကြရသည်။ ယင်းဝါးတံတားငယ်ပေါ်မှ ဧရာဝတီမြစ်ရေကျချိန် ဖြစ်သည့် တန်ဆောင်မုန်းလမှ နယုန်လဆန်းပိုင်းအထိသာ ဖြတ်သန်းသွားနိုင်ပြီး ဧရာဝတီမြစ်ရေတက်ချိန်ဖြစ်သည့် နယုန်လပြည့်ကျော်မှ သီတင်းကျွတ်လအထိ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မုံရွာကြက်ငုံးဇုန်ပြန်လည်ထူထောင်ရေး ကျပ်သိန်း ၅၇၀ ထောက်ပံ့

မုံရွာ မတ် ၆

ကြက်ဌက်တုပ်ကွေးရောဂါဝင်၍ မုံရွာကြက်ငုံးမွေးမြူရေးဇုန်တွင် ရှင်းလင်းသုတ်သင်မှုများဆောင်ရွက်လျက်ရှိရာ မတ်၄ရက်အထိ ဥစားကြက်ကောင်ရေ ၁၀၁၀၀၀ ကျော်နှင့် ငုံးကောင်ရေ ၃၂၀၀၀၀ ကျော် ရှင်းလင်းပြီးဖြစ်သည်။ ဆုံးရှုံးမှု တန်ဖိုးမှာ ငွေကျပ်၆၀၂သန်းရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြင်ပကုမ္ပဏီများ၊လုပ်ငန်းရှင်များက ပထမဦးဆုံးအနေဖြင့် မတ် ၅ ရက်က တိုင်းဒေသကြီးအစိုးရုံးခန်းမ၌ ကျင်းပသော မုံရွာကြက်ငုံးမွေးမြူရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျပ်သိန်း၅၀၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်က ကျပ်သိန်း ၁၂၀၊ ခေတ်သစ်ထွန်းကားမှုဏီက ကျပ် ၃၇၅ သိန်း၊ မြန်မာCPကုမ္ပဏီက ကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

တိုက်စစ်မှူးဆစ်ဆီ တံတွေးပြဿနာကြောင့် ခုနစ်ပွဲပယ် ပြစ်ဒဏ်ကျခံရ

နယူးကာဆယ်တိုက်စစ်မှူးဆစ်ဆီသည် မန်ယူနောက်ခံလူ ဂျွန်နီအီဗန်နှင့် ဖြစ်ပွားသော တံတွေးပြဿနာကြောင့် အက်ဖ်အေ၏ ခုနစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ အသက်(၂၉)နှစ်အရွယ်ရှိ ဆစ်ဆီသည် နယူးကာဆယ်က မန်ယူအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် အဆိုပါပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ကစားသမားနှစ်ဦးစလုံး အနည်းဆုံးခြောက်ပွဲပြစ်ဒဏ်ချမှတ်ခံရနိုင်သည်ဟု အက်ဖ်အေကထုတ်ပြန်ကြေညာခဲ့သော်လည်း အီဗန်က ၎င်းအနေဖြင့် မည်သည့်အပြစ်မှမကျူးလွန်ခဲ့၍ ပြစ်ဒဏ်မကျခံနိုင်ဟု ဆိုခဲ့သည်။ ဆစ်ဆီကမူသူ၏ အပြုအမူအတွက် တောင်းပန်ပါကြောင်းနှင့် ပြစ်ဒဏ်ကိုလက်ခံကြောင်း ဆိုခဲ့သည်။

အက်ဖ်အေဝက်ဘ်ဆိုဒ်တွင် "နယူးကာဆယ်ကစားသမားဆစ်ဆီနှင့် မန်ယူကစားသမား အီဗန်တို့ နှစ်ဦးစလုံး အား မတ် ၄ ရက်တွင် ဖြစ်ပွားခဲ့သော ပြဿနာအတွက် အက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှုကို ခံရမည်ဖြစ်သည်။ အကယ်၍ အပြစ်ရှိကြောင်းတွေ့ရှိရပါက တစ်ဦးကို အနည်းဆုံးခြောက်ပွဲခန့်ပွဲပယ်ပြစ်ဒဏ်ခံရမည်ဖြစ်သည်။

နယူးကာဆယ်၏အမှုဆောင်ဒါရိုက်တာချန်နလီက "ဂျွန်တော်တို့ရောဆစ်ဆီပါ ဒီလိုအပြုအမှုကိုလက်သင့်မခံပါဘူး။ ရှေ့မှာ တစ်ခုခု မှားသွားရင် ပြင်ဆင်ဖို့က ကိုယ့်တာဝန်ပါ။ ဒီအပြစ်အတွက် ထိုက်သင့်တဲ့ပြစ်ဒဏ်မျိုးကိုလည်းခံယူရမှာပါပဲ။ ပါပစ်(ဆစ်ဆီ)က ဒီနေ့တောင်းပန်တာက စိတ်ရင်းနဲ့တကယ်ကို လေးလေးနက်နက်တောင်းပန်တာပါ။ ပြီးတော့ ပြစ်ဒဏ်ကာလ အတောအတွင်းမှာလူမှုရေးလုပ်ငန်းတွေ ပိုမိုဆောင်ရွက်သွားဖို့ သူကဆန္ဒရှိနေတယ်"ဟုပြောကြားခဲ့သည်။

ရုပ်မြင်သံကြားပြကွက်တွင်မူ အီဗန်တံတွေးဖြင့် မထွေးမီဆစ်ဆီက အီဗန်အား လှမ်းဆွဲခဲ့ကာ ပြဿနာစတင်ခဲ့ခြင်းဖြစ်သည်။ မန်ယူနည်းပြဗန်ဟားလ်နှင့် အီဗန်တို့က ပြစ်ဒဏ်ကျခံလိုခြင်းမရှိဘဲ ဗန်ဟားလ်ကယင်းဖြစ်ရပ်မှာ လူသားဆန်သည့်လူတိုင်းတွင် ဖြစ်လေ့ရှိသော ပြဿနာပင်ဖြစ်သည့် အက်ဖ်အေအနေဖြင့် သေချာစဉ်းစားနိုင်မည်ဟုမျှော်လင့်ကြောင်း ကာကွယ်ပြောကြားထားသည်။ အကယ်၍ အီဗန်အနေဖြင့် ပြစ်ဒဏ်ကို လက်ခံခဲ့လျှင်အာဆင်နယ်နှင့် ကစားရမည့် အက်ဖ်အေဖလား အပါအဝင် မန်စီးတီး၊ လီဗာပူးတို့ အပြင်စပါးနှင့် ကစားရမည့် ပရီမီယာလီဂ် အရေးကြီးပွဲစဉ်များ အားလုံးကို လွဲချော်ရတော့မည်ဖြစ်သည်။

(မေလဲ့သင်း)

ကွင်းလယ်ကစားသမားရှနိုက်ဒါလင် အာဆင်နယ်၏ ပစ်မှတ်ဖြစ်လာ

ပရီမီယာလီဂ်ကလပ် အာဆင်နယ်အသင်းသည် ဆောက်သမ်တန်အသင်းမှ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ဆောက်သမ်တန်အသင်းမှာမူ အာဆင်နယ်က ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည့် ရှနိုက်ဒါလင်အာ စာချုပ်သစ်တစ်ရပ်ကမ်းလှမ်းသွားရန်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ဆောက်သမ်တန်အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား အာဆင်နယ်သို့ ပြောင်းရွှေ့မသွားရေး ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်သည်။

ပြင်သစ်ကြယ်ပွင့်ကစားသမားတစ်ဦးဖြစ်သည့် ရှနိုက်ဒါလင်သည် ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်း၏ ခေါ်ယူရန်ပစ်မှတ်ထားနေသည့် နံပါတ်တစ်ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ရှနိုက်ဒါလင်ကလည်း လက်ရှိကစားလျက်ရှိသည့် ဆောက်သမ်တန်အသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် ဆောက်သမ်တန် ကွင်းလယ်ကစားရှနိုက်ဒါလင်၏ လက်ရှိဆောက်သမ်တန်အသင်းနှင့် စာချုပ်သက်တမ်းသည် နှစ်နှစ်ကျန်ရှိနေပြီး ဆောက်သမ်တန်အသင်းက ရှနိုက်ဒါလင်အား တစ်ပတ်လုပ်ခလစာပေါင်း ၆၀၀၀၀ ပေး၍ စာချုပ်သစ်ချုပ်ဆိုရန် အသင့်ရှိနေကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် လက်ရှိတွင် အသင်းခေါင်းဆောင် မိုက်ကယ်အာတီတာအား ၂၀၁၆ ခုနှစ်တိုင်အောင် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုကာ ကွင်းလယ်ပိုင်းအားနည်းမှုကို ဆက်လက်ထိန်းထားနိုင်ခဲ့သော်လည်း မျက်နှာသစ်ကစားသမားများကို အသုံးပြုသည့်အစဉ်အလာရှိနေသော အာစင်ဝင်းဂါးအနေဖြင့် ဆောက်သမ်တန် ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်ကို မျက်စိကျနေခြင်းဖြစ်သည်။



အာဆင်နယ်အသင်းသည် ရှနိုက်ဒါလင်အပြင် လေဗာကူဆင်ကစားသမားများဖြစ်သည့် ဘန်ဒါနှင့် ကရမ်မာတို့ကို ခေါ်ယူရန်ဆန္ဒရှိနေပြီး ဒေါ့မွန်ကစားသမား ဝွန်ဒိုဂန်ကိုလည်း အမ်မရိတ်အရောက်ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

(ငွေကြယ်)

ဂျာဒီယိုလာထက်အန်စလော့တီနှင့် ကောင်းမွန်သောဆက်ဆံရေးရှိဟု တိုနီခရူးစ်ဆို

ဂျာမနီလက်ရွေးစင်ဘောလုံးသမား တိုနီခရူစ်သည် ၎င်းအနေဖြင့် ဘိုင်ယန်ကိုစွန့်ခွာ၍ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့သွားခဲ့သော အကြောင်းပြချက်များစွာထဲက တစ်ခုမှာ အန်စလော့တီကြောင့်ဟု ဆိုခဲ့သည်။ ခရူးစ်က ဘိုင်ယန်နည်းပြ ဂျာဒီယိုလာထက်ရီးယဲလ်နည်းပြအန်စလော့တီနှင့် ပိုမိုကောင်းမွန်သောဆက်ဆံရေးမျိုးရှိသည်ဟုဆက်လက်ပြီးရှင်းလင်းပြောကြားခဲ့သည်။

၎င်းက ဘိုင်ယန်တွင် ရှိနေစဉ်ကာလက ဂျာဒီယိုလာနှင့် အေးစက်သောဆက်ဆံရေးမျိုးသာရှိခဲ့သော်လည်း ဘာနေဗျူးတွင်အန်စလော့တီနှင့် ထိုသို့သော အခြေအနေမဟုတ်ကြောင်းဆိုသည်။ ခရူးစ်က " ဂျွန်တော်ရီးယဲလ်ကိုရောက်လာတဲ့ အကြောင်းရင်းတွေထဲက တစ်ခုက အန်စလော့တီကြောင့်ပါ။ အသင်းမပြောင်းခင် သာမန်ဆွေးနွေးမှုတွေ လုပ်တော့သူက ရီးယဲလ်အင်အားတောင့်တင်းလာစေဖို့ ဂျွန်တော့်ကို လိုအပ်တယ်ဆိုတာ အပေါင်းလက္ခဏာဆောင်တဲ့အမြင်နဲ့ ရှင်းပြခဲ့ပါတယ်။ သူကဂျွန်တော်မကစားဘူးသေးတဲ့ နေရာမှာ ဂျွန်တော်ဘာကြောင့် အံဝင်အောင်ကစားနိုင်မှာလဲဆိုတာမျိုး ရှင်းပြခဲ့တယ်။ ဂျွန်တော်တို့ကြားမှာကောင်းမွန်တဲ့ ဆက်ဆံရေးမျိုး ရှိပါတယ်။ပွဲတစ်ပွဲမကစားခင် ဂျွန်တော်တို့ အကြိမ်ပေါင်းများစွာ ဆက်သွယ်ဆောင်ရွက်တတ်ကြတယ်။ လိုအပ်ချက်တွေ ရှိနေရင်လည်း အမြဲစဉ်းစားပေးပြီး ဆောင်ရွက်တတ်ပါတယ်" ဟု ယူအီးအက်ဖ်အေသို့ ပြောကြားခဲ့သည်။

ခရူးစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်၌ ပွဲအများဆုံးကစားထားသောကစားသမားလည်းဖြစ်ကာစုစုပေါင်း ၃၉ ပွဲ ဝင်ရောက်ကစားထားပြီး သွင်းဂိုးတစ်ဂိုးသွင်းယူပေးထားသည်။

(မေလဲ့သင်း)

ကာပယ်လ်ဟိုအား ခေါ်ယူရန် လီဗာပူးဆန္ဒရှိ

အင်္ဂလန်ပရီမီယာလီဂ်ကလပ် လီဗာပူးအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာတော့မည့် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်၏ နေရာတွင် စပို့တင်းလစ္စဘွန်းအသင်း၏ ပေါ်တူဂီလူငယ်ကွင်းလယ်ကစားသမားဝီလျံကာဗယ်လ်ဟိုအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်းသိရသည်။ လက်ရှိအချိန်တွင် ကာဗယ်လ်ဟိုမှာ ဥရောပအင်အားကြီးကလပ်အသင်းများစွာက ခေါ်ယူရန်စောင့်ကြည့်ခြင်းခံနေရသူဖြစ်ပြီး ပြီးခဲ့သည့်ဆောင်းရာသီကာလက ချယ်လ်ဆီးအသင်းနှင့် သတင်းများ မကြာခဏထွက်ပေါ်ခဲ့ဖူးသူလည်းဖြစ်သည်။ သို့သော် လီဗာပူးအသင်းအနေဖြင့် ကာဗယ်လ်ဟိုအား အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူ၍ ခေါ်ယူသွားရန် ပြင်ဆင်နေပြီး မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၃၂ သန်းခန့်ဖြင့် ကမ်းလှမ်းရန် စီစဉ်နေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ စပို့တင်းလစ္စဘွန်းအသင်းမှာ ၎င်းတို့၏ ကစားသမားအား လက်လွှတ်ရန် ဆန္ဒမရှိသော်လည်း လီဗာပူးအသင်း၏ မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ပါက ငြင်းဆန်နိုင်မည်မဟုတ်ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

အသက်(၂၂) နှစ်အရွယ်ရှိ အန်ဂိုလာနွယ်ဖွားကွင်းလယ်ကစားသမားမှာ စပို့တင်းလစ္စဘွန်းအသင်း၏ လူငယ်အကယ်ဒမီမှ ပေါ်ထွက်လာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၅၀ ကျော် ပါဝင်ကစားပေးခဲ့သလို ပေါ်တူဂီလက်ရွေးစင်အသင်းအတွက်လည်း ၁၁ ပွဲ အထိ ပါဝင်ကစားဖူးသူဖြစ်ကြောင်းသိရသည်။

(ကိုရဲ)

ပယ်လက်ကာနိုတိုက်စစ်မှူး ဗျူနိုအား ဆောက်သမ်တန် မျက်စိကျနေ

ဆောက်သမ်တန်အသင်းသည် ဗယ်လက်ကာနိုတိုက်စစ်မှူး ဗျူနိုအား လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် မျက်စိကျနေကြောင်း သိရသည်။

တိုက်စစ်မှူး ဗျူနိုသည် အသက်အားဖြင့် (၂၆)နှစ်အရွယ်သာရှိသေးပြီး ဆောက်သမ်တန်အသင်းနည်းပြ ကိုးလ်မန်း၏ တိုက်စစ်ပိုင်းကိုအားဖြည့်ရန်အဓိကပစ်မှတ်တစ်ခုဖြစ်လာခဲ့သည်။

ထို့သို့ ဆောက်သမ်တန်အသင်းနည်းပြ ကိုးလ်မန်းအနေဖြင့် အဆိုပါတိုက်စစ်မှူးအား ခေါ်ယူလိုသော်လည်း အီတလီစီးရီးအေ၏ ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် အင်တာမီလန်အသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဝုလ်စ်ဘတ်အသင်းတို့နှင့် အပြိုင်ကြိုးပမ်းရမည့် အနေအထားတွင် ရှိနေသည်။

လက်ရှိတွင် ဆောက်သမ်တန်အသင်းသည် တိုက်စစ်မှူးပယ်လီအား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားသော်လည်း လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ဗယ်လက်ကာနို တိုက်စစ်မှူး ဗျူနိုအား ဆောက်သမ်တန်အသင်းအရောက်ခေါ်ယူသွားရန် ဆောက်သမ်တန်အသင်းနည်းပြ ကိုးလ်မန်းက ပစ်မှတ်ထားနေခြင်းဖြစ်သည်။

(ငွေကြယ်)

မတ် ၇/၈ ရက်နေ့ ယှဉ်ပြိုင် ပွဲစဉ်များ

အက်ဖ်အေဖလားကွာတားဖိုင်နယ်

ဘရက်ဖို့ဒ်	- ရက်ဒင်း	ည-၇း၁၅
ဗီလာ	- ဝက်စ်ဘရွန်း	ည ၁၂း၀၀

စပိန်လီဂ

ဒီပို့တီဗို	- ဆီဗီလာ	ည-၉း၃၀
ဘီလ်ဘို	- ရီးရဲမက်ဒရစ်	ည ၁၁း၃၀
အလ်ချီချီ	- အယ်မာရီးယား	နံနက် ၁း၃၀
ဂရန်နာဒါ	- မာလာဂါ	နံနက် ၃း၃၀

ဘွန်ဒက်လီဂ

ရှော်ကေး	- ဟော့ဖန်ဟိန်း	ည-၉း၀၀
အော့ဘတ်	- ဝုတ်ဘတ်	ည ၉း၀၀
ဟန်နိုဗာ	- ဘိုင်ယန်မြူနစ်	ည ၉း၀၀
ဖရိုင်းဘတ်	- ဝါဒါဘရီမင်	ည ၉း၀၀
ဟမ်းဘတ်	- ဒေ့ါ့မွန်	ည ၉း၀၀
မိန့်ဇ်	- ဂလာဘတ်ချ်	ည ၉း၀၀

စီးရီးအေ

ဆမ့်ဒိုးရီးယား	- ကယ်ဂလီယာရီ	ည-၁၁း၃၀
အေစီမီလန်	- ဗီရိုနာ	နံနက် ၂း၁၅

(မောင်မောင်ဇော်)

ဆိုင်ကယ်လမ်းဘေးမြောင်းထဲထိုးကျ၊ တစ်ဦးသေဆုံး

နေပြည်တော် မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၅၃/၃)အနီးတွင် မတ် ၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မြင်းမူမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ချောင်ဦးဘက်မှ မြင်းမူဘက်သို့ မြင်းမူမြို့ တပင်ရွှေထီးရပ်နေ ကိုအောင်(၂၁)နှစ် မောင်းနှင်ပြီး တစ်ရပ်တည်းနေ နောင်နောင်(၂၇)နှစ်နှင့် လင်းလင်းအောင်(၂၁)နှစ်တို့လိုက်ပါလာသော KENBO-125 အနက်ရောင်ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ မြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ကိုအောင်တွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားခဲ့ပြီး နောင်နောင်နှင့် လင်းလင်းအောင်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ကိုအောင်အား မြင်းမူမြို့မရဲစခန်းက ယာဉ်(ပ)၇/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ပြင်ဦးလွင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂ ပြား သိမ်းဆည်းရမိ

မသန်းသန်းမြင့်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၆

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈) "ဝ"ရပ်ကွက် ညဝတီလမ်း မသန်းသန်းမြင့်(ခ) မဖြူ၏ နေအိမ်ကို သတင်းအရရှာဖွေရာ အိပ်ခန်းအတွင်း အိပ်ရာခေါင်းအုံးအောက်ရှိ ကော်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂ ပြား သိမ်းဆည်းရမိသဖြင့် မသန်းသန်းမြင့်(ခ) မဖြူ(၄၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(မူးယစ်ဗဟို)

နိုင်ကျော်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နမ့်ခမ်းမြို့နယ်၌ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မတ် ၃ ရက်က နမ့်ခမ်းမြို့နယ် မန့်ဟောင်းကျေးရွာ ကူးတို့ဆိပ်အနီး လမ်းမပေါ်တွင် နမ့်ခမ်းမြို့ဘက်မှ မန့်ဟောင်းကျေးရွာ ကူးတို့ဆိပ်ဘက်သို့ နိုင်ကျော်ဦး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အနွေးထည်ဂျင်းအင်္ကျီဝဲဘက်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက်၊ ဘိန်းဖြူမှုန့် အလေးချိန် သုည ဒသမ ၀၁ ကီလိုနှင့် ဆိုင်ကယ်ထိုင်ခုံအောက် တူးဘောက်(စ်)အတွင်းမှ ပလတ်စတစ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ တို့ကို သိမ်းဆည်းရမိသဖြင့် နိုင်ကျော်ဦး (၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(မူးယစ်ဗဟို)

နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၆

မကွေးတိုင်းဒေသကြီး ဆောမြို့ သီရိပုပဲကုန်းရပ်တွင် မတ် ၄ ရက် ညနေ ၄ နာရီ ၃၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဆောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်နှစ်စီး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ပိုင်းဝန်းဦမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ ရပ်ကွက်နေ ဟန်ဝင်းနောင်(၄၅)နှစ်၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ သုံးပင်ပတ်လည် သက်ငယ်မိုး/ဝါးထရံကာ/ဝါးကြမ်းခင်းနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ဟန်ဝင်းနောင်အား ဆောမြို့မရဲစခန်းက(ပ)၁၄/၂၀၁၅၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မင်းဘူး-မကွေးကားလမ်းတွင် ခရီးသည်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေဆုံး

မင်းဘူး မတ် ၆

မင်းဘူးမြို့နယ် မင်းဘူး-မကွေးကားလမ်း တောင်လှည်းကောက်လမ်းဆုံတွင် မတ် ၅ ရက် ည ၁၀ နာရီ မိနစ် ၂၀ က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သဖြင့် အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မင်းဘူးမြို့တွင်းဘက်မှ မကွေးဘက်သို့ ဇင်မင်းထူး (၂၀)နှစ် သံတွဲမြို့နေသူမောင်းနှင်သည့် ၈စ/--- ရွှေပြည်ရခိုင်ယာဉ်လိုင်း စူပါမြေလတ်စက်မှုဇုန်ထုတ် BUS အစိမ်းနုရောင်ယာဉ်သည် တောင်လှည်းကောက်လမ်းဆုံအနီးအရောက်တွင် မကွေးမြို့မှ မင်းဘူးမြို့တွင်းသို့ ကျော်ရဲအောင်(၁၈)နှစ် မင်းဘူးမြို့နေသူမောင်းနှင်ပြီး နောက်မှတစ်ရပ်ကွက်တည်းနေ မျိုးသက်ထွန်း(၁၈)နှစ် လိုက်ပါလာသော ၄ယ/--- ကန်ဘို 110 အစိမ်းရောင်ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှမောင်းနှင်လာသည့် ယာဉ်၏ ယာဘက်ရှေ့ဘီးအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ကျော်ရဲအောင်တွင် ယာမျက်ခုံးပွန်း၊ ဝဲခြေဖဝါးပွန်း (မစိုးရိမ်ရ)ဒဏ်ရာနှင့် မျိုးသက်ထွန်းတွင် ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ကြောင်းသိရသည်။အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းကျော်ရဲအောင်အား မင်းဘူးမြို့နယ် ရဲစခန်းက ယာဉ်(ပ)၁၃/၂၀၁၅၊ ပုဒ်မ ၃၀၄-က/၃၃၇ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(ကျော်ဇေယျ)

မြိတ်အကျဉ်းထောင်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇ ပြား သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အကျဉ်ဦးစီးဌာန(မြိတ်)မှ တပ်ဖွဲ့ဝင်များသည် မတ် ၂ ရက်က မြိတ်အကျဉ်းထောင်တွင် ထောင်ဝင်စာပစ္စည်းတို့ကို စစ်ဆေးရှာဖွေစဉ် ထောင်ကျတရားခံ ဝဏ္ဏစိုး(ခ)ဝဏ္ဏ ၏ဇနီး မသီသီအောင် ယူဆောင်လာသည့် မုန့်ကုလားမဲထုပ်အတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၉၇ ပြား သိမ်းဆည်း ရမိသဖြင့် မသီသီအောင်(၂၉)နှစ်နှင့် ဝဏ္ဏစိုး(ခ)ဝဏ္ဏ(၂၉)နှစ်(အကျဉ်းသား)တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(မူးယစ်ဗဟို)

နေအိမ်အတွင်း ဆိုင်ကယ် ဝင်ရောက်ခိုးယူသူအား အရေးယူ

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ ဒေါ်နန်းဆွတ် (၄၀)နှစ်သည် နေအိမ်ဘေးခန်း၌ ရပ်ထားသော ၃၆ယ/--------Wave-110 အနက်ရောင်ဆိုင်ကယ် ပျောက်ဆုံးနေသည်ကို တွေ့ရ၍ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာသို့ အလုပ်သွားရောက်လုပ်ကိုင်နေသော ခင်ပွန်းဖြစ်သူ အိုက်ဆမ်း(၃၉)နှစ်အား ဖုန်းဖြင့်အကြောင်းကြားခဲ့သည်။

ထိုသို့အကြောင်းကြားမှုကြောင့် အိုက်ဆမ်းသည် မိုင်းကိုးကျေးရွာမှ နေအိမ်သို့ပြန်လာစဉ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်အရောက် ၎င်း၏ ဆိုင်ကယ်အား လူတစ်ဦးမှ မောင်းနှင်လာသည်ကို တွေ့ရှိရသောကြောင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းကာ ပိုင်းဝန်းဖမ်းဆီးမေးမြန်းရာ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်နေ စိုးလွင်ကျော်(ခ)စိုးစိုး(၂၈)နှစ်ဖြစ်ပြီး ဆိုင်ကယ်အား မွန်းလွဲ ၂ နာရီခန့်က ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း မေးမြန်းသိရှိရ၍ အရေးယူရန်တိုင်တန်းသဖြင့် စိုးလွင်ကျော်(ခ)စိုးစိုးအား တာချီလိတ်မြို့မရဲစခန်းက (ပ)၅၄/၂၀၁၅ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အရှိန်ထိန်းအချက်ပြမီးတိုင် လဲကျမှု သုံးရက်ခန့်ကြာသော်လည်း ပြုပြင်သူကင်းမဲ့နေ

ရန်ကုန် မတ် ၆

မြောက်ဥက္ကလာ သုဓမ္မာလမ်းမကြီးပေါ်တွင် ဂျန္ဒာလမ်းကားမှတ်တိုင်နှင့် ဥဇ္ဇနာလမ်း ကားမှတ်တိုင်ကြား အမက(၁၈) ကျောင်းရှေ့၌ လူကူးမျဉ်းကျားရှိကြောင်း သတိပေးအရှိန်ထိန်း အချက်ပြမီးတိုင် လဲကျနေသည်ကို မတ် ၅ ရက်က တွေ့ရသည်။

ထိုအရှိန်ထိန်း အချက်ပြမီးတိုင်အား မတ် ၃ ရက် ညနေ ၃ နာရီခန့်တွင် အင္ဂြာယာဉ်တစ်စီးမှ အရှိန်မထိန်းနိုင်ဖြစ်ပြီး ဝင်တိုက်မိသဖြင့် အောက်ခြေအုတ်ခုံ ကျွတ်လဲကျခဲ့ကြောင်း၊ တိုက်မိသည့်အင္ဂြာယာဉ် ဦးခေါင်းပိုင်း ပျက်စီးသွားကြောင်း ဖြစ်ပွားရာနေရာအနီးရှိ ပြည်သူများထံမှ သိရသည်။ ယင်းအင္ဂြာယာဉ်မှာ ဦးခေါင်းပိုင်းပျက်စီးသွားသော်လည်း စက်ပျက်စီးမှုမရှိ၍ မောင်းနှင်ထွက်ပြေးသွားကြောင်း၊ ထိုအရှိန်ထိန်းအချက်ပြမီးတိုင် လဲကျနေသည်မှာ သုံးရက်ခန့်ကြာနေပြီဖြစ်သော်လည်း သက်ဆိုင်ရာက လာရောက်ပြုပြင်ထိန်းသိမ်းမှုမရှိသေးကြောင်း ပြည်သူများ၏ ပြောဆိုသံများ ကြားသိရသည်။

(ကျိသရီ)

တွံတေး၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးလောင်မှုလျော့ပါးရေး ကွင်းဆင်ဆောင်ရွက်

တွံတေး မတ် ၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း ပွင့်လင်းရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးလောင်မှုလျော့ပါးရေးအတွက် အသိပညာပေးကွင်းဆင်းဆောင်ရွက်မှုကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တွံတေးမြို့နယ်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ လျှပ်စစ်ဓာတ်အားကြိုးလိုင်းများ စစ်ဆေးခြင်း၊ ဓာတ်အားလိုင်းပေါ်ကျရောက်လျက်ရှိသော သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ဓာတ်အားဖြန့်ဖြူးသော ထရန်စဖော်မာများ သုံးစွဲဝန်အားနှင့် ဗို့အားမျှတမှု ရှိ၊ မရှိ လမ်းဘေး စက်သုံးဆီအရောင်းဆိုင်များအား စည်းကမ်းနှင့်အညီ ရောင်းချရေး၊ တွံတေးမြို့မဈေးကြီးအတွင်းစျေးဆိုင်များစည်းကမ်းနှင့်အညီလျှပ်စစ်မီးသုံးစွဲရေးတို့ကို မတ် ၁ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်သန်းတို့ ဦးဆောင်၍ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးလှိုင်(တွံတေး)

ဘွိုင်လာဥပဒေကြမ်း

b‌ivm0ya'‌ur;
(cEp‌ jynaxmipvwawm 0ya' trw -)
13 cEp‌ v‌ &u
(20 cEp‌ v‌ &u)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဘွိုင်လာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဘွိုင်လာ**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကိုပြင်ပ၌အသုံးပြုရန် အပူရှိန်ဖြင့်ရေနွေးငွေ့ထုတ်လုပ်ပေးသည့် အလုံပိတ်ဖိအားခံအိုးကို ဆိုသည်။ယင်းဖိအားခံအိုးတွင်တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းများလည်း ပါဝင်သည်။ သို့ရာတွင် ၂၅ လီတာသို့မဟုတ် ၅. ၅ ဂါလန်အောက်လျော့နည်း၍ဝင်ဆံ့သောဖိအားခံအိုးများသည်လည်းကောင်း၊ တစ်စတုရန်းစင်တီမီတာပေါ်တွင် တစ်ကေဂျီအက်(ဖ်) သို့မဟုတ် တစ်စတုရန်းလက်မပေါ်တွင်၁၄ ဒသမ ၂ပေါင်ဖိအားအောက်လျော့နည်းသောဖိအားခံအိုးများသည်လည်းကောင်း၊ ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းများသည်လည်းကောင်းအကျုံးမဝင်။

(ခ) **ရေနွေးငွေ့ပိုက်**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကိုအသုံးပြုမည့် နေရာသို့ရေနွေးငွေ့ပို့လွှတ်ရန် ဘွိုင်လာမှသွယ်တန်းထားသော ပင်မပိုက်နှင့် ယင်းပင်မပိုက်တွင် တပ်ဆင်ထားသောပစ္စည်းကိရိယာများကိုဆိုသည်။

(ဂ) **ရေသွင်းပိုက်**ဆိုသည်မှာဘွိုင်လာအတွင်းသို့ဘွိုင်လာသုံးရေဖြတ်သန်းသွားသည့်လုံးဝ သို့မဟုတ် အချို့အဝက်ဖိအား ခံရသော ပိုက်နှင့် ယင်းပိုက်တွင် တပ်ဆင်ထားသောပစ္စည်းကိရိယာများကိုဆိုသည်။

(ဃ) **ခွင့်ပြုဖိအား**ဆိုသည်မှာမြန်မာနိုင်ငံစံချိန်စံညွှန်းသို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးတွက်ချက်၍ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တွင် အသုံးပြုရန်ခွင့်ပြုသော ဖိအားကိုဆိုသည်။

(င) **မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း**ဆိုသည်မှာဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုပေါက်ကွဲခြင်း သို့မဟုတ် ခိုင်မာမှုဆုတ်ယုတ်ခြင်းကြောင့် ပေါက်ကွဲစေနိုင်သောယိုယွင်းမှုဖြစ်ပေါ်ခြင်းကိုဆိုသည်။

(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ စက်မှုဝန်ကြီးဌာနကိုဆိုသည်။

(ဆ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနကိုဆိုသည်။

(စျ) **စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ဝန်ကြီးဌာနကခန့်အပ်ထားသောပုဂ္ဂိုလ်ကိုဆိုသည်။

(ည) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန်ဝန်ကြီးဌာနက ခန့်အပ်ထားသောပုဂ္ဂိုလ်ကိုဆိုသည်။

(ဋ) **အသုံးပြုခွင့်**လက်မှတ်ဆိုသည်မှာသတ်မှတ်သောခွင့်ပြုဖိအားဖြင့် တစ်နှစ်ထက်မကျော်သည့်ကာလအတွက် ဘွိုင်လာကို အသုံးပြုရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

(ဌ) **ယာယီအသုံးပြုခွင့်လက်မှတ်**ဆိုသည်မှာ အသုံးပြုခွင့်လက်မှတ်မရရှိမီ သင့်လျော်သောခွင့်ပြုဖိအားဖြင့် ခြောက်လထက်မကျော်သည့် ကာလအတွက် ဘွိုင်လာကိုအသုံးပြုရန် စစ်ဆေးရေးမှူးက ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

(ဍ) **ပိုင်ရှင်**ဆိုသည်မှာဘွိုင်လာကိုပိုင်ဆိုင်သူ၊ ယင်း၏ကိုယ်စားလှယ်အဖြစ်ဖြင့်ဘွိုင်လာကိုအသုံးပြုသူ၊ ဘွိုင်လာကို အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေ မပါဘဲဖြစ်စေငှားရမ်း၍အသုံးပြုသူနှင့် ဘွိုင်လာအသုံးပြုခြင်းကိုကြီးကြပ်ကွပ်ကဲသူတို့ ပါဝင်သည်။

(ဎ) **ဘွိုင်လာထုတ်လုပ်သူ**ဆိုသည်မှာဘွိုင်လာ၊ဘွိုင်လာနှင့် ဆက်စပ်သည့် ဖိအားခံအစိတ်အပိုင်းများကို မြန်မာနိုင်ငံ စံချိန်စံညွှန်းသို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်သူကိုဆိုသည်။

(ဏ) **ဘွိုင်လာပြုပြင်သူ**လက်မှတ် ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာလုပ်ငန်းတွင် သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သူအား စစ်ဆေးရေးမှူးချုပ်က နှစ်နှစ်ထက်မကျော်သည့် ကာလအတွက် ထုတ်ပေးသည့်အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(တ) **ဘွိုင်လာပြုပြင်သူ**ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာလုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသောဘွိုင်လာ ပြုပြင်သူ လက်မှတ်ရရှိထားသူကိုဆိုသည်။

(ထ) **ဘွိုင်လာကိုင်တွယ်သူလက်မှတ်**ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းတွင် သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီသူအားစစ်ဆေးရေးမှူးချုပ်ကထုတ်ပေးသည့်အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ဒ) **ဘွိုင်လာကိုင်တွယ်သူ**ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ဘွိုင်လာကိုင်တွယ်သူလက်မှတ်ရရှိထားသူကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်း ဖြစ်သည်-

(က) ဘွိုင်လာမတော်တဆထိခိုက်မှုကြောင့်နိုင်ငံတော်နှင့်အများပြည်သူတို့ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရန်။

(ခ) ဘွိုင်လာမတော်တဆထိခိုက်မှု ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်။

(ဂ) နိုင်ငံတော်အတွင်း ဘွိုင်လာများအား မြန်မာနိုင်ငံစံချိန်စံညွှန်းသို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ အသုံးပြုစေရန်။

(ဃ) ဘွိုင်လာနည်းပညာများဖွံ့ဖြိုးတိုးတက်စေရန်။

(င) ဘွိုင်လာများ စွမ်းရည်ပြည့်အသုံးပြုနိုင်စေရန်။

(စ) ဘွိုင်လာများသက်တမ်းကြာရှည်စွာအသုံးပြုနိုင်စေရန်။

(ဆ) ဘွိုင်လာများထုတ်လုပ်၊ ပြုပြင်၊ ကိုင်တွယ်ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သူများ တိုးတက်ပေါ်ပေါက်စေရန်။

(ဇ) စွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်စေရန်။

(စျ) ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဘေးအန္တရာယ် မဖြစ်ပွားစေရန်။

အခန်း(၃)
ဘွိုင်လာစံချိန်စံညွှန်းများနှင့် ဘွိုင်လာစစ်ဆေးမှုနည်းစနစ်များ

၄။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်-

(က) ဤဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအရ ဘွိုင်လာအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အလို့ငှာ စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များ ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ဘွိုင်လာစံချိန်စံညွှန်းများနှင့် ဘွိုင်လာစစ်ဆေးရေးနည်းစနစ်များသည်သာ အတည်ဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ အတည်ပြုသတ်မှတ်ထားသော ဘွိုင်လာစံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များအရ စစ်ဆေးရရှိသည့် ရလဒ်များသည်သာ အတည်ဖြစ်ကြောင်း သတ်မှတ်ရမည်။

အခန်း(၄)
ဘွိုင်လာမှတ်ပုံတင်ခြင်း

၅။ ဘွိုင်လာကိုလုပ်ငန်းတစ်ရပ်ရပ်အတွက်အသုံးပြုလိုသူသည် ဤဥပဒေအရ မှတ်ပုံတင်ရမည်။

၆။ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသောဘွိုင်လာဖြစ်ရမည်။

၇။ ပုဒ်မ၅နှင့် ပုဒ်မ ၆ တို့အရဘွိုင်လာမှတ်ပုံတင်ပေးရန် လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ ဘွိုင်လာနှင့် သက်ဆိုင်သည့်အထောက်အထားနှင့် သက်သေခံလက်မှတ်များ ပူးတွဲ၍ စစ်ဆေးရေးမှူးထံ တင်ပြရမည်။

၈။ ပုဒ်မ၇အရ ဘွိုင်လာမှတ်ပုံတင်ရန်လျှောက်ထားချက်ကိုလက်ခံရရှိသည့်အခါ သက်ဆိုင်ရာ စစ်ဆေးရေးမှူးသည် ဘွိုင်လာကို လိုအပ်သောစိစစ်မှု၊ စစ်ဆေးမှုများ ပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက်ကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

၉။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၈ အရ စစ်ဆေးရေးမှူး၏ တင်ပြချက်ကို လိုအပ်သလို စိစစ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဘွိုင်လာမှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၀။ စစ်ဆေးရေးမှူးချုပ်သည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာအရွယ်အစားကို မီးရှိန်ရိုက်ဧရိယာအလိုက် သတ်မှတ်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မီးရှိန်ရိုက်ဧရိယာအလိုက် ဘွိုင်လာမှတ်ပုံတင်ကြေးနှင့် စစ်ဆေးခနှုန်းထားတို့ကို သတ်မှတ်ပေးရမည်။

အခန်း(၅)
ပိုင်ရှင်၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၂။ ပိုင်ရှင်သည် မှတ်ပုံမတင်ရသေးသောဘွိုင်လာကို-

(က) အသုံးပြုခွင့်လက်မှတ်ရရှိရေးအတွက်သတ်မှတ်သည့်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာစစ်ဆေးရေးမှူးထံလျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ထားသည့်ဘွိုင်လာကိုသာ မှတ်ပုံတင်ရန်လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ(က)အရ လျှောက်ထားသည့်အခါ သတ်မှတ်သောအခကြေးငွေကို ပေးဆောင်ရမည်။

၁၃။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ်ပျက်ပြယ်သည့် ဘွိုင်လာကို-

(က) ဆက်လက်အသုံးပြုနိုင်ရေးအတွက် အသုံးပြုခွင့် လက်မှတ်အသစ်ကို ထုတ်ပေးရန်သတ်မှတ်သည့် နည်းလမ်းနှင့်အညီ သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားသည့်အခါသတ်မှတ်သောအခကြေးငွေကို ပေးဆောင်ရမည်။

၁၄။ ပိုင်ရှင်သည်အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရရှိထားစေကာမူ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ ကြိုတင်လျှောက်ထားရမည်-

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက်ပိုမိုသုံးစွဲခြင်း။

(ခ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ဘွိုင်လာတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်လဲခြင်း၊ သို့ရာတွင်မူလပစ္စည်းအောက် အရည်အသွေးမယုတ်လျော့သည့် ပစ္စည်းဖြင့် ခွင့်ပြုဖိအားကို မထိခိုက်သည့်ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်လဲခြင်း မပါဝင်။

၁၅။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက လိုအပ်၍ တောင်းဆိုသည့်အခါတင်ပြရမည်။

၁၆။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကိုသက်တမ်းမကုန်ဆုံးမီ သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ အမြန်ဆုံးပြန်လည်အပ်နှံရမည်။

၁၇။ ဘွိုင်လာကို ပိုင်ရှင်တစ်ဦးမှတစ်ဦးသို့လွှဲပြောင်းပေးအပ်သည့်အခါ မူလပိုင်ရှင်သည်မိမိ၏အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကိုလွှဲပြောင်းပေးအပ်ရမည်။ထိုသို့လွှဲပြောင်းပေးအပ်ပြီးကြောင်းကိုလွှဲပြောင်းပေးအပ်သည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း စစ်ဆေးရေးမှူးထံ စာဖြင့်အကြောင်းကြားရမည်။

၁၈။ ပိုင်ရှင်သည် မတော်တဆထိခိုက်မှုဖြစ်ပွားပါက သက်ဆိုင်ရာစစ်ဆေးရေးမှူးထံအမြန်ဆုံး အကြောင်းကြားရမည်။

၁၉။ ပိုင်ရှင်သည်-

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက် ကျော်လွန်၍ မသုံးရ။

(ခ) ခွင့်ပြုဖိအားထက်ကျော်လွန်စေရန်အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကိုပြုပြင်ပြောင်းလဲခြင်းသို့မဟုတ် မည်သူ့ကိုမျှ ပြုပြင်ပြောင်းလဲရန် စေခိုင်းခြင်းမပြုလုပ်ရ။

(ဂ) ပုဒ်မ၁၄၊ ပုဒ်မခွဲ(ခ)ပါ ကိစ္စကို ခွင့်ပြုချက်မရှိဘဲမပြုလုပ်ရ။

၂၀။ ပိုင်ရှင်သည်အောက်ဖော်ပြပါဘွိုင်လာကိုအသုံးမပြုရ-

(က) အသုံးပြုခွင့်လက်မှတ်သို့မဟုတ် ယာယီအသုံးပြုခွင့် လက်မှတ်မရှိသော ဘွိုင်လာ။

(ခ) အသုံးပြုခွင့်လက်မှတ်သို့မဟုတ်ယာယီအသုံးပြုခွင့်လက်မှတ်ပျက်ပြယ်သည့် ဘွိုင်လာ။

(ဂ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ရုပ်သိမ်းခံရသည့်ဘွိုင်လာ။

၂၁။ ပိုင်ရှင်သည် စစ်ဆေးရေးမှူးချုပ်သတ်မှတ်ပေးသည့်မှတ်ပုံတင်အမှတ်ကို သတ်မှတ်သောနည်းလမ်းနှင့်အညီ ဘွိုင်လာတွင်ထွင်းထားရမည်။

၂၂။ ပိုင်ရှင်သည်-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့် လက်မှတ်ရရှိပါက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဘွိုင်လာကို အသုံးပြုခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်၏ သက်တမ်းကို ပြောင်းလဲလိုသဖြင့် စစ်ဆေးခြင်းကိုခံယူလိုပါက ယင်းလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၁၅)ရက် ကြိုတင်၍စစ်ဆေးခံရန်လျှောက်ထားနိုင်သည်။

၂၃။ ပိုင်ရှင်သည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မကျေနပ်ပါက စစ်ဆေးရေးမှူးထံမှ အကြောင်းကြားစာကို လက်ခံရရှိသည့် နေ့ရက်မှစ၍ (၃၀)ရက်အတွင်းစစ်ဆေးရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်-

(က) စစ်ဆေးရေးမှူး၏ဆုံးဖြတ်ချက်သို့မဟုတ်ဆုံးဖြတ်ချက်သဘောသက်ရောက်သည့်ဆောင်ရွက်ချက်။

(ခ) စစ်ဆေးရေးမှူးကအသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးရေးနှင့်စပ်လျဉ်း၍ ထောက်ခံရန်ငြင်းဆိုခြင်း သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးရန်ငြင်းဆိုခြင်း။

၂၄။ ပိုင်ရှင်သည်-

(က) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန်၊ အသစ်လဲရန် ညွှန်ကြားချက်ရရှိပါက ယင်းလုပ်ငန်းများကို ဘွိုင်လာပြုပြင်သူလက်မှတ်မရှိသူများနှင့် မပြုလုပ်ရ။

(ခ) မိမိလုပ်ငန်းသုံးဘွိုင်လာကို ဘွိုင်လာကိုင်တွယ်သူများမှတစ်ပါး အခြားသူများကို တာဝန်ပေးမောင်းနှင်ခြင်းမပြုရ။

အခန်း(၆)
ဘွိုင်လာထုတ်လုပ်သူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၅။ ဘွိုင်လာထုတ်လုပ်သူသည်-

(က) ဝန်ကြီးဌာနသို့လျှောက်ထား၍ခွင့်ပြုချက်ရရှိမှသာဆောင်ရွက်ရမည်။

(ခ) မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်ညီညွတ်သောဘွိုင်လာများသာထုတ်လုပ်ရမည်။

၂၆။ ဘွိုင်လာထုတ်လုပ်သူသည် ဘွိုင်လာထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် နည်းပညာနှင့်သွင်းအားစုများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများထံ လျှောက်ထားခွင့်ရှိသည်။

အခန်း(၇)
ဘွိုင်လာပြုပြင်သူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၇။ (က) ဘွိုင်လာပြုပြင်သူလက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဘွိုင်လာပြုပြင်သူသည် ဘွိုင်လာပြုပြင်သူလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၂၈။ ဘွိုင်လာပြုပြင်သူသည်-

(က) စစ်ဆေးရေးမှူးကပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားသည့် မည်သည့်ဘွိုင်လာကိုမဆို ပိုင်ရှင်၏သဘောတူညီချက်ရရှိပါက ပြုပြင်ခွင့်ရှိသည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

(ခ) စစ်ဆေးရေးမှူးကပြုပြင်ရန်ညွှန်ကြားစာထုတ်ပေးထားခြင်းမရှိသော မည်သည့်ဘွိုင်လာကိုမျှ မိမိ၏ဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှအပ်နှံချက်အရဖြစ်စေပြုပြင်ခြင်းမပြုရ။

အခန်း(၈)

ဘွိုင်လာကိုင်တွယ်သူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၉။ (က) ဘွိုင်လာကိုင်တွယ်သူလက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ဘွိုင်လာကိုင်တွယ်သူသည် ဘွိုင်လာကိုင်တွယ်သူလက်မှတ်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

၃၀။ ဘွိုင်လာကိုင်တွယ်သူသည်-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ထုတ်ပေးထားသည့် ဘွိုင်လာကို ပိုင်ရှင်၏ သဘောတူညီချက်ရရှိပါက ကိုင်တွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ထုတ်ပေးထားခြင်းမရှိသောဘွိုင်လာကိုမိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၃၁။ ဘွိုင်လာကိုင်တွယ်သူသည် ဘွိုင်လာကို သတ်မှတ်ခွင့်ပြုဖိအားထက်ကျော်လွန်၍သုံးစွဲခြင်း မပြုရ။

အခန်း(၉)

စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၂။ စစ်ဆေးရေးမှူးသည် ပုဒ်မ၁၂ ပုဒ်မခွဲ (က) အရမှတ်ပုံတင်ပေးရန်ပိုင်ရှင်ထံမှ လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) လျှောက်လွှာကိုလက်ခံရရှိသည့်နေ့ရက်မှစ၍(၁၅)ရက်အတွင်းဘွိုင်လာကို စစ်ဆေးရမည်။စစ်ဆေးမည့်ရက်ကိုအနည်းဆုံး (၅)ရက် ကြိုတင်၍ ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ ဘွိုင်လာကိုစစ်ဆေးပြီးနောက်မှတ်ပုံတင်ရန် ခွင့်ပြုသင့်သည်ဟုယူဆပါက သင့်လျော်သောခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့် လက်မှတ်ကိုထုတ်ပေးနိုင်သည်။ ထို့သို့ထုတ်ပေးသည့်အခါ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထား မှတ်ချက်နှင့်အတူစစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

(ဂ) ဘွိုင်လာကိုစစ်ဆေးပြီးနောက်မှတ်ပုံတင်ပေးရန်မသင့်ဟုယူဆလျှင် ဖြစ်စေ၊ ရည်ရွယ်တည်ဆောက်သော ဖိအားအောက် လျှော့နည်း၍ မှတ်ပုံတင်ပေးသင့်သည်ဟုယူဆလျှင်ဖြစ်စေပိုင်ရှင်ထံ စာဖြင့်အမြန်ဆုံးအကြောင်းကြားရမည့်အပြင်စစ်ဆေးရေးမှူးချုပ်အား အစီရင်ခံရမည်။

၃၃။ စစ်ဆေးရေးမှူးသည် စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ထပ်မံ၍စစ်ဆေးခြင်းပြုလုပ်ပြီးနောက် အသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးရန်သင့်မသင့်နှင့်စပ်လျဉ်း၍ယာယီအသုံးပြုခွင့်လက်မှတ်သက်တမ်းမကုန်မီ စစ်ဆေးရေးမှူးချုပ်ထံတင်ပြရမည်။ အသုံးပြုခွင့်လက်မှတ်ထုတ်ပေးသင့်သည်ဟုယူဆပါက ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကိုပူးတွဲတင်ပြရမည်။

၃၄။ စစ်ဆေးရေးမှူးသည်ပုဒ်မ ၁၃၊ပုဒ်မခွဲ (က)အရ အသုံးပြုခွင့်လက်မှတ်အသစ်ထုတ်ပေးရန်ပိုင်ရှင်ထံမှ လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) လျှောက်လွှာကိုလက်ခံရရှိသည့်နေ့ရက်မှစ၍ (၁၅) ရက်အတွင်းဘွိုင်လာကို စစ်ဆေးရမည်။စစ်ဆေးမည့်ရက်ကိုအနည်းဆုံး (၅)ရက် ကြိုတင်၍ ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်အသစ်ကို ထုတ်ပေးသင့်သည်ဟု ယူဆပါက စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကိုပူးတွဲ တင်ပြရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ထားဆဲတွင် သင့်လျော်သောခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးနိုင်သည်။

၃၅။ စစ်ဆေးရေးမှူးသည်ပုဒ်မ၁၃၊ ပုဒ်မခွဲ(ဂ)အရလျှောက်လွှာကိုလက်ခံရရှိပြီးနောက်ဘွိုင်လာကိုစစ်ဆေးသည့်အခါ အောက်ပါအချက် တစ်ရပ်ရပ်တွေ့ရှိပါက မိမိ၏တွေ့ရှိချက်ကို ပိုင်ရှင်ထံစာဖြင့်အမြန်ဆုံးအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်-

(က) အသုံးပြုခွင့်လက်မှတ် သက်တမ်းကို လျှော့ချရန်လိုအပ်ခြင်း။

(ခ) ခွင့်ပြုဖိအားတိုးမြှင့်ရန်၊လျှော့ချရန်လိုအပ်ခြင်း။

(ဂ) ဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့်ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန်၊အသစ်လဲရန်လိုအပ်ခြင်း။

(ဃ) ပြုပြင်သုံးစွဲ၍ မရနိုင်လောက်အောင် ဘွိုင်လာအခြေအနေယိုယွင်းလာသဖြင့် ဆက်လက်အသုံးပြုရန်မသင့်ကြောင်း တွေ့ရှိခြင်း။

၃၆။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၄ အရ လျှောက်လွှာကိုလက်ခံရရှိသည့်အခါ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှောက်လွှာကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။စစ်ဆေးရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း စစ်ဆေးမှုများ ပြုလုပ်ပြီးနောက်စစ်ဆေးတွေ့ရှိချက်နှင့် မိမိ၏သဘောထားမှတ်ချက်ကို ပြန်လည်တင်ပြရမည်။

၃၇။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၄ အရဖြစ်စေ၊ ပုဒ်မ ၃၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အရဖြစ်စေ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံထားစဉ်အတွင်း သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ)နှင့်ပုဒ်မခွဲ(ဃ)ပါ အချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ပါကယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးခြင်းမပြုရ။

၃၈။ စစ်ဆေးရေးမှူးသည်သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်းရှိ ဘွိုင်လာကို စစ်ဆေးနိုင်သည်။

(ခ) စစ်ဆေးရေးမှူးချုပ်၏ တာဝန်ပေးချက်အရ မည်သည့်နယ်မြေအတွင်းရှိဘွိုင်လာကိုမဆို စစ်ဆေးနိုင်သည်။

၃၉။ စစ်ဆေးရေးမှူးသည်-

(က) မိမိတာဝန်ခံရသည့်နယ်မြေအတွင်းမှဘွိုင်လာပြုပြင်သူလက်မှတ်ထုတ်ပေးရန်လျှောက်လွှာကိုလက်ခံရရှိပါက စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူစစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ ပြုပြင်မှုများဆောင်ရွက်နေကြောင်းစစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည့်အပြင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ရမည်။

(ဂ) မိမိတာဝန်ခံရသည့်နယ်မြေအတွင်း၌ဘွိုင်လာပြုပြင်သူတစ်ဦးဦးသည်စစ်ဆေးရေးမှူးကပြုပြင်ရန်ညွှန်ကြားစာထုတ်ပေးထားခြင်းမရှိသောဘွိုင်လာအား ပြုပြင်မှုများဆောင်ရွက်နေကြောင်းစစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံအစီရင်ခံရမည့်အပြင် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ရန် စီစဉ်ရမည်။

(ဃ) မိမိတာဝန်ခံရသည့်နယ်မြေအတွင်းမှ ဘွိုင်လာကိုင်တွယ်သူလက်မှတ်ထုတ်ပေးရန်လျှောက်လွှာကို လက်ခံရရှိပါက စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

(င) မိမိတာဝန်ခံရသည့်နယ်မြေအတွင်း၌ ဘွိုင်လာကိုင်တွယ်သူလက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်အသုံးပြုနေကြောင်းစစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံအစီရင်ခံရမည့်အပြင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ရမည်။

၄၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၈ ပါ တာဝန်ကိုထမ်းဆောင်ရာတွင် ဘွိုင်လာတည်ရှိသော မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

အခန်း(၁၀)

စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ)တို့အရ ဘွိုင်လာကို မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးရေးမှူးက တင်ပြသော စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကိုစိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ခွင့်ပြုဖိအားကို သတ်မှတ်၍ ဘွိုင်လာကို မှတ်ပုံတင်ပေးနိုင်သည်။

(ခ) ဘွိုင်လာကိုမှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ခ)တို့အရ ချမှတ်သောဆုံးဖြတ်ချက်ကို သတ်မှတ်သော ကာလအတွင်း ပိုင်ရှင်ထံ အကြောင်းကြားရမည်။

၄၂။ စစ်ဆေးရေးမှူးချုပ်သည်ပုဒ်မ ၃၃ အရ ဖြစ်စေ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရဖြစ်စေ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ-

(က) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးသင့်သည်ဟု ယူဆပါက စစ်ဆေးရေးမှူးကတင်ပြသည့်အသုံးပြုခွင့်လက်မှတ်တွင် ထပ်ဆင့်လက်မှတ်ရေးထိုးပြီးပိုင်ရှင်ထံပေးပို့ရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန်မသင့်ဟုယူဆပါက ဘွိုင်လာတွင်လိုအပ်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ညွှန်ကြားပြီး ညွှန်ကြားချက်အတိုင်းဆောင်ရွက်ပြီးစီးမှုနှင့် ဘွိုင်လာ၏အခြေအနေကိုပြန်လည်တင်ပြရန် စစ်ဆေးရေးမှူးကိုညွှန်ကြားနိုင်သည်။

၄၃။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၅ အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါစစ်ဆေးရေးမှူးကို လိုအပ်သလိုညွှန်ကြားရမည့်အပြင်ပိုင်ရှင်ထံ စာဖြင့်အမြန်ဆုံးအကြောင်းကြားရမည်။

၄၄။ စစ်ဆေးရေးမှူးချုပ်သည် အသုံးပြုခွင့်လက်မှတ်သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို မသမာသောနည်းလမ်းဖြင့် ရရှိထားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းလက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

၄၅။ စစ်ဆေးရေးမှူးချုပ်သည် မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေးရန် စစ်ဆေးရေးမှူးတစ်ဦးဦးအားတာဝန်ပေးအပ်နိုင်သည်။

၄၆။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၃အရ ပိုင်ရှင်က လျှောက်ထားသည့်အခါ စိစစ်ပြီးအဆုံးအဖြတ်ပေးရမည်။ထိုဆုံးဖြတ်ချက်ကို ပိုင်ရှင်ထံ စာဖြင့်အကြောင်းကြားရမည်။

၄၇။ စစ်ဆေးရေးမှူးချုပ်သည် ပြည်ထောင်စုဝန်ကြီး၏တာဝန်ပေးချက်အရ ဘွိုင်လာထုတ်လုပ်ခြင်း၊ ဘွိုင်လာနှင့်ဆက်စပ်သည့် ဖိအားခံအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းတို့ကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီစိစစ်၍ ထုတ်လုပ်ခွင့်ပြုခြင်း သို့မဟုတ် ထုတ်လုပ်ခွင့်ပြုရန် ငြင်းဆိုခြင်းပြုနိုင်သည်။

၄၈။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါဘွိုင်လာပြုပြင်သူ လက်မှတ်ကိုထုတ်ပေးနိုင်သည် သို့မဟုတ် ဘွိုင်လာပြုပြင်သူလက်မှတ်ထုတ်ပေးရန် ငြင်းဆိုနိုင်သည်။

၄၉။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ)အရစစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ ဘွိုင်လာပြုပြင်သူလက်မှတ်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၅၀။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဃ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ စိစစ်ပြီး ဘွိုင်လာကိုင်တွယ်သူလက်မှတ်ကို ထုတ်ပေးနိုင်သည် သို့မဟုတ် ဘွိုင်လာကိုင်တွယ်သူလက်မှတ်ကို ထုတ်ပေးရန် ငြင်းဆိုနိုင်သည်။

၅၁။ စစ်ဆေးရေးမှူးချုပ်သည်ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ၃၀၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၃၁ တို့ကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဘွိုင်လာကိုင်တွယ်သူအား ဘွိုင်လာကိုင်တွယ်သူလက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

အခန်း(၁၁)

အသုံးပြုခွင့်လက်မှတ် ၊ ယာယီအသုံးပြုခွင့်လက်မှတ်ပျက်ပြယ်ခြင်း

၅၂။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ် ပေါက်သည့်အခါ အသုံးပြုခွင့်လက်မှတ်သည်လည်းကောင်း၊ ယာယီအသုံးပြုခွင့်လက်မှတ်သည် လည်းကောင်း ပျက်ပြယ်သည်-

(က) လက်မှတ်သက်တမ်းကုန်ဆုံးခြင်း။

(ခ) မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း။

(ဂ) ဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊ တစ်ခုခုတွင်တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ယိုယွင်းမှုကြောင့် ပြုပြင်ရန်လိုအပ်သဖြင့်ဘွိုင်လာကိုအသုံးမပြုရန် စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးကပိုင်ရှင်ထံအကြောင်းကြားခြင်း။

(ဃ) မီးရှို့ရိုက်ဓရိယာ ၁၈.၆ စတုရန်းမီတာ သို့မဟုတ် ၂၀စတုရန်းပေအောက်လျော့နည်းသော အလွယ်တကူရွှေ့ပြောင်းနိုင်သည့် ဘီးတပ်ထားသော ဘွိုင်လာမှတစ်ပါး အခြားဘွိုင်လာကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်း။

(င) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်တစ်ခုခုတွင်တပ်ဆင်ထားသည့်ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းဖြည့်စွက်ခြင်း၊အသစ်လဲခြင်း။

(စ) ဘွိုင်လာကို လုံလောက်သောစစ်ဆေးမှုများမပြုလုပ်ပဲ အသုံးပြုခွင့်လက်မှတ်ကိုဖြစ်စေ၊ ယာယီအသုံးပြုခွင့် လက်မှတ်ကိုဖြစ်စေ ထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရခြင်း။

အခန်း(၁၂)

အယူခံခြင်း

၅၃။ ဝန်ကြီးဌာနသည်အယူခံမှုများကြားနာနိုင်ရေးအတွက် စက်မှုအတတ်ပညာရှင် အနည်းဆုံးနှစ်ဦးပါဝင်သည့် သင့်လျော်သောအဖွဲ့ဝင်သုံးဦးဖြင့် အယူခံအဖွဲ့ကိုဖွဲ့စည်းရမည်။

၅၄။ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍စစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကိုမကျေနပ်ပါကယင်းဆုံးဖြတ်ချက်ကိုလက်ခံရရှိသည့်နေ့ရက်မှစ၍(၆၀)ရက်အတွင်းအယူခံအဖွဲ့သို့ အယူခံနိုင်သည်-

(က) ဘွိုင်လာကိုမှတ်ပုံတင်ပေးရန်ငြင်းဆိုခြင်း။

(ခ) အသုံးပြုခွင့်လက်မှတ်ထုတ်ပေးရန် ငြင်းဆိုခြင်း။

(ဂ) အသုံးပြုခွင့်လက်မှတ်သက်တမ်းကိုလျှောက်ထားသည့်ကာလအပိုင်းအခြားအောက်လျော့နည်း၍သတ်မှတ်ခြင်း။

(ဃ) ပိုင်ရှင်လျှောက်ထားသောခွင့်ပြုဖိအားကို သတ်မှတ်ပေးရန်ငြင်းဆိုခြင်း။

(င) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရုပ်သိမ်းခြင်း။

(စ) အသုံးပြုခွင့်လက်မှတ်တွင်ပါရှိသည့် ခွင့်ပြုဖိအား သို့မဟုတ် သက်တမ်းကိုလျှော့ချခြင်း။

(ဆ) ပုဒ်မ၂၂၊ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို ဆောင်ရွက်ပေးရန်ငြင်းဆိုခြင်း။

(ဇ) ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံ အစိတ်အပိုင်း၊ ဘွိုင်လာတွင်တပ်ဆင်ထားသောဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်စေခြင်း၊ ပြောင်းလဲစေခြင်း၊ဖြည့်စွက်စေခြင်း၊ အသစ်လဲစေခြင်း။

(စျ) ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ယင်းရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်တစ်ခုခုတွင်တပ်ဆင်ထားသော ဖိအားခံ အစိတ်အပိုင်း၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ခွင့်၊ပြောင်းလဲခွင့်၊ ဖြည့်စွက်ခွင့်၊ အသစ်လဲခွင့်ပြုရန် လျှောက်ထားချက်ကိုငြင်းဆိုခြင်း။

(ည) ဘွိုင်လာထုတ်လုပ်ခွင့်ကိုငြင်းဆိုခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

(ဋ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ထုတ်ပေးရန် ငြင်းဆိုခြင်း။

(ဌ) ဘွိုင်လာပြုပြင်သူလက်မှတ်ကိုရုပ်သိမ်းခြင်း။

(ဍ) ဘွိုင်လာကိုင်တွယ်သူလက်မှတ်ကို ထုတ်ပေးရန်ငြင်းဆိုခြင်း။

(ဎ) ဘွိုင်လာကိုင်တွယ်သူလက်မှတ်ကို ရုပ်သိမ်းခြင်း။

၅၅။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၅၆။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် ပြုပြင်သူ သို့မဟုတ် ကိုင်တွယ်သူထံ စာဖြင့် အကြောင်းကြားရမည်။

အခန်း(၁၃)

တားမြစ်ချက်

၅၇။ မည်သူမျှ ပုဒ်မ ၂၁ အရ ထွင်းထားသည့်မှတ်ပုံတင်အမှတ်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ခြင်း၊ ပုံသဏ္ဌာန်ပျက်စီးအောင်ပြုလုပ်ခြင်း၊ မဖြင်နိုင်စေရန်ပြုလုပ်ခြင်း၊ မူလအခြေအနေပျက်စီးရန်တစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်းမပြုလုပ်ရ။

၅၈။ မည်သူမျှ ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ မည်သည့်ဘွိုင်လာကိုမျှ မပြုပြင်ရ။

၅၉။ မည်သူမျှ ဘွိုင်လာကိုင်တွယ်သူလက်မှတ်မရှိဘဲ မည်သည့်ဘွိုင်လာကိုမျှ ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၆၀။ မည်သူမျှ ခွင့်ပြုဖိအားထက်ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ ပြုပြင်ပြောင်းလဲခြင်းမပြုလုပ်ရ။

၆၁။ မည်သူမျှ တည်ဆဲဥပဒေများကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

စာမျက်နှာ ၁၈ သို့

အတ္ထုပ္ပတ္တိ

၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ် အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။

ပန်းချီဦးအုန်းလွင်

à သိန်းဖေမြင့်

ဦးအုန်းလွင်သည် တယောထိုးလည်းကောင်းလှသည်ဟု သိရသည်။ ၎င်းပြင် ဦးအုန်းလွင်သည် ရာမဇာတ်ထဲတွင် ဘီလူးက ထူးချွန်စွာက နိုင်သည်ဟု ဆိုလေသည်။

(၃)

ဦးအုန်းလွင်အား ပန်းချီဆရာအဖြစ်ဖြင့် လေ့လာသရုပ်ဖော်ကြဦးစို့။

ပန်းချီလောကတွင် ဦးအုန်းလွင် ထင်ရှားနေသည်မှာ ကြာလှပေပြီ။ စာရေးဆရာထဲတွင် ဇေယျ၊ ညာဏ၊ ရွှေမျှား၊ ရွှေဥဒေါင်း စသူတို့ကဲ့သို့ပင် ပန်းချီတွင် ဦးအုန်းလွင် သမန်ရှည်လေပြီ။

ဦးအုန်းလွင်ကို လူသိများခြင်း၊ လူကြိုက်များခြင်းမှာ မဂ္ဂဇင်းနှင့် ဝတ္ထုမျက်နှာဖုံးရုပ်ပုံများနှင့် အထဲက ဇာတ်လမ်းဖော်ရုပ်ပုံများကြောင့် ဖြစ်ပေသည်။ သို့သော် ၎င်းတို့ကား ဦးအုန်းလွင်၏ လက်စွမ်းပြ၊ ပညာဂုဏ်ပြလက်ရာများမဟုတ်ကြချေ။ ၎င်းတို့ကို ရေးဆွဲနေရခြင်းဖြင့် ဦးအုန်းလွင်ကိုယ်တိုင် အားရကျေနပ်ခြင်းမရှိ။ တိထွင်ဉာဏ် မသုံးရ။ ပညာစွမ်းမသုံးရသော ရုပ်ပုံများသာများသဖြင့် "ဖြစ်နိုင်ရင် ဒါတွေတယ်မရေးချင်ပါဘူး" ဟု ညည်းလေ့ရှိ၏။ သို့သော် မဖြစ်နိုင်။ ယခုအခါ ပတ်ဝန်းကျင်အခြေအနေ မကောင်းသေးသဖြင့် ဦးအုန်းလွင်နှင့်တကွသော ဂီတဆရာ၊ ပန်းချီဆရာ၊ ရုပ်ရှင်ပြဇာတ် ပညာသည် စသည်များမှာ အသက်မွေးဝမ်းကျောင်းမှု အတွက်(၀ါ) အနုပညာ ကူးသန်းရောင်းဝယ်ရေးအတွက် လုပ်နေကြရသဖြင့် ပေါ်ပင်လိုက်နေကြရသည်။ "လူကြိုက်" ဆိုတာလိုက်နေကြရသည်။ ပညာပြလက်ရာ၊ တီ ထွင်ဉာဏ်၊ ထိုးထွင်းဉာဏ်လက်ရာများကို ဖန်တီးခွင့်ရခဲလှကြသည်။

ဦးအုန်းလွင်၏ ပညာပါသော ကားသုံးကားကို ဖော်ပြလိုသည်။

တစ်ကားမှာ ရှေးဟောင်းမြန်မာတို့ သုံးနေကျဖြစ်သော ယွန်းထည်မှပန်းချီရေးနည်းကို ဦးအုန်းလွင်ကယူကာ ခေတ်ပေါ်ရေးနည်းတို့နှင့်ပေါင်းစပ်ထားသော ကားဖြစ်၏။ ရေးခြယ်သောအကြောင်းမှာ မိန်းမတွေက မောင်းထောင်းဆန်ပြာ၊ ယောက်ျားတွေက တောင်ယာစိုက်ပျိုးနေပုံဖြစ်၏။ ယွန်းထည်က နောက်ခံ ပိန်းဆေးရောင်ကိုလည်းကောင်း၊ ကောက်ကြောင်းကိုလည်းကောင်း ယူထားသည်။ သို့ရာတွင် ယွန်းထည်များက ရုပ်ပုံများလို အချိုးအစားမကျသော မျက်နှာနှင့် ခြေဖဝါးမျိုးမပါ။ ခေတ်ကာ-လပုံ များလို အချိုးအစားကျသည်။ အဝေးအနီးကိုလည်းပေါ်အောင်ဖော်၍ ရေးထားသည်။

ပြဇဝေတစ်ခုခု ထိုပုံကို ဦးအုန်းလွင်နှင့်ကျွန်တော်ချိတ်နေကြစဉ် ဦးအုန်းလွင်အားမသိသော လူငယ်တစ်ယောက် ရောက်လာသည်။ ၎င်းမှာ ၁၄-၅နှစ်မျှ ရှိဦးမည်။ ထိုသူငယ်က "ဦးလေး. . . ဒီပုံက ပန်းချီမဆွဲတတ်တဲ့လူ ဆွဲထားတာနှင့်တူတယ်နော်"ဟုဆိုလေသည်။ကျွန်တော်တို့ကား တဟားဟားသာ ရယ်နေကြရတော့၏။ ကျွန်တော်တို့အဖို့ ထိုလက်ရာသည် လွန်စွာထူးချွန်သည်ဟု ဆုံး ဖြတ်ထားခဲ့ကြသည်။

ဒုတိယပုံတစ်ပုံမှာ သီတနှင့် ဥဏှ(အအေးနှင့်အပူ)ဟု ခေါင်းစဉ်တပ်သောပုံဖြစ်၏။ ပုံနှစ်ပုံဖြစ်သဖြင့် တစ်စုံဟု ဆိုရမည်။ ထိုပုံတစ်စုံတွင် ဦးအုန်းလွင်သည် ရှေးမြန်မာပန်းချီရေးနည်း(၀ါ) ပုဂံပန်းချီရေးနည်းကို အခြေခံကာ ခုခေတ်နည်းတို့ဖြင့်တိုးချဲ့၍ ခေတ်မီ မြန်မာနည်းတီထွင်ထားခြင်းဖြစ်၏။ ရှေးမူရှေးဟန်နှင့် ကောက်ကြောင်းများကိုသုံးပြီး ခုခေတ်အဝေးအနီး အလင်းအမှောင် အမာ-အပျော ယူဆချက်တို့နှင့် ဖြည့် စွက်ရေးခြယ်ထားသည်။

"သီတ"ပုံ၌ ရေဆိပ်ကမ်းပါးတွင် အမျိုးသမီးသည် လှပယဉ်ကျေးသော ရှေးမူ အဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက် ညောင်ရေအိုးကို ကိုင်ထားသည်။ ညောင်ရေအိုး၊ အမျိုးသမီး၊ အဝတ်တန်ဆာတို့သာ မြန်မာဆန်ရုံမက စုတ်ချက်ကောက်ကြောင်းလည်း မြန်မာဆန်သည်။ ပိန်းဆေးခြယ်နည်းလည်း မြန်မာဆန်သည်။ သီတနှင့်လိုက်အောင်ကျောခံတွင် အပြာနှင့်အစိမ်းကို များများသုံးထားသည်။

ဥဏှတွင်ကား ကြုံးဝါးနေသော ဘီလူး၏ပုံဖြစ်သည်။ သံလျက်နှင့်ဘီလူးအဝတ်တန်ဆာတို့ကသာ မြန်မာဆန်ရုံမကစုတ်ချက်ကောက်ကြောင်းနှင့် ပိန်းဆေးခြယ်နည်းတို့လည်း မြန်မာဆန်သည်။ ဥဏှနှင့် လိုက်အောင် ကျောခံတွင် အနီနှင့်မြေဝါရောင်ကို များများသုံးထားသည်။ ကျောခံခြယ်မှုနီးထားပုံမှာ မီးလျှံထနေသလိုလို ထင်ရလေသည်။ ဤပုံကို ပန်းချီပြပွဲတုန်းက ချိတ်ချိတ်ခြင်းလိုလိုပင် လူများထက် ဦးအောင် စာရေး ဆရာဇော်ဂျီ ဝယ်သွားသည်ထင်၏။

တတိယပုံကား တရုတ်မြန်မာမိတ်ဆွေဖြစ်အသင်းက ဝယ်ယူ၍ ပုံကူးရိုက်နိုပ်ထုတ်ဝေသော "ရွှေမြို့တော်၏ ထောင့်တစ်ထောင့်" ဆိုသောပုံဖြစ်သည်။ ထိုပုံသည် အဖြူပေါ်အမည်းဖြင့်သာဆွဲသောပုံ ဖြစ်၏။ ရွှေမြို့တော်ထောင့်တစ်ထောင့်တွင် ဆင်းရဲညှီးငယ်နေပုံ၊ ဝမ်းတစ်ထွာအတွက် မျောက်ပြဆန်တောင်းသူ၏ နွမ်းပါးချို့တဲ့ပုံ စသည်တို့ကို ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်ထား၏။ သို့ရာတွင် ကောင်းကင်မှ တိုးဝင်နေသော အလင်းရောင်ဆီသို့ မျက်စိမရောက်ဘဲ မနေနိုင်ချေ။ ရွှေမြို့တော်၏ နွမ်းပါးမည်းမှောင်သော ထောင့်မှာပင် မျှော်လင့်ချက် အလင်းရောင်သည် လာနေပါချေပြီ။

ဤပုံသည် ကောင်းလှသည်ဟု အတော်များများက ပြောခဲ့ကြ၏။ သတင်းစာတစ်စောင်ကပင် ရေးသားဖော်ပြခဲ့၏။ သို့သော် ဝယ်သူမပေါ်ခဲ့။

တရုတ်မြန်မာမိတ်ဆွေဖြစ်အသင်းက ဦးအုန်းလွင်အား ဂုဏ်ပြုသောအားဖြင့် ဤပုံကိုဖော်ထုတ်ပေးလိုက်သည်မှာ ထိရောက်သောဂုဏ်ပြုချက်တစ်ရပ်ပါပေ။

အထက်ဖော်ပြပါ ပညာမြောက်၍ တီထွင်ဉာဏ်ပါသောလက်ရာများမှာတွင်မက ဦးအုန်းလွင် အသက်မွေးဝမ်းကျောင်းမှုအတွင် ဆွဲနေရသော မဂ္ဂဇင်းနှင့် ဝတ္ထုမျက်နှာဖုံးရုပ်ပုံများပင် တွေ့ရသော အရည်အချင်းသုံးရပ်ကို ဖော်ပြလိုသေးသည်။

ဦးအုန်းလွင်၏အရောင်ရွေးပုံ၊ စပ်ဟပ်ပုံမှာ လွန်စွာလှပ၏။ ကဗျာတွင်ကာရန်ဟပ်ပုံလှသကဲ့သို့လည်း ကောင်း၊ ဂီတတွင် အသံညီညီပုံပြေပြစ်သာယာသကဲ့သို့ လည်းကောင်း ဦးအုန်းလွင်၏ အရောင်ရွေးပုံ၊ စပ်ဟပ်ပုံ လှလှပေ၏။

နောက်တစ်ချက်မှာ ဦးအုန်းလွင်၏ ရှုမြင်ခင်းကလေးများမှာ ထူးထူးခြားခြားသာယာလှပ၏။ ၎င်းကလေးတွေက တွတ်တီတွတ်တာ ပန်းမန်အဖူးအကိုက်ကလေးတွေက လှုပ်လဲ့လှုပ်လီ ကဗျာဆန်လှသည်။

နောက်ဆုံးတစ်ချက် ချီးကျူးဖွယ်ကောင်းသည်မှာ ဦးအုန်းလွင်ရေးဆွဲသမျှ၌ အဝေးအနီးများနေခြင်း၊ လူကိုယ်ကာယ အချိုးအစားများနေခြင်း စသောအမှားမျိုး မတွေ့ရခြင်းဖြစ်၏။ အဝေးအနီး အချိုးအစားကိစ္စတို့၌ လက်သေနေသည်ဟု ဆိုနိုင်၏။

ဤမျှဖြင့် ဦးအုန်းလွင်၏ပန်းချီကို လေ့ဆွေးနွေးချက်ရပ်ပါရစေ။

ဦးအုန်းလွင်သည် အနုပညာဖြင့် အသက်မွေးရုံမက အနုပညာအရပ်ရပ်ကို ချစ်မြတ်နိုးသည်။ အနု ပညာတည်းဟူသော လူ့လောက၏အလှကလေးများသည် အမြဲပွင့်လန်းနေသည်ကို မြင်လိုသည်။ လူသည် အစားအစာ အဝတ်စသည်တို့ကိုလိုသလို၊ စိတ်ဓာတ်အစာဖြစ်သော အနုပညာကို လိုပေသည်။ ဦးအုန်းလွင်သည် အနု ပညာခေါင်းဆောင်တစ်ဦးဖြစ်သည့်အားလျော်စွာ ယင်းစိတ်ဓာတ်အစာကို လူတိုင်းဆင်းရဲချမ်းသာမရွေး၊ အမျိုးအနွယ်မရွေး၊ အသွေးအရောင်မရွေး၊ ကြီးငယ်မရွေး ခံစားစေလိုသည်။ စိတ်ဓာတ်အစာကို မပျက်စီးစေရအောင် သိုမှီထားစေလိုသည်။ စစ်သည် လူ့လောက၏ ယဉ်ကျေးမှုအနုပညာများကို ဖျက်ဆီး၏။ စစ်ဖြစ် အောင်လှုံ့ဆော်ခြင်း၊ စစ်သွေးထိုးခြင်း၊ စစ်ဝါဒဖြန့်ခြင်းတို့သည် အနုပညာများကို ယုတ်ညံ့စေ၏။ အနှစ်သာရကင်းစေ၏။ ပျက်ပြားစေ၏။ စစ်သည် အနုပညာ၏ ရန်သူဖြစ်သည်။ ထို့ကြောင့် အနုပညာသည် အစစ်အမှန်တို့သည် စစ်ကို ဆန့်ကျင်လျက်ရှိကြ၏။ စစ်ဖြစ်အောင်လှုံ့ဆော်ခြင်း၊ စစ်သွေးထိုးခြင်း၊ စစ်ဝါဒဖြန့်ခြင်း စသည်တို့ကို ဆန့်ကျင်လျက်ရှိကြ၏။ ကမ္ဘာသူ ကမ္ဘာသားတို့အချင်းချင်း နားလည်ခြင်း၊ ချစ်ခင်ခြင်း၊ သွေးစည်းခြင်း၊ တရားမျှတစွာဆက်ဆံခြင်း စသည်တို့အတွက် သူတို့၏အနုပညာများကို အသုံးချနေကြသည်။ လောက၏အလှနှင့် အနုပညာများကို ကာကွယ်ရန် ငြိမ်းချမ်းရေးကို ကာကွယ်နေကြ၏။

(၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

စား၊ လျှော့စား၊ သီးရှက်စုံစား

(ယမန်နေ့မှ အဆက်)

à ဦးဟန်ညွန့်(ဥပဒေ)

ဥပမာအားဖြင့် ပြင်သစ် ဝိရောဓိတစ်ခုအရ ပြင်သစ်လူမျိုးများ ကျန်းမာနေသည်မှာ ဓာတ်စာတွင် အာဟာရကြွယ်ဝမှုကြောင်း မဖြစ်နိုင်ပေ။ (ပြည့်ဝဆီနှင့် ဂျုံဖြူဖြူကြောင့်လားမဆို နိုင်ချေ) ပြင်သစ်တို့၏ စားသောက်ဓလေ့ကိုလည်း ထည့်စဉ်းစားသင့်သည်။ ပြင်သစ်တို့သည် အစားအစာကို နည်းနည်းခြင်း စိမ်ပြေနပြေစားတတ်သည်။ လိုက်ပွဲ ထပ်မတူတတ်ပေ။ သွားရေစာလည်း မစားပေ။ လက်တင်အမေရိကတွင် ပြောင်းဖူးကို ရိုးရာအစဉ်အလာအတိုင်း သံပရာရည်ဖြင့် ချက်ပြုတ်သည်။ ပဲတောင့်မျိုးနှင့်စားသောက်သည် စသည်ဖြင့်ဖော်ပြသည်။ (အကျယ်ကို အထက်ပါစာအုပ်တွင် လေ့လာနိုင်ပါသည်။)

ညနေစာ အချိန်ရောက် ဝိုင်တစ်ခွက်သောက်ပါ

ဤခေါင်းစဉ်၊ ဤစာပိုဒ်ကိုတော့ ကျွန်တော်အကြိုက်ဆုံးပါ။ ဘာကြောင့်လဲဆိုရင် ဒီအချိန်ရောက်လာလျှင် "ညနေခင်းရောက်လာရင် တစ်ခွက်တစ်ဖလား မော့နေကျမို့ ဆရာဝန်ကန့်ကွက်သည့်ကြားမှ ကိုယ့်ဘက်ကို သာသာထိုးထိုး ကလေးတွေးကြည့်စမြဲမဟုတ်လား)ရှောင်ရမည်ကိုသိပေမယ့် မရှောင်နိုင်သေး။ ကျန်းမာရေးအတွက်တော့ သတိမူရတော့မည်။ အသက်ဉာဏ်စောင့်ဟုဆိုထားသည်ပဲ။ ယောက်ျားတစ်ဦးသည် တစ်နေ့လျှင် အယ်လ်ကိုဟောနှစ်ခွက် ထက်ပိုမသောက်သင့်။ အမျိုးသမီးတစ်ဦးအတွက်လည်း တစ်နေ့လျှင် တစ်ခွက်ထက် ပိုမသောက်သင့်ချေဟု " MICHAEL POLLAN" ကေရးထားတင်ပြထားပေပြီ။ ပညာပေးထောက်ပြထားပေးပြီ။

ယောက်ျားတစ်ဦးသည် တစ်နေ့လျှင် အယ်လ်ကို. . . .

နံနက်စာကို ဘုရင်ကြီးတစ်ပါးပမာ
နေ့လယ်စာကို မင်းသားတစ်ပါးလို
ညစာကို လူမွဲတစ်ဦးစားသလိုစား

အထက်ပါစာအုပ် စာမျက်နှာ ၁၃၇ တွင် အထက်ပါအတိုင်း နမူနာ ပုံဆောင်ထားပြန်ပါ၏။ အဓိကဆိုလိုချင်သည်မှာ "ညပိုင်းတွင် အစားအစာအများကြီးစားခြင်းသည်ကျန်းမာရေးနှင့် မညီညွတ်ပါ"ဟု ဖြစ်ပါ၏။ ဂေါက်ကွင်းမှာ ညနေဘက် ယမကာမှီဝဲ၍ အစားများများစားတတ်သူ ကျွန်တော်တို့သူငယ်ချင်းအုပ်စုအတွက်သတိထားရမည့် သင်ခန်းစာဖြစ်ပါပေ၏။"စာအုပ်ကြီးထဲက ကျန်းမာရေးသင်ခန်းစာတွေ လာပြီး ဖတ်မပြမနေပါနဲ့ကွာ။ ဂေါက်သီးရိုက်တာ ဘာရောဂါမှ မဖြစ်ဘူး"ဟု လျှောက်လည်းချက်ပေးမည့် သူငယ်ချင်းတွေ၏ ဆင်ခြေဆင်လက်ကို ဘယ်အပေါက်က ကျွန်တော်ပြေးထွက်ရပါ့။

ပန်းကန်ပြားထဲ တစ်ခုခု ချန်ထားပါ

"ပန်းကန်ပြားထဲကို ပြောင်အောင်မစားဘဲ နောက်ဆုံးတစ်လုတ်စာပင်ဖြစ်စေ၊ ချန်ထားခြင်းသည် လူကြီး လူကောင်းပီသသည်"တဲ့။တစ်ပန်းကန်လုံး ပြောင်အောင်မစားမိဖို့ လေ့ကျင့်ပါ။ ရေတိုကာလတွင် အစားကို လျှော့စားစေပြီး ရေရှည်ကာလတွင်မိမိကိုမိမိ အောင့်အည်းထိန်းချုပ်နိုင်မှုပိုမိုအားကောင်းသွားစေနိုင်သည်"ဟုလည်း ပညာပေးပါသည်။

တစ်ပန်းကန်လုံးပြောင်အောင် မစားမိဖို့ လေ့ကျင့်

ကျန်းမာရေးစာအုပ်တွေ များလှပေသည်

ကျွန်တော် ဆရာဝန်မဟုတ်ပါ။ ၁ဝတန်းအောင်စဉ်ကဆရာဝန်လိုင်း လိုက်မလား။ အောင်မှတ်တွေ မီပါသည်ဟု လူကြီးတွေ ပြောသည့်ကြားက ဆေးတက္ကသိုလ်သို့ မလျှောက်ခဲ့ပါ။ ဥပဒေပညာ ဝါသနာပါ၍ ဥပဒေသင်ခဲ့ပါသည်။ ယခုတော့ ဆရာဝန်များ၏ ကျန်းမာရေးပညာပေးစာအုပ်တွေ မဖြစ်မနေ လေ့လာနေရပါပြီ။ ကျန်းမာရေးဂရုပြုရပေသည်။ အသက်ရှည်ရှည်နှင့်စာတွေ ရေးချင်သေးသည်လေ။

ဒေါက်တာ ယုဇနသော်တာနှင့် တွေ့ဆုံခြင်း

ရန်ကုန် ဝိတိုရိယဆေးရုံမှာ ဆေးစစ်သည့်အခါ ဒေါက်တာယုဇနသော်တာနှင့်တွေ့ဆုံရပါပြီ။ ဆရာဝန်မလေးက Medical History ကို ယဉ်ကျေးစွာ ဖတ်ပြ၊ ရှင်းပြပါသည်။ ရှေ့နေပီပီ ကျွန်တော်က မေးခွန်းတွေ သိချင်တာတွေ မေးပါပြီ။ စစ်စစ်ပေါက်ပေါက် မေးလွန်းတော့ ဆရာဝန်မလေးက

(၁) ဘီယာလုံး၀ မသောက်နဲ့။
(၂) ဝီစကီဖြတ်၊ မဖြတ်နိုင်ရင် တစ်နေ့ နှစ်ပတ်ထက် မပိုရ။
(၃) အဆီအအိမ့်(မတည့်တာ) မစားရ။
(၄) လမ်းများများလျှောက်၊
(၅) ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားဟု ပြောကြား၍ လိုတိုရှင်း အကြံပေးခဲ့ပါကြောင်း။

တင်ပြချက်

စာရေးသူကဲ့သို့တိုက်ဆိုင်သူများအတွက် မေတ္တာဖြင့် ကျန်းမာရေးသုတ ဝေငှရခြင်းဖြစ်ပါ၏။

ပြည်တွင်းရေးရာ

စာမျက်နှာ ၁၆ မှ

အခန်း(၁၄)
ပြစ်မှုနှင့်ပြစ်ဒဏ်

၆၂။ ပိုင်ရှင်သည် ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ၊ ပုဒ်မ ၁၇ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံးကျပ်တစ်သိန်း၊ အများဆုံး ကျပ်နှစ်သိန်းကျခံစေရမည်။

၆၃။ ပိုင်ရှင်သည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) ၊ပုဒ်မ ၂၀ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံးကျပ်ငါးသိန်း၊ အများဆုံး ကျပ်တစ်ဆယ်သိန်းကျခံစေရမည်။ ပြစ်ဒဏ်ချမှတ်ခံရပြီးနောက်ပြစ်မှုကို ဆက်လက်၍ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သောရက်များအတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ်တစ်သိန်းစီ ကျခံစေရမည်။

၆၄။ ပိုင်ရှင်သည်ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ်ငါးသိန်း၊ အများဆုံးကျပ်တစ်ဆယ်သိန်းကျခံစေရမည်။

၆၅။ ပိုင်ရှင်သည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း၊ အများဆုံးကျပ်နှစ်သိန်းကျခံစေရမည်။

၆၆။ မည်သူမဆိုပုဒ်မ ၅၇ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း၊ အများဆုံး ကျပ်တစ်ဆယ်သိန်း ကျခံစေရမည်။

၆၇။ ပိုင်ရှင်သည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း၊ အများဆုံးကျပ်နှစ်သိန်းကျခံစေရမည်။

၆၈။ မည်သူမဆိုပုဒ်မ ၅၇ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း၊ အများဆုံး ကျပ်တစ်ဆယ်သိန်း ကျခံစေရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း၊ အများဆုံး ကျပ်နှစ်သိန်း ကျခံစေရမည်။

၇၀။ မည်သူမဆိုပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ၆၀ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်း၊ အများဆုံး ကျပ်တစ်ဆယ်သိန်း ကျခံစေရမည်။

၇၁။ ဘွိုင်လာကိုင်တွယ်သူသည်ပုဒ်မ ၃၀၊ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၁ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်း၊ အများဆုံးကျပ်နှစ်သိန်းကျခံစေရမည်။

အခန်း(၁၅)
ကင်းလွတ်ခွင့်

၇၂။ ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်ညီညွတ်သောအောက်ပါတို့ကို ဤဥပဒေအရ ဆောင်ရွက်ရခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) အဆောက်အအုံတွင်အပူငွေ့ပေးရန်၊ ရေနွေးပေးရန်အသုံးပြုသောဘွိုင်လာ။

(ခ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသောဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်။

၇၃။ အောက်ပါတို့သည်ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မသက်ဆိုင်စေရ-

(က) မီးသင်္ဘော သို့မဟုတ်မည်သည့်သင်္ဘောတွင်မဆို တပ်ဆင်အသုံးပြုသည့်ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

(ခ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့်သက်ဆိုင်သော စက်ရုံ၊ အလုပ်ရုံ၊ ဌာနများရှိ ဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

(ဂ) မြန်မာ့မီးရထားပိုင်ဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်။

အခန်း(၁၆)
အထွေထွေ

၇၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အလို့ဌာဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၅။ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃) ဘွိုင်လာဥပဒေကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ကျိုက်မော်ဝန်းရေလယ်စေတီတော်ကြီး၏ (၁၀၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး တပေါင်းလပြည့်နေ့ ည ၆ နာရီမှ စပြီး ကျိုက်မော်ဝန်းရေလယ် ရောင်းထဲသို့ ဆီမီးမျှောပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ ဆက်)

ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်း ဂန့်ဂေါ်မြို့နယ်တွင်ဖွင့်လှစ်

ဂန့်ဂေါ် မတ် ၆

၂၀၁၅ ခုနှစ် ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၁၅)ဖွင့်ပွဲကို မတ် ၄ ရက် နံနက် ၈ နာရီတွင် ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံးခွဲပြုလုပ်ရာ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီးအောင်ဝိုးဝင်းက အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များမှ သင်တန်းသား ၅၀ ဦးတို့တက်ရောက်ကြ၍ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် ရွှေကောက်ပွဲအကြိုကာလ၊ ရွှေကောက်ပွဲကာလ၊ ရွှေကောက်ပွဲနှောင်းပိုင်းကာလများအလိုက် ဆောင်ရွက်ရမည့် သတင်းအချက်အလက်လေ့ကျင့်ခြင်းများ၊ စာရင်းရေးသွင်းခြင်း၊ လှုံ့ဆော်ခြင်း၊ ရလဒ်များစစ်ဆေးအတည်ပြုခြင်း၊ ဥပဒေရေးရာပြန်လည်သုံးသပ်ခြင်း စသည့်ကဏ္ဍများအလိုက် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

ကျေးရွာချင်းဆက်လမ်းများ ကြည့်ရှုစစ်ဆေး

ပဲခူး မတ် ၆

ပဲခူးတိုင်းဒေသကြီးလွတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်သည် မတ် ၃ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်လွင်ဦး အထောက်အကူပြု ဥက္ကဋ္ဌ ဦးဝင်း၊ မြို့မိမြို့ဖ ဦးဝင်းခိုင်တို့လိုက်ပါလျက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆောင်ရွက် လျက်ရှိသော ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ဖောက်လုပ်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးကြ သည်။

အဆိုပါ လမ်းသည် အရှည် ခုနစ်မိုင်၊ အကျယ် ၁၂ပေ မြေသားလမ်းဖြစ်ပြီး ပဲခူးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ခွင်ပြုရန်ပုံငွေ ကျပ် ၅၃သန်းဖြင့် ဆောင်ရွက်ကာ ပဲခူးမြို့နယ်အတွင်းရှိ ထန်တောကြီးကျေးရွာအုပ်စု ကံမြင့်ရွာ၊ သူဌေးကုန်းရွာ၊ ဆင်ရွာ၊ လှော်ကားရွာ၊ ဆစ်ပင်ဆိပ်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သော မြေသားလမ်းဖြစ်သည်။

လွှတ်တော်ဥက္ကဋ္ဌသည် ဒေသခံပြည်သူများ တင်ပြချက်အရ အောက်ကမ္ဘာနှင့် ကံမြင့်ကျေးရွာဆက်သွယ်သော တံတားပျက်စီးယိုယွင်းနေမှုအား ပြန်လည်ပြုပြင်တည်ဆောက်ရန် မိမိကိုယ်ပိုင် ငွေကျပ် ၁၅သိန်း၊ ကျေးရွာမှ တာဝန်ရှိသူများထံ လျှောဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

ဟားခါးကောလိပ်တည်ဆောက်ရေးစီမံကိန်းနေရာ ဆိုင်းဘုတ်တင်

ဟားခါး မတ် ၆

ဒေသခံတိုင်းရင်းသားလူငယ်များ၏ ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ပေးနိုင်စေရေးအတွက် ချင်းပြည်နယ် ဟားခါးမြို့၌ ဖွင့်လှစ်မည့် ဟားခါးပညာရေးကောလိပ်နှင့် ဟားခါးကောလိပ်တည်ဆောက်ရေး စီမံကိန်းမြေနေရာဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မတ် ၂ရက် နံနက် ၈ နာရီက ဟားခါး-ထန်တလန်ကားလမ်း ပေါ်ရှိ မိုင်တိုင် အမှတ် (၃/၄)နေရာတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများများ၊ ဆရာ ဆရာမများ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး ချင်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘာမောင်နှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်) တာဝန်ခံညွှန်ကြားရေးမှူးချုပ်ဦးအောင်သန်းဦးတို့ကအမှာစကားပြောကြားကြကာ ပြည်နယ်လူမှုရေးဝန်ကြီး၊ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးနှင့် မြို့မိမြို့ဖ ဦးရှန်မန်းတို့က ဟားခါးပညာရေးကောလိပ်နှင့် ဟားခါးကောလိပ်တည်ဆောက်ရေးစီမံကိန်းမြေနေရာ ဆိုင်းဘုတ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် မြန်/ဆက်)**

ကော့သောင်းမြို့တွင် နိုင်ငံသား စိစစ်ရေးကတ်များ ထုတ်ပေး

ကော့သောင်း မတ် ၆

ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ချန်းဖန်းကျေးရွာအုပ်စုနှင့် ရွှေပြည်သာရပ်ကွက်တို့မှ ပြည်သူများအား မတ် ၁ ရက် နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးသည့်လုပ်ငန်းခွင်သို့ တနင်္သာရီတိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင် လာရောက်ကြည့်ရှုအားပေးပြီး နိုင်ငံသားဖြစ်ခွင့်ရှိသူ ပြည်သူများအား မည့်သည့်အခကြေးငွေမှ မယူဘဲ စေတနာထားကာ လိုအပ်သည်များ ပြီးစီးသည်အထိ ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ကော့သောင်းမြို့နယ်တွင် အသက်(၁၈) နှစ်ပြည့်ပြီး မည်သည့်လက်မှတ်မှ ကိုင်ဆောင်ထားခြင်း မရှိသူ ကျား ၈၆၉ ဦး နှင့် မ ၉၂၁ ဦး စုစုပေါင်း ၁၇၉၀ ဦး ရှိကြောင်းသိရသည်။

နိုင်ငံအတွင်း မိုးပွင့် (အထူး) စီမံချက် ဖြင့် အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်ခွင့်ရှိသူ နိုင်ငံသားတိုင်းအား နိုင်ငံသားစိစစ်ရေးကတ်များ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကျေးလက်တောရွာမကျန် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။ **ကျော်စိုး(ကော့သောင်း-IPRD)**

စိုက်ပျိုးရေးသုတေသန (DAR)မှ ဆင်းပဒေသာ(၁၁) မြေပဲစံကွက် တစ်ဧက တင်း၁၄၀ ကျော်ထွက်ရှိ

မြောင် မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း ဆောင်းမြေပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့်မကွေး(၁၁) မျိုးများကို မကွေးတိုင်းဒေသ ကြီးမှ မျိုးယူ၍ စိုက်ပျိုးကြရာ တစ်ဧကလျှင် ၇၅ တင်းမှ တင်း ၁၀၀ အထိ ထွက်ရှိကြောင်းသိရသည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထွက်ကောင်းမျိုးဖြစ်သော ဆင်းပဒေသာ (၁၁) ကို ကျောက်တံတားစိုက်ပျိုးရေးခြံမှ ရယူလျက် ယခုနှစ်တွင် ဧက ၁၄၀၀ ခန့် စိုက်ပျိုးခဲ့ကြသည်။

ထို့ပြင် ကျောက်ဖူးကုန်းကျေးရွာ တောင်သူဦးသန်းမောင်၏ မြေပဲစိုက်ကွင်းတွင် စိုက်ပျိုးရေးသုတေသန (DAR) မှ ဆင်းပဒေသာ (၁၁) မြေပဲမျိုးကောင်းမျိုးသန့် ရှစ်တင်းကို ရယူ၍ စံကွက်အဖြစ် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ကျေးရွာအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ စိုက်ပျိုးခဲ့ပြီး မတ် ၃ ရက် နံနက် ၈ နာရီအချိန်တွင် စံကွက်ကို နုတ်သိမ်းရာ တစ်ဧကတင်း ၁၄၀ အထိ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ၉၁၇၃၇ ဧကရှိပြီး ကိုင်းကျွန်းမြေ ၂၅၉၁၆ ဧကရှိရာ နှစ်စဉ်ဆောင်းမြေပဲစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်း၍ မြေပဲကို အဓိကသီးနှံအဖြစ် စိုက်ပျိုးခဲ့ကြသည်။

ထို့ကြောင့် မြောင်မြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီး၏ ဆီအိုးဟူ၍ပင် တင်စားခေါ် ဆိုကြပြီး ဤဒေသထွက်မြေပဲဆံတို့ကို မုံရွာ-မန္တလေးနှင့် အခြားမြို့ကြီးများသို့ နှစ်စဉ်တင်ပို့ရောင်းခဲ့ကြသည်။

ထို့ပြင် ဒေသတွင်း မြေပဲဆီကြိတ်သည့် စက်များ၊ ဆံများဖြင့် ဆီကြိတ်၍ အနယ်နယ်အရပ်ရပ်သို့ လည်းတင်ပို့ ရောင်းချကြသဖြင့် မြောင်မြို့နယ်မှ ထွက်ရှိသည့် မြေပဲဆီစစ်စစ်ကို အနယ်နယ်အရပ်ရပ်က ကြိုက်နှစ်သက်ကြပြီး မှာယူသုံးစွဲကြသည်။

မြောင်မြို့နယ်အတွင်း မိုးရွာသွန်းမှုနည်းသော်လည်း မိုးမြေပဲ (သြဂုတ်ပဲ) ကို ကျီးတောကျေးရွာများဖြစ်သော ဇရပ်ကုန်း၊ တမဆေးကန်၊ တွင်းကြီး၊ မကျီးဘုတ် စသည့်ကျေးရွာများ၌ စိုက်ပျိုးကြသကဲ့သို့ ယခုနှစ်တွင် ဆောင်းမြေပဲကိုလည်း ကျွန်းထဲကျေးရွာပေါင်း ၃၁ ရွာတွင် စုစုပေါင်း ဧက ၁၇၀၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

မြေပဲစံကွက် နှုတ်သိမ်းပြသခြင်းအခမ်းအနားသို့ မြောင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်လွင် နှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ အနီးကျေးရွာများမှ လာရောက်လေ့လာသောတောင်သူ ၁၅၀ ခန့်တက်ရောက်ကြကြောင်းသိရသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ခင်မျိုးလှိုင်က စံပြကွက် စိုက်ပျိုးနုတ်သိမ်းပြသရခြင်း၏ ရည်ရွယ်ချက်များနှင့် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းပညာများအကြောင်းကို ရှင်းလင်းပြောကြားပြီး နောက် တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

မော်လမြိုင်မြို့နယ်တွင် သီလရှင် ၈၂၅ ပါးအား ဒုတိယအကြိမ်မြောက် သင်္ကန်းများလှူဒါန်း

မော်လမြိုင် မတ် ၆

မော်လမြိုင်မြို့ပေါ် နှင့်ပတ်ဝန်းကျင်ရပ်ကွက်များရှိ၊ သီလရှင်ကျောင်းများမှ သီလရှင်ဆရာလေးများအား သီလရှင်သင်္ကန်းများလှူဒါန်းခြင်း အခမ်းအနားကို မတ် ၄ ရက် တပေါင်းလပြည့်နေ့ နံနက်၉ နာရီ က မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ သီလရှင်သင်္ကန်း လှူဒါန်းခြင်းအခမ်းအနားကိုဒုတိယအကြိမ်အဖြစ်၊ ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မော်လမြိုင်မြို့ပေါ် နှင့်ပတ်ဝန်းကျင်ရှိ ကျောင်း ၄၉ ကျောင်းမှ သီလရှင် ၈၂၅ ပါးတို့အား တစ်ပါးလျှင် ၁၂၀၀၀ ကျပ် တန်ဖိုးရှိ သီလရှင်သင်္ကန်းတစ်စုံစီနှင့် အတူ မုံရွာဆရာမိုး မှပေးပို့ လှူဒါန်းသော တိုင်းရင်းဆေးမျိုးစုံတို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

"ဒီလိုအလှူကို မနှစ်ကမှ စပြီးလုပ်ခဲ့တာပါ။ အခုက ဒုတိယအကြိမ်ပေါ့၊ နှစ်စဉ် တပေါင်းလပြည့်နေ့ ရောက်တိုင်းလုပ်သွားမှာပါ။ ရန်ကုန်ရောက် မော်လမြိုင်သူ၊ မော်လမြိုင်သားများနှင့် မြို့ခံအလှူရှင်များ ပူးပေါင်းပြီး လုပ်ဆောင်မှုကြောင့်သာ ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ခဲ့တာပါ။ ညနေပိုင်းမှာလည်း ပန်းပေါင်းတစ်ထောင်ပူဇော်ပွဲလုပ်ဆောင်သွားပါမယ်" ဟု ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းကြည်ကပြောသည်။

အဆိုပါအခမ်းအနားတွင် ရွှေကျောင်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာဝံသနှင့် ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တော်ချီးမြှင့်ပြီး ကြွရောက်လာသောသီလရှင် ဆရာကြီး၊ ဆရာလေးများက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။ **ဆက်နေမင်းအောင်**

မြစိမ်းရောင်ငါးကဏ္ဍဖွံ့ဖြိုးရေးရန်ပုံငွေ အတွက် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီ ကျိုက်ထိုဌ်ပေးအပ်

ကျိုက်ထို မတ် ၆

ရေလုပ်သားများ၏ လူနေမဉ္ဘာဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ မြစိမ်းရောင် ငါးကဏ္ဍဖွံ့ဖြိုးရေး အရင်းမပျောက်မတည်ရန်ပုံငွေ ထုတ်ပေးနိုင်ရေး အတွက် ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျိုက်ထိုမြို့နယ် အတွင်းရှိ သိမ်ဇရပ် စစ်တောင်းဘိုရားကြီးကျေးရွာများအား တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် မတ် ၃ ရက်တွင်မြို့နယ်စီမံခန့်ခွဲမှု ကော်မတီမြို့နယ် မြစိမ်းရောင်စီမံကိန်းကြီးကြပ်မှု ကော်မတီတို့၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာ ကျေးရွာမြစိမ်းရောင်စီမံကိန်းကြီးကြပ်မှုကော်မတီများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်မှုတွင်ကျေးရွာသုံးရွာအတွက် ရန်ပုံငွေကျပ်သိန်း ၉၀၀ ကို ပေးအပ်ခဲ့ပြီး ယင်းကျေးရွာများရှိ ရေလုပ်ငန်းလုပ်ကိုင်သူ အများစုသည် စစ်တောင်းမြစ်အတွင်း မျှောပိုက်ကျား ပိုက်များဖြင့် ငါးဖမ်းကြသူများဖြစ်ပြီး တစ်ပိုင်တစ်နိုင် အသေးစား၊အလတ်စား လုပ်ငန်းများ လုပ်ကိုင်ကြသူများဖြစ်ကြောင်းသိရသည်။ **သန်းသန်းမော်(ပြန်/ဆက်)**

ချောက်မြို့၌ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ချောက် မတ် ၆

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၁၁)ရပ်ကွက် ဗဟိုကွက် သစ်ရပ်ရှိ သာသနာ့ဝိမာန်တော်ကြီး ရှေ့၌ (၅၇)ကြိမ်မြောက် သကျမုနိဆုတောင်းပြည့်မြတ်စွာ ဘုရားဗုဒ္ဓ ပူဇနီယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့်အတူဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ အလှူရှင်များ စုစုပေါင်း ၃၀၀ တို့က ဆွမ်းဆန်စိမ်း လောင်းလှူရေးအဖွဲ့ ၁၀၂ ဖွဲ့ဖြင့် ချောက်မြို့ ပေါ် ရှိကျောင်းတိုက် အသီးသီးမှ သံယာ ၇၄၄ ပါး၊ သီလရှင် အပါး၈၀၊ ပုဂံညောင်ဦးမြို့နယ် စဉ်ကူမြို့မှသံယာအပါး ၄၀ ပါး စုစုပေါင်း ၈၆၄ပါးတို့ကို ဆန်၊ဆီ၊ ကြက်သွန်နီ ၊ ကုလားပဲ၊ ဆပ်ပြာမှုန့်ထုပ်၊ ခေါက်ဆွဲခြောက်ထုပ်၊ မြေပဲဆံထုပ်၊ ပုန်းရည်ကြီးထုပ်၊ ကော်ဖီမစ်ထုပ်၊ အချိုရည်ဘူး၊ ရေသန့်ဘူး၊ အမွေးဆပ်ပြာခဲများကိုလောင်းလှူခဲ့ကြောင်း သိရသည်။ **မချို(ချောက်)**

ကျေးလက်နေပြည်သူများအား နယ်လှည့်စာကြည့်တိုက်ဖြင့် ဝန်ဆောင်မှုပေး

ကျိုက်ထို မတ် ၆

ကျိုက်ထိုမြို့နယ် ကွင်းကလေးကျေးရွာ ရွာလယ်ပိုင်း၌မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က ဖေဖော်ဝါရီ ၁၈ ရက် နံနက်၁၀နာရီတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ရှင်သန်ခိုင်မာရန် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ ဆွေးနွေးကာ ကျေးရွာသူကျေးရွာသားများအား စာအုပ်စာပေ လူမိတ်ဆွေခေါင်းစဉ်ဖြင့်ဟောပြောပြီး စာဖတ်ပိုင်းများနှင့်သုတရသစာအုပ်များကို လေ့လာဖတ်ရှုစေ၍ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲကိုခင်းကျင်းပြသခဲ့ကြောင်းသိရသည်။

ကျိုက်ထိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကျေးလက်နေပြည်သူများအားအသိပညာ အတတ်ပညာရရှိစေရန်ကျေးရွာများ သို့သွားရောက်၍နယ်လှည့်စာကြည့်တိုက်နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိသည်။ **ဝင်းမောင်(iprd)**

ယခုနှစ် သခွားမွှေးစိုက်သူများ ဈေးကောင်းရရှိ

မြင့်သား မတ် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ယခုနှစ်အတွင်း သခွားမွှေးစိုက်ပျိုးသူ တောင်သူများမှာ သခွားမွှေး ဈေးကောင်းရရှိ၍ အဆင်ပြေကြောင်းသိရသည်။

ထိုဒေသမှ စိုက်ပျိုးသော သခွားမွှေးများအား မြန်မာပြည်တွင်းရှိ အနယ်နယ်အရပ်ရပ်သို့ ပို့ဆောင်သည့်အပြင် ပြည်ပနိုင်ငံဖြစ်သော တရုတ်နိုင်ငံထိပါ တင်ပို့ရောင်းချရကြောင်းသိရသည်။ "ကျွန်မတို့ကသခွားမွှေးကိုအဓိက စိုက်ပျိုးကြပါတယ်။ သခွားမွှေးကိုဆောင်းရာသီမှာ စတင်စိုက်ပျိုးပါတယ်။သူကို ဒေသအခေါ် ရွှေသီးလိုခေါ်ကြတယ်။ သခွားမွှေးမျိုးစေ့ကိုပဲဒီဒေသက စိုက်ကြပါတယ် တစ်ဧကကိုအပင်ရေတစ်သောင်းခန့်စိုက်ပျိုးလို့ရပါတယ် စိုက်ပျိုးပြီးသုံးလလောက်အကြာမှာ ရောင်းတန်းဝင်အသီးဆွတ်ကြပါတယ်"ဟု စိုက်ပျိုးသူတစ်ဦးကပြောသည်။

သခွားမွှေးစိုက်ပျိုးသူများမှာ တစ်ဧကလျှင် ကျပ်သိန်း ၄၀ခန့် ကုန်ကျမှုရှိပြီး စိုက်ပျိုးရေးပညာရှင်တစ်ဦး၏ လစာမှာ တစ်လကျပ် တစ်သိန်းခွဲခန့်ရရှိကာ နေ့စားအလုပ်သမားတစ်ဦးလျှင် အမျိုးသားများမှာ ကျပ် ၃၀၀၀နှင့် အမျိုးသမီးတစ်ဦးလျှင် ကျပ် ၂၅၀၀ခန့်ရရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်သည် လူဦးရေ နှစ်သိန်း၀န်းကျင်ခန့်နေထိုင်ကြပြီး ဒေသခံကျေးလက်ပြည်သူများသည်စိုက်ပျိုးရေးမွေးမြူရေးကို အဓိကလုပ်ကိုင်ကြသည်။

ယင်းဒေသတွင် ရာသီအလိုက်သီးနှံများ စိုက်ပျိုးပြီး တရုတ်ပြည်အထိတင်ပို့ရောင်းချနေရသဖြင့် စိုက်ပျိုးသူများ အဆင်ပြေကြကြောင်းအဆိုပါဒေသခံတောင်သူများ ကပြောသည်။ **ကျော်ကျော်(မလှိုင်)**

မြေအောက်ဌာပနာသွင်းမဂ်လာအခမ်းအနား ဘောလခဲမြို့နယ်တွင် ကျင်းပ

ဘောလခဲ မတ် ၆

ကယားပြည်နယ် ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ် ပွန်ချောင်းအရှေ့ဘက်ကမ်း သစ်တပင်တောင်ထိပ်တွင် တည်ထားကိုးကွယ်မည့် စေတီတော် မြေအောက်ဌာပနာသွင်းမဂ်လာ အခမ်းအနားကို မတ် ၄ ရက် မွန်းလွဲ ၂နာရီက အဆိုပါတောင်ထိပ်၌ ကျင်းပခဲ့သည်။

ဒေဝမနုဿသုခမဏိ ရတနာစေတီတော် မြေအောက်ဌာပနာသွင်း အခမ်းအနားတွင် ဘောလခဲမင်းကျောင်း တိုက်ဆရာတော်ဥမ္မမိယက မဂ်လာအုတ်မြစ် မြေအောက်ဌာပနာများကို အမွေးနံ့သာများဖြင့် ပက်ဖျန်းပိတ်ပေးခဲ့ပြီး ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေး၀န်ကြီး ဦးချစ်လှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေ၀၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။ **လှရွှေ(IPRD)**

ရွှေဂူလေးစေတီတော်မြတ်ကြီးတွင် (၅၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ပဲခူး မတ် ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေဂူလေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်နှစ်တိုင်းပြုလုပ်မြဲဖြစ်သည့် (၅၄၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၁ ရက်မှ ၃ ရက်ထိ သံယာတော်အပါး ၃၀ တို့ဖြင့် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ကို သုံးရက်တိုင်ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ကြသော သံယာတော်အပါး ၃၀ တို့အား အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ မုန့်ဆွမ်းများလျှာ်ဒါန်းနိုင်ရန် ဘုရား ဂေါပကများက ဦးစီးဦးဆောင်ပြီးစေးဆိုင်ခန်းမှ စေးသူ၊ စေးသားများကလျှာ်ဒါန်းဆက်ကပ်ခဲ့ကြသည်။

အသံမစဲမဟာပဋ္ဌာန်းပွဲပြီးနောက် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ဘုရားအမျှူးပြုသော ပင့်သံယာ ၆၅ ပါးတို့အား ဆွမ်းဆန်စိမ်းအစရှိသော ဒါတဘွဝတ္ထုအစုစုတို့ဖြင့် လောင်းလှူနိုင်ရန် စီစဉ်ဆောင်ရွက်ပြီး မတ် ၃ ရက်နှင့် ၄ ရက်ညများတွင် မြန်မာပြည်စတားအငြိမ်းဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

သုလင်း(ဟံသာမြေ)

ဘားအံမြို့တွင် တောင်သူလယ်သမားနေ့အထိမ်းအမှတ် တောင်သူများတွေ့ဆုံပွဲနှင့် လယ်ယာသုံးစက်ပစ္စည်းများထောက်ပံ့ပေးအပ်

ဘားအံ မတ် ၆

ကရင်ပြည်နယ် ဘားအံမြို့တွင် တောင်သူလယ်သမားနေ့အထိမ်းအမှတ် တောင်သူလယ်သမားများတွေ့ဆုံပွဲနှင့် လယ်ယာသုံးစက်ပစ္စည်းများ၊ တောင်သူလယ်သမားသားသမီးများအတွက် စက်ဘီးများနှင့် အပေါ့စားမီးသတ်စက်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၅ ခုနှစ် တောင်သူလယ်သမားနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများက လယ်ယာစိုက်ပျိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။

ယင်းနောက် ဘားအံ၊ လှိုင်းဘွဲ့နှင့် ကော့ကရိတ်မြို့နယ်များအတွင်းရှိ တောင်သူလယ်သမားများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ရံပံ့မှ ထောက်ပံ့သော ဂျစ်ပဆန်မြေသြဇာ ၂၀၀ အိတ်နှင့် ထုံး ၁၀၀၀ အိတ် တန်ဖိုးငွေကျပ် ၂၆ သိန်း ကျော်၊ တောင်သူလယ်သမားများ၏ သားသမီးများ ကျောင်းသွားကျောင်းပြန်အဆင်ပြေစေရန်အတွက် စက်ဘီး ၃၅ စီး၊ တန်ဖိုးငွေကျပ် ၁၁ သိန်ကျော်နှင့် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များရှိ ကျေးရွာများအတွက် အပေါ့စားမီးသတ်စက် ၁၄ လုံးအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က ပေးအပ်ရာ တောင်သူလယ်သမားများမှ လက်ခံရယူခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ပစ္စည်းများ၊ မီးသတ်စက်များဖြင့် မီးသတ်စွမ်းရည်သရုပ်ပြသခြင်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

နေမျိုးလွင်(ပြန်/ဆက်)

ဝေါမြို့နယ်စာရေးဆရာအသင်းနှင့် နယ်လှည့်စာကြည့်တိုက်အဖွဲ့ စာပေချစ်မြတ်နိုးသူများက ကျေးရွာ ၆၀ တွင် စာဖတ်စွမ်းရည်မြှင့်တင်မည်

ရန်ကုန် မတ် ၆

ဝေါမြို့နယ်စာရေးဆရာအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေး နယ်လှည့်စာကြည့်တိုက်များအဖွဲ့၊ အလျှုရှင်များပူးပေါင်းပြီး စာပေချစ်မြတ်နိုးသူလူငယ်များက ဦးစီးကာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မြို့နယ်တွင်းရှိရွာပေါင်း ၆၀ ကျော်ကို ဧပြီလမှစ၍ စာဖတ်စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝေါမြို့နယ်စာရေးဆရာအသင်းမှ သိရသည်။

ဝေါမြို့နယ်စာရေးဆရာအသင်းနှင့် နယ်လှည့်စာကြည့်တိုက်အဖွဲ့ စာပေချစ်မြတ်နိုးသူ လူငယ်များမှဦးစီးပြီး အသင်းရန်ပုံငွေများဖြင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ချိတ်ဆက်ကာ မြို့နယ်အတွင်းရှိ ကျေးရွာ ၆၀ ကျော်သို့ စာဖတ်စွမ်းရည်မြှင့်တင်ရေးအတွက် စာကြည့်တိုက်လုပ်ငန်းအောင်မြင်ရေး၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာဖွံ့ဖြိုးစေရန်၊ စာပေစေတနာသန့်သန့်ဖြင့် လှည့်လည်ဟောပြောခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တစ်ရွာလျှင်နှစ်ရက်နှုန်းဖြင့် တစ်လကို ရွာခုနှစ်ရွာမှ ၁၀ ရွာအထိ လှည့်လည်ဟောပြောကာ ဧပြီလနောက်ဆုံးပတ်အတွင်း စာအုပ်များပေးအပ် လျှာ်ဒါန်းသွားမည်ဖြစ်ကြောင်းရန်ကုန်မြို့တွင် ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မျှူးများ ညီလာခံသို့ တက်ရောက်ခဲ့သူ ဝေါမြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးဇော်ထွန်း (ဘုန်းဇော်မိုး-ဥဿာ-ညောင်ခါးရှည်ရွာ)က ကြေးမုံသို့ ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်တွင် အနီးနားရှိရွာများသို့ နယ်လှည့်စာကြည့်တိုက်အနေဖြင့် စာဖတ်သူလူငယ်တစ်ဦးလျှင် မိမိနှစ်သက်ရာ စာအုပ်တစ်အုပ်စီအား အပိုင်ပေးအပ်ပြီးနောက် စာအုပ် ၁၀၀ ကိုလည်း ကျေးရွာများတွင်နေထိုင်သူများ စာပေဖတ်နိုင်ကြစေရန် ရည်ရွယ်ပြီးထိုရွာတွင်းရှိ စာပေရေချမ်းစင်အတွက်ထားရှိပေးသွားမည်ဖြစ်သည်။ နောက်ပိုင်းလစဉ် စာအုပ်ထပ်မံဖြည့်တင်းလျှာ်ဒါန်းမှုများဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ အလျှုရှင်များအနေဖြင့် စာဖတ်စွမ်းရည်မြှင့်တင်ရေးတွင် ပါဝင်၍ စာအုပ်၊ စာပေလျှာ်ဒါန်းလိုသူများအနေဖြင့် ဝေါမြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးဇော်ထွန်း ၀၉ ၃၁၄၅၈၉၅၅ သို့ဆက်သွယ်ပေးပို့ လျှာ်ဒါန်းနိုင်ကြောင်း သိရသည်။

သန့်ဇင်ဝင်း

ကြေးမုံ

ကြေးမုံ

ကြေးမုံ

သုခကာရီအသင်းမှ တပ်မတော်သားများနှင့် တိုက်ပွဲရှောင် ပြည်သူများအား သွားရောက်ကူညီထောက်ပံ့

စစ်ကိုင်း မတ် ၆

စစ်ကိုင်းမြို့ သုခကာရီကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းကြီးမှ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများ၊ ကျဆုံးဒဏ်ရာရ အရာရှိ၊ စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်များနှင့် တိုက်ပွဲရှောင်ပြည်သူများအား သွားရောက်ကူညီလျှဒါန်းခဲ့ကြကြောင်း သိရသည်။

သုခကာရီအသင်းကြီး၏ အတွင်းရေးမှူး လေးကျွန်းမြေအုင့်ကျောင်းဆရာတော် ဘဒ္ဒန္တခမ္မပီယာလင်္ကာရ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့ဦးဆောင်သည့် အသင်းသူ၊ အသင်းသားများသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် လားရှိုးမြို့ တပ်မတော်ဆေးရုံသို့သွားရောက်ကာ ထိခိုက်ဒဏ်ရာရရှိကြသည့် တပ်မတော်သားများနှင့် အရပ်သားများအတွက် ကျပ်ငွေသိန်း ၃၀ ကျော်၊ လားရှိုးမြို့ ပြည်နယ်အထွေထွေကုဆေးရုံကြီးတွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ကုသမှုခံယူနေကြရသည့် ကျန်းမာရေး၊ ပညာရေးဌာနမှ ဝန်ထမ်းများနှင့် အရပ်သားများအတွက် ထောက်ပံ့ငွေကျပ်လေးသိန်းတို့ကို ထောက်ပံ့ကူညီပေးအပ်ခဲ့သည်။

ယင်းနောက် ကျဆုံးစစ်သည်မိသားစုများနှင့် စစ်ပွဲရှောင်ပြည်သူများအား ကျပ်ငွေသိန်း ၃၀ ကျော်ကို ထောက်ပံ့ကူညီပေးအပ်ခဲ့ကြောင်း၊ ကွန်လုံဒေသ ပြန်လည်တည်ထောင်ရေးအတွက်လည်း ငွေကျပ် ၁၀ သိန်းကို လျှဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအသင်းသည် မတ် ၁ ရက်တွင် မန္တလေးမြို့၊ ကျွဲဆည်ကန်၊ ချမ်းမြရွှေပြည် ကားကွင်းသို့သွားရောက်ကာ တိုက်ပွဲရှောင်နေရပ်ပြန်ပြည်သူ ၄၁ ဦးတို့အား တစ်ဦးလျှင်ငွေကျပ်နှစ်သောင်းစီ၊ အစားအသောက်၊ ရေသန့်ဘူး၊ ဆေးဝါး စသည့်ပစ္စည်းများ စုစုပေါင်းကျပ်ငွေ ၉ သိန်းကျော်ဖိုး သွားရောက်ထောက်ပံ့ကူညီခဲ့ကြောင်း၊ ယင်းနောက် စစ်ကိုင်းမြို့ တပ်မ(၃၃)သို့သွားရောက်ကာ ရှေ့တန်းရောက် တပ်မတော်သားများအတွက် ဆန်အိတ် ၂၀ နှင့် ယမ်ယမ်ခေါက်ဆွဲပုံး ၅၀ တို့ကို သွားရောက်ထောက်ပံ့လျှဒါန်းခဲ့ကြောင်း သိရသည်။

သုခကာရီအသင်းကြီး၏ အတွင်းရေးမှူး၊ လေးကျွန်းမြေအုင့်ကျောင်းဆရာတော် ဘဒ္ဒန္တခမ္မပီယာလင်္ကာရ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့ဦးဆောင်သည့် အသင်းသူ၊ အသင်းသားများသည် မတ် ၃ ရက်တွင် ပြင်ဦးလွင် တပ်မတော်ဆေးရုံကြီးသို့သွားရောက်ကာ ဆေးဝါး ကုသမှုခံယူနေကြရသည့် တပ်မတော်သားဒဏ်ရာရ အရာရှိ၊ စစ်သည် ၆၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီနှင့် ပြင်ဦးလွင်အထွေထွေကုဆေးရုံတည်ဆောက်ရေးအတွက် အလှူငွေများကိုလည်း သွားရောက်ထောက်ပံ့လျှဒါန်းခဲ့ကြကြောင်း သိရသည်။

နန္ဒာမင်းလွင်

ကယ်ရီပြေးဆွဲသူများ ဝင်ငွေနည်းပါးလာ

မလှိုင် မတ် ၆

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ရှိ မလှိုင် -ပန်းအိုင် ပြေးဆွဲနေသော ဆိုင်ကယ်ကယ်ရီသမားများ ယခုရက်ပိုင်း ဆိုင်ကယ်ကယ်ရီစီးသူ နည်းပါးလာသဖြင့် အလုပ်မဖြစ် ဝင်ငွေနည်းပါးနေကြောင်း ဆိုင်ကယ်ကယ်ရီ ဆွဲသူများက ပြောသည်။

"ဒီရက်ပိုင်းမှာ ကယ်ရီဆွဲရတာ သိပ်အဆင်မပြေဘူး။ စီးသူနည်းပါးတယ်ပြောရမှာပေါ့။ တောင်သူလုပ်ငန်းကလည်း နားချိန်၊ ကိုယ်ပိုင်ဆိုင်ကယ်တွေကလည်းများလာဆိုတော့ တစ်နေ့ငါးထောင်လောက်ရအောင် မနည်းကြိုးစားပြီး ရှာနေရပါတယ်။ သီးနှံပေါ်ခိုန်၊ အခါနား (ရိုးရာလေ့လာသီပွဲများ) နီးချိန်များမှာဆိုရင်တော့ မြို့တက်စျေးဝယ်များလို့ အဆင်ပြေပါတယ်။ အဲဒီအချိန်ဆိုတစ်နေ့ကို အနည်းဆုံး တစ်သောင်းပတ်ဝန်းကျင်ရပါတယ်" ဟု ဆိုင်ကယ်ကယ်ရီပြေးဆွဲသူ ကိုချမ်းမြေအောင်က ပြောသည်။

မလှိုင်မြို့နှင့် ပန်းအိုင်ကျေးရွာသည် သုံးမိုင်ကျော်ဝေးပြီး ဆိုင်ကယ် ကယ်ရီပြေးဆွဲသူများက ခရီးသည်တစ်ဦးလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ အဆိုပါ ခရီးကို ယခင်ကမြင်းလှည်းများဖြင့် သွားလာခဲ့ကြသော်လည်း ဆိုင်ကယ်များပေါ်လာသည့်အချိန်တွင် ကိုယ်ပိုင်ဆိုင်ကယ်များ၊ အငှားဆိုင်ကယ်ကယ်ရီများဖြင့် သွားလာလျက်ရှိကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်

ဆိပ်ဖြူ မတ် ၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးလုပ်ငန်းများနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ကူးစက်ရောဂါများထိန်းချုပ်နိုင်ရေး၊ သားငါးစားသုံးသူပြည်သူများ သားငါးနို့ထွက်ပစ္စည်းများ ဖူလုံစွာစားသောက်နိုင်ပြီး ပိုလျှံသောသားငါးနို့ထွက်ပစ္စည်းများအား ပြည်ပသို့တင်ပို့ရောင်းချရေးတို့ကို ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဥာဏ်မျိုးက အဖွင့်အမှာစကားပြောကြားခဲ့ရာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲချိန်ကာလအတွင်း လယ်ယာမြေလုပ်ငန်းခွင်များတွင် ကျွဲ၊ နွားများ မရှိမဖြစ်သုံးစွဲရလျက်ရှိသည့်အတွက် တိရစ္ဆာန်များ၏ကျန်းမာရေးသည်လည်း အရေးပါလှကြောင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ ကျန်းမာပါမှ မိမိလုပ်ငန်းခွင်အတွင်း စိုက်ပျိုးရေးများအောင်မြင်၍ မိသားစုဝင်ငွေ တိုးတက်လာမှာဖြစ်ပြီး တိရစ္ဆာန်များ၏ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်ကြစေရေးကို မှာကြားခဲ့သည်။

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးမှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ တိရစ္ဆာန်ကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းကို မတ် ၂ ရက်မှ ၈ ရက်ထိ ပို့ချသွားမည်ဖြစ်ပြီး ကျေးရွာအုပ်စုများမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုးနိုင်လင်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ရမည်းသင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

ရမည်းသင်း မတ် ၆

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်သည် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီးတို့လိုက်ပါလျက် မတ် ၁ ရက်တွင် ရမည်းသင်းခရိုင်အတွင်း ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က ရမည်းသင်းမြို့နယ် မကျီးကုန်း (တောင်ရွာ) တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော မြေသားရေကန်တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို ကြည့်ရှုအားပေး၍ ကျေးရွာရပ်မိရပ်ဖပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါမြေသားရေကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇ ဒသမ ၇၈ သန်းဖြင့် ၁၀၀ ပေ × ၁၀၀ ပေ × ၈ ပေ အတိုင်းအတာ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယင်းမကျီးကုန်း (တောင်ရွာ) ၏ အိမ်ခြေ ၃၅၄ အိမ်၊ လူဦးရေ ၁၄၇၆ ဦးတို့အား သောက်သုံးရေအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ပဲခူးမြို့တွင် မီးဘေးအန္တရာယ်မကျရောက်စေရန် ကြိုတင်စစ်ဆေးဆောင်ရွက်

ပဲခူး မတ် ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်အတွင်းရှိ လုပ်သားပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးလောင်မှုများမဖြစ်ပေါ်စေရန်ရည်ရွယ်၍ ပဲခူးမြို့ ခရိုင်ဦးစီးမှူး ဦးအေးမြင့်၏လမ်းညွှန်မှုဖြင့် ပဲခူးမြို့ အရန်မီးသတ်တပ်ခွဲ (၂) မှ တပ်ခွဲမှူးဦးတင်စိုးနှင့်အဖွဲ့သည် မဇင်းရပ်ကွက် တိုးချဲ့ (၂) အပိုင်တွင် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုအခြေအနေ၊ မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများထားရှိမှု၊ မီးအား သတ်မှတ်ထားသောအချိန်အတွင်း သုံးစွဲမှုရှိ-မရှိနှင့် ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝါယာကြိုးများ သုံးစွဲခြင်းရှိ-မရှိတို့အား သက်ဆိုင်ရာအပိုင်ရာအိမ်မှူးများနှင့်အတူ လိုက်လံစစ်ဆေး၍ ပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကြယ်စင်သိန်း(ပဲခူး)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရိုဒ်ခေါ်ဒါရ် မတ် ၆

ရိုဒ်ခေါ်ဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးစကားပိုင်း ဆွေးနွေးပွဲနှင့် ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် ချင်းပြည်နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်စုမှူးဒုတိယရဲမှူးအောင်မင်းကြည်က လူကုန်ကူးမှုဆိုင်ရာများကို ဟောပြောဆွေးနွေးပြီး ဖလမ်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင် ဦးဆောင်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးစကားပိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ခရိုင်(ပြန်/ဆက်)

လူငယ်များ အဆင့်မြင့်အလုပ်အကိုင် ရရှိစေရန်
လုပ်ငန်းရှင်များ ကိုယ့်လုပ်ငန်းကို ကိုယ်တိုင်စီမံနိုင်ရန်
ဟိုတယ်မန်နေဂျာသင်တန်း
Front Office Operations (Management) Course
သင်တန်းများ ၂၀၁၅ မတ်လ (၂၀) ရက် ဖွင့်မည်။
HOST Management Academy
09 5199071, 09 799649983, 09 6815637
No. 32, Myay Nu St., San Chaung Tsp. Yangon.

ရွှေဆံပင်တံတားလမ်းနှင့် ရွှေမေတ္တာရွှေဆံပင်တံတားကြီးအတွက် ရန်ကုန်မြို့ စေတနာရှင်များ၏
ဆဋ္ဌမအကြိမ်မြောက် စုပေါင်းရေစက်ချမမ္မသဘင်ဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ မူလပင်မလမ်း၊ ကျေးရွာပေါင်း(၆၀)ကျော်မှီခိုရာဖြစ်သော ရွှေဆံပင်တံတားလမ်းများနှင့် ပေပေါင်း(၅၅၀)ရှိ ရွှေမေတ္တာရွှေဆံပင်မြောက်ယမားချောင်းကူးတံတားကြီး အောင်မြင်ရေးအတွက် ရွှေဆံပင်နှင့်အာစီဏ္ဏကံကုသိုလ်အဖြစ်ဖြင့် လစဉ်အလှူတော်ငွေများလှူဒါန်းကြသော စေတနာရှင်များအား ရွှေဆံပင်တံတားလမ်းဦးစီးနာယကဆရာတော် အရှင်ဝေပုလ္လ(သာသနဇရ ဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရ)မှ နိဒ္ဒာန်ရောက်ကြောင်းတရားတော်များ ဟောကြားခိုးမြှင့်ပေးမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - (၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော်၇ရက်) စ-၃-၂၀၁၅(တနင်္ဂနေ့)
အချိန် - မွန်းလွဲ(၂း၀၀)နာရီ။
နေရာ - တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အရှေ့ဝါယာလက်(၂)လမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၆၁၅၈၀၉၁၊ ၀၉-၂၅၄၁၆၅၅၇၉၊ ၀၉-၂၅၉၆၃၂၂၅၃၁၊ ၀၉-၂၅၀၀၇၇၆၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄စီမံကိန်း-၂၂ မြေကွက်အမှတ်-၃၀၇၊ မြေကွက်တည်နေရာ-အမှတ်(၃၀၇)၊ ဗိုလ်အောင်ကျော်လမ်း၊ (၁၄/စီမံကိန်း-၂၂)၊ တ/ဥက္ကလာပမြို့နယ်၊ (ဦးစံထွန်းလှ)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံထွန်းလှ ကွယ်လွန်သဖြင့် ဒေါ်စောဖြူ(၁၂/သယက(နိုင်)၀၅၃၀၈၃)က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျွမ်းကျိန်လွှာ/သေစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်းကျွမ်းကျိန်လွှာ-၉(၅-၁-၁၅)တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
ပြိုပြစီမံကိန်းနှင့်မြေဧရိယခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅၊ မြေကွက်အမှတ်-၈၂၆၊ မြေကွက်တည်နေရာအမှတ်(၈၂၆)၊ နင်းဆီမြိုင်လမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးအုန်းမောင်(၁၂/လမတ(နိုင်)၀၁၄၆၅၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုန်းမောင် ကွယ်လွန်သဖြင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၄၉/စ-၁-၁၄ဖြင့်ရရှိသူ ဒေါ်ကြိုင်(၁၂/လမတ(နိုင်) ၀၁စ၁၅၁၆)မှ ဂရန်ပျောက်ဆုံးကြောင်းရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျွမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြောင်းစာချုပ် ဂရန်မိတ္တူ၊လျှောက်ထားလာရာ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေဧရိယခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြက်ရောဂါကာကွယ်ဆေး ထိုးကြရအောင်

à ငြိမ်းချမ်း

မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းသည် အလွန်အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည်။ ကြက်မွေးမြူရေးကိုလည်း စီးပွားရေးလုပ်ငန်းတစ်ခုအသွင် ရှုမြင်သည်။ ကျေးလက်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ဆောင်ရွက်ပါက တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာပြီး စီးပွားရေးချောင်လည်လာမည်ဖြစ်သည်။

ကြက်မွေးမြူရေး လုပ်ငန်းသည် အချိန်တိုကာလအတွင်း ရင်းနှီးမြှုပ်နှံငွေကို ပြန်လည်ဖော်ထုတ်ပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော်လည်း အောင်မြင်ရေးကို အဟန့်အတားဖြစ်စေသည့် အကြောင်းများ အနက် ကူးစက်ရောဂါသည် အဓိက အကြောင်းတစ်ခုဖြစ်သည်။ မည်သည့်ရောဂါကိုမဆို မဖြစ်မီ ကြိုတင်ကာကွယ်မှုပေးခြင်းသည် အကောင်းဆုံး လုပ်ရပ်ဖြစ်သည်။ ရောဂါကူးစက်ပြန့်ပွားခြင်း မရှိစေရန်အတွက် ကနဦး စတင် မွေးမြူမည့်ကြက်များကို ရယူသည့်အခါ ရောဂါကင်းရှင်းသည့်ဒေသနှင့် ကျန်းမာသန်စွမ်းသည့် ကြက်များကိုသာ စတင်မွေးမြူသင့်သည်။ ရရာနေရာနှင့် ရရာကြက်များကို မမွေးသင့်ပါ။

မိမိမွေးမြူထားသော ကြက်များမှ နေထိုင်မကောင်းဖြစ်သည့် လက္ခဏာတွေ့လျှင်တွေ့ချင်း ကျန်ကြက်ခြံများနှင့် သီးခြားခွဲထားရန်လိုသည်။ အထူးသဖြင့် ကျေးလက်ဒေသတွင် ရောဂါဖြစ်ပွားလျက်ရှိသော ကျေးရွာများသို့ လူနှင့်တိရစ္ဆာန်များ ကူးသန်းသွားလာမှု ရှောင်ကြဉ်ရန်လိုသည်။ ကြက်များကို ကျန်းမာသန်စွမ်းပြီး ရောဂါခံနိုင်ရည်ရှိစေရန် အာဟာရဓာတ် လုံလောက်သော အစားအစာများကို ကျွေးမွေးရမည်။

သန့်ရှင်းသော ကြည်လင်၍ အေးမြသော သောက်ရေကို အမြဲတမ်း ထားပေးရမည်။ အစာခွက်ရေခွက်များ၏ သန့်ရှင်းမှုကို ဂရုစိုက်ရမည်။ ကာကွယ်ဆေးများကို သတ်မှတ်ထားသော အချိန်ကျရောက်လျှင် ပုံမှန်တိုက်ကျွေး ထိုးနှံပေးရန် လိုအပ်ပါသည်။ သို့အတွက်ကြောင့် ကြက်များတွင် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်မှု၊ ဆေးဝါးကုသဆောင်ရွက်နိုင်ရန်အဖြစ် အများဆုံးရောဂါများကို သိထားသင့်ရန် ရေးသားဖော်ပြအပ်ပါသည်။

ကြက်လည်လိမ်ရောဂါ

ပါရာမစ်ဆို ဗိုင်းရပ်စ်ပိုးများ ကြက်၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ပျံ့နှံ့ခြင်းကြောင့် ဖြစ်ပွားသည်။ ရောဂါကူးစက်ပြန့်ပွားမှု လျင်မြန်ပြီး သေဆုံးမှုနှုန်း မြင့်မားသော ရောဂါတစ်မျိုးဖြစ်သည်။ ကြက်များ၏ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည်။ ကောင်ရေလည်း ရာခိုင်နှုန်းပြည့် သေဆုံးနိုင်သည်။ ဤရောဂါကို ကြိုတင်ကာကွယ်ဆေး ထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပြီး ကာကွယ်နိုင်ပါသည်။

ကြက်ကျောက်ရောဂါ

ကျောက်ရောဂါ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသည်။ အရေပြားပေါ်တွင် ကျောက်ပေါက်နာ အသီးကလေးများ တွေ့ရသည်။ ကျောက်ပေါက်နာများသည် အမောက်၊ လည်ပင်း၊ မျက်ခွံနှင့် မျက်စေ့သို့ လျင်မြန်စွာ ကူးစက်သည်။ သေဆုံးမှုနှုန်း ၅၀ ရာခိုင်နှုန်းအထိ ရှိနိုင်သည်။ ကာကွယ်ဆေးထိုးပြီး ရောဂါကာကွယ်ထားရန် လိုအပ်သည်။

သံရောဂါများ

ကြက်များတွင် သံရောဂါကို မကုသဘဲ လျစ်လျူရှုထားပါက ကြက်များ ပိန်းလှီခြင်း၊ ကြီးထွားမှုနှုန်း နှေးကွေးခြင်းနှင့် ဥနှုန်းကျဆင်းခြင်းစသည့် အကျိုးဆက်များ ဖြစ်ပေါ်လာပါသည်။

သွေးဝမ်းရောဂါ

ကြက်များ အသက် (၆)ပတ်မှ (၃)လသား အရွယ်အတွင်း သွေးဝမ်းရောဂါ ဖြစ်ပွားလေ့ရှိသည်။ သွေးဝမ်းပိုးများ အူလမ်းကြောင်းထဲသို့ ဝင်ရောက်ခိုအောင်းပြီး ရောဂါဖြစ်စေသည်။ ရောဂါဖြစ်ပွားသော ကြက်များ၌ အစာစားနှုန်း ကျဆင်းခြင်း၊ ဝမ်းညစ်ခြင်းနှင့် ဝမ်းထဲ၌ သွေးစများပါရှိသည့် လက္ခဏာများတွေ့ရသည်။ အချိန်မီ ကုသမှုမရရှိပါက သေဆုံးနှုန်းများပါသည်။ ဆာလဟာ ဆေးများ၊ အင်ပရိုလီယမ်ဆေးများကို တိရစ္ဆာန်ဆေးကု ဆရာဝန်၊ ကုမ္ပဏီ အညွှန်းအတိုင်း တိုက်ကျွေးကုသပေးရန်လိုပါသည်။

> **မည်သည့်ရောဂါကိုမဆို မဖြစ်မီ ကြိုတင်ကာကွယ်ပေးခြင်းသည် အကောင်းဆုံး လုပ်ရပ်ဖြစ်သည်။ ရောဂါကူး . . .**

သံဖြူဇရပ်မြို့ အောင်သာယာ ရပ်ကွက်၌ကွန်ကရစ် လမ်းဖွင့်ပွဲကျင်းပ

သံဖြူဇရပ် မတ် ၆

မတ်လ ၁၉ ရက်တွင် ကျရောက်မည့် (၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့အား ကြိုဆိုသောအားဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက်ရှိ မင်းရဲကျော်စွာ လမ်းသွယ် (၂)၌ ကွန်ကရစ် လမ်းဖွင့်ပွဲကို မတ်လ ၁ ရက် နံနက် ၈ နာဂိုတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းလမ်းဖွင့်ပွဲတွင် အမျိုးသားလွတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံနှင့် အောင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းစိုးတို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သိန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးနှင့် မြို့နယ် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

မင်းရဲကျော်စွာ လမ်းသွယ် (၂)၌ ဖွင့်လှစ်သည့် ကွန်ကရစ်ခင်းလမ်းမှာ အရှည် ၆၁၂ ပေ၊ အကျယ် ၁၂ ပေ၊ ၃ ခုနှစ်လက်မရှိပြီး ပြည်သူ့လွှတ်တော်မှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀၊ ရပ်ကွက်ပြည်သူမှ ကျပ်သုံးသိန်းငါးသောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဘိလပ်မြေ ၁၀၀ အိတ်ကို ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

ကျော်ဝင်း (ပြန်/ဆက်)

နေရောင်ခြည်စွမ်းအင်ဖြင့် ဝါးတောကျေးရွာတွင်လျှပ်စစ်မီးရရှိ

မအူပင် မတ် ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ဝါးတောကျေးရွာတွင် ကျေးလက်မီးလင်းရေးအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ဖွင့်ပွဲအခမ်းအနားကိုကျင်းပခဲ့ရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခရိုင်ဦးစီးမှူး ဦးသန်းလင်းထွန်းနှင့် Mandalay Zone Co , Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအာကာအောင်ဆန်းနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်ဖြင့် ကျေးလက် မီးလင်းရေးအတွက် ဒွေကျပ်သိန်း ၅၀၀ ကျော် ကုန်ကျခဲ့ပြီး ဝါးတောကျေးရွာတွင် အိမ်ခြေပေါင်း ၃၈၄ အိမ်ရှိပြီး ယခုမီးရရှိသည့် အိမ်ခြေပေါင်းမှာ ၃၁၀ ဖြစ်ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေရောင်ခြည်စွမ်းအင် (ဆိုလာ)ဖြင့် ဝါးတောကျေးရွာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူး၍ Mandalay Zone Co , Ltd တို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။ အိမ်ခြေပေါင်း ၃၁၀ တွင် တစ်အိမ်လျှင် သုံးလုံး တပ်ဆင်ပေးပြီး သုံးစွဲချိန် တစ်နေ့လျှင် လျှပ်စစ်မီး ခြောက်နာရီ သုံးစွဲနိုင်သည်။ လမ်းမီးတိုင် ၃၁ တိုင်တွင် သုံးစွဲချိန် ရှစ်နာရီ သုံးစွဲနိုင်ပြီးသုံးစွဲသည့် ဘက်ထရီအားပြန်လည်ဖြည့်ဆည်းနိုင်ရန် အားသွင်းချာဂျင် ၁၅ ခုကို ထားရှိပေးပြီး ရှုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်း၊ ဖုန်းအားသွင်းခြင်း၊ ကျောင်းသားများကျောင်းသူများ မီးအလင်းရောင်ဖြင့်ပညာရေးကို အချိန်တိုးပြီးလေ့လာကျက်မှတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **မအူပင်ခရိုင် (ပြန်/ဆက်)**

နှစ်ရှည်ဝင်ငွေကောင်းလာနိုင်သည့် လျှော်ဖြူပြင်များ တွင်ကျယ်စွာ စိုက်ပျိုးလာ

ကောလင်း မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ နတ်ရှင်တောင် တောင်ကြား၊ တော်မော်၊ ကြာအင်း၊ ကုက္ကိုကုန်းကျေးရွာတို့တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများက ယာမြေ၊ ကုန်းမြေများကို ဝယ်ယူ၍ မိသားစုနှစ်ရှည် ဝင်ငွေကောင်းစေရန်အတွက် လျှော်ဖြူပင်စိုက်ပျိုးခြင်းလုပ်ငန်းကို ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်လာ ကြောင်းသိရသည်။

အဆိုပါလျှော်ဖြူပင် အစေးများ၏ မန္တလေး ပေါက်စေးမှာ A အဆင့် အဖြူမှန်ကြည် အမျိုးအစား တစ်ပိသာလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၅၀၀၀၊ B အဆင့် ကြက်သွေးရောင်အမျိုးအစား တစ်ပိသာလျှင် ငွေကျပ် ၇၀၀၀ မှ ၉၀၀၀၊ C အဆင့် အနောက်အမျိုးအစား တစ်ပိသာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ထိရရှိသောကြောင့် ပုံမှန်ဝင်ငွေရရှိနိုင်ပြီး မိသားစုနှစ်ရှည်ဝင်ငွေ ကောင်းမွန်နိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်နေ လျှော်ဖြူပင်စိုပျိုးသူတစ်ဦးက ပြောသည်။

လျှော်ဖြူပင်သည် စိုက်ပျိုးသည့်ကာလမှစတင်၍ အနည်းဆုံးသုံးနှစ်မှ လေးနှစ်အရွယ်တွင် အစေးများ ထုတ်ယူနိုင်ကြောင်း၊ အစေးထုတ်ယူရာတွင် ခြောက်လမှ ရှစ်လအတွင်း အပင် ၃၀၀ စိုက်ပျိုးထားပါက နေ့စဉ် လျှော်ဖြူစေး သုံးပိသာခန့် ရရှိနိုင်ပြီး တစ်ပိသာလျှင် ပျမ်းမျှ ဒွေကျပ် ၇၀၀၀ စျေးနှုန်းဖြင့် တွက်ကာ တစ်ရက်လျှင် ဒွေကျပ် ၂၁၀၀၀၊ တစ်လဝင်ငွေ ၆၃၀၀၀၀ ခန့် ပုံမှန်ဝင်ငွေရရှိနိုင်ကြောင်း သိရသည်။

ယခုအခါ လျှော်ဖြူပင် စိုက်ပျိုးကြသူများသည် ကောလင်းမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနသို့ ဆက်သွယ်စုံစမ်း အကူအညီတောင်းခံသည့်အတွက် အဆိုပါဌာနမှ မုံရွာမြို့ ပဉ္စလိကစိုက်ပျိုးရေး သုသေသနခြံမှ လျှော်ဖြူပျိုးပင် တစ်ပင်လျှင် ဒွေကျပ် ၄၀၀ နှုန်းနှင့် ကားဖြင့်တင်ဆောင်ကာ ကောလင်းမြို့သို့ အရောက်ပို့ပေးလျက်ရှိကြောင်း သိရသည်။

လျှော်ဖြူစေးများကို နိုင်ငံခြားပို့ကုန်သစ်အဖြစ် တင်ပို့နေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံတွင် လျှော်ဖြူစေးကို ဆေးကုလားမအဖြစ် ရေခဲမုန့်၊ ဂျယ်လီမုန့်များနှင့် ဖျော်ရည်များတွင် သုံးစွဲကြသည်။

ယင်းအပြင် တိုင်းရင်းဆေးများတွင်ဆီ၊ ဝမ်းကောင်းဆေး၊ အပူငြိမ်းဆေးအဖြစ်အသုံးပြုကြကြောင်းနှင့် အထည်အလိပ်လုပ်ငန်းများ၊ စက္ကူပျော့ ဖတ်လုပ်ငန်းများ၊ အခြားစက်မှုလုပ်ငန်းများတွင် အမျိုးမျိုးသုံးစွဲကြသည်။

ယင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း လျှော်ဖြူပင်စိုက်ပျိုးခြင်းလုပ်ငန်းသည် စိုက်ပျိုးရန်လွယ်ကူခြင်း၊ကုန်ကျစရိတ်နည်းပါးခြင်းတို့ကြောင့် ကာလတိုအတွင်း ဝင်ငွေရရှိနိုင်သဖြင့် လျှော်ဖြူပင် စိုက်ပျိုးသူ များပြားလာကြောင်း သိရသည်။

နိုင်းကျော်ကျော်

နိပ္ပန်ဖောင်ဒေးရှင်းမှတစ်ဆင့် ပဋ္ဌိပက္ခဖြစ်ပွားခဲ့သောဒေသများအတွက် လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့ပေးအပ်

သံတောင်ကြီး မတ် ၆

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့မ၌ ဂျပန်လူမျိုးများမှ နိပ္ပန်ဖောင်ဒေးရှင်းမှတစ်ဆင့် ပဋ္ဌိပက္ခ ဖြစ်ပွားခဲ့သော ဒေသများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်နံနက် ၁၀နာရီခွဲက သံတောင်ဖြို့ အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိဖာ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် နိပ္ပန်ဖောင်ဒေးရှင်း တာဝန်ရှိ ကိုယ်စားလှယ်(မစ္စတာဂျုဒိုဆူ ကီမတ်ဆုရှိမ)မှ ထောက်ပံ့မှုဆိုင်ရာ ရှင်းလင်းတင်ပြခဲ့ပြီးနောက် နိပ္ပန်ဖောင်ဒေးရှင်းမှ ပေးအပ်လျှဒါန်းသော ဆန်အိတ်များကို ပြည်နယ်အတွင်းရေးမှူး ဦးမျိုးအောင်ဌေးက ပေးအပ်ခဲ့သည်။

ဒေသခံပြည်သူများ ကိုယ်စားပြု တပ်မဟာ(၂)စစ်ဆင်ရေးမှူး ဗိုလ်မှူးကြီး စောဒဲဖိုးက လက်ခံရယူခဲ့ပြီး နိပ္ပန်ဖောင်ဒေးရှင်းမှ ပေးအပ်သော ဆိုလာမီးအိမ်များနှင့် ခြင်ထောင်များကိုလည်း ဝန်ကြီး ဦးခရစ္စတိဖာက ပေးအပ်ခဲ့သည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စားပြု တပ်မဟာ(၂) တပ်ရင်းမှူး ဗိုလ်မှူးထွန်းကဲက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနေ့ကပြုလုပ်သောထောက်ပံ့ပေးအပ်လျှဒါန်းပွဲတွင် ဆန်နှင့်စားကုန် ၂၄၂၀၀၀ သိန်းဖိုးနှင့် ဆိုလာမီးအိမ်နှင့် ခြင်ထောင် ၁၇၅၇ စုံ ပေးအပ်လျှဒါန်းခဲ့ကြောင်း သိရသည်။

မင်းသား(ပြန်/ဆက်)

သံကူသံပေါင်တင် သစ်သားကြမ်းခင်းတံတား ပြီးစီး

ကောလင်း မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စိတ္တူကျေးရွာရှိ အလျား ၈၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၃၂ ပေရှိ ဒေါင်းမြူးချောင်းကူး ချဉ်းကပ်သံကူသံပေါင်တင် သစ်သားကြမ်းခင်းတံတားဖွင့်ပွဲအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲတင့်နိုင်တို့က ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တံတားတည်ဆောက်မှုအား စိတ္တူကျေးရွာမှ ဒေသခံများနှင့် အနီးဝင်းကျင်းကျေးရွာဒေသများမှ ကိုယ့်အားကိုယ်ကိုး စုပေါင်းထည့်ဝင်လျှာဒါန်းငွေတို့ဖြင့် ၂၀၁၃ ခုနှစ် မတ်လမှစတင်၍ မတည်ဆောက်လုပ်ခဲ့ပြီး ယင်းတံတားတည်ဆောက်မှုအတွက် ဒေသခံများမှ မတည်ငွေကျပ် ၂၃၁ သိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ပံ့ပိုးငွေကျပ် ၅၀ သိန်း စုစုပေါင်းငွေကျပ် ၂၈၁ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

တံတားတည်ဆောက်မှု အမြန်ဆုံးပြီးစီးနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ငွေကျပ်သိန်း ၅၀ ပံ့ပိုးကူညီပေးခဲ့၍ ယခုကဲ့သို့ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ရာ ဒေသခံပြည်သူများနှင့် ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် ယခင်က တံတားပေါ်တွင်လူ၊ ဆိုင်ကယ်နှင့် စက်ဘီးများသာ သွားလာနိုင်ပြီး ယခုအခါ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ၊ တုန်ဖုန်းယာဉ်နှင့် ခြောက်ဘီးယာဉ်အမျိုးမျိုးတို့ဖြင့် ကျေးရွာချင်းဆက်လမ်းအား သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေါင်းမြူချောင်းကူးတံတားသည် လွန်ခဲ့သည့် နှစ် ၃၀ ခန့်က သစ်သားတံတားအနေဖြင့်သာ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ပြီး တံတားပေါ်တွင်လူ၊ ဆိုင်ကယ်နှင့် စက်ဘီးများသာ ဖြတ်သန်းသွားလာ၍ရကြောင်း၊ ၎င်းတံတားသို့ စိတ္တူကျေးရွာနှင့် ဝန်းသိုမြို့နယ် ကျေးလက်ဒေသအချို့မှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ကောလင်းမြို့သို့ သွားရောက်ရာတွင် ခရီးတိုလမ်းအနေဖြင့် သွားရောက်ကြရပြီး တံသားသည် သက်တမ်းကြာလာသည်နှင့်အမျှ ခိုင်ခံ့မှုမရှိတော့ပေ။ ကောလင်းမြို့နယ် စိတ္တူကျေးရွာတွင် ချဉ်းကပ်သံကူသံဘောင်တင် သစ်သားကြမ်းခင်းတံတား ဆောက်လုပ်ပြီးစီးမှုမရှိသဖြင့် မိုးတွင်းကာလ၌ ကောလင်းမြို့သို့ သွားလာရာတွင် အခြားလမ်းများမှ ဝေးလံစွာ သွားလာခဲ့ရသည်။

စိုင်းလူမင်း

ကွန်ကရစ်ဂုံးပေါက်တံတား ပြုပြင်ဆောင်ရွက်ပြီးစီး

မိုးညှင်း မတ် ၆

ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမကြီး ဖြတ်သန်းသွားရာ မိုးညှင်းမြို့အရှေ့စုရပ်ကွက်(၁)ရှိ ကွန်ကရစ်ဂုံးပေါက်တံတားအား ပြုပြင်ဆောင်ရွက်ပြီးစီးကာ မော်တော်ကားများ ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

ယင်းကွန်ကရစ်ဂုံးပေါက်တံတား ပြုပြင်နိုင်ရေးအတွက် ပြည်နယ်လမ်းတံတားဆောက်လုပ်ရေးအစီအစဉ်ဖြင့် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မိုးညှင်းမြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ ဆောက်လုပ်ရေးကုမ္ပဏီ (လမ်း/တံတား) ဦးကျော်စိုးလင်းတို့က ဦးဆောင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မတ် ၁ ရက်တွင် ပြီးစီးခဲ့ကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းဂုံးပေါက်တံတားမှာ အရှည် ၂၈ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၄ ပေခန့်ရှိပြီး ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမပေါ်ရှိ တံတားတစ်စင်းဖြစ်ကြောင်း တံတားပေါ်မှ နေ့စဉ် မော်တော်ယာဉ်အစီး ၁၀၀ ကျော် ဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရသည်။

(၆၈၅)

ဗဒေါ်စရာ

နွားနေရာတွင် အင်ဂျင်တပ်၍တီထွင်ထားသည့် ဆီဆုံ

à ဖေထွေး(ဇော်(ရေစကြို)

ယခုခေတ်ကဲ့သို့ စက်မှုမထွန်းကားသေးမီကာလ ရှေးရှေးဘိုးဘွားများလက်ထက်က ကြော်လှော်ချက်ပြုတ် စားသုံးရန်အတွက် စားသုံးဆီရရှိဖို့ မြေပဲဆန်နှင့် နှမ်းတို့ကို သစ်သားဖြင့်ပြုလုပ်ထားသော ဆီဆုံတွင် ကြိတ်၍ ဆီကိုရယူခဲ့ကြရသည်။

အဆိုပါသစ်သားဆီဆုံတွင် မြေပဲဆန် (သို့မဟုတ်) နှမ်းကိုထည့်၍ ကျည်ပွေ့ဖြင့် ကြိတ်ရာတွင် နွားဖြင့် လည်ပတ်၍ ကြိတ်ကြရသည်။ ဆီတစ်ဆုံပြီးစီးရန် အချိန်နှစ်နာရီကျော်ကြာပြီး ယနေ့တိုင် မြင်တွေ့ နေကြရဆဲဖြစ်သည်။

ယင်းသို့ နွားဖြင့်လည်ပတ်ရသောသစ်သားဆီကြိတ်ဆုံ (ဆီဆုံ) ကို နွားအစား အင်ဂျင်တပ်၍ ဆီကြိတ်သည့်တီထွင်မှုကို ရေစကြို့မြို့နယ် ဆင်ခြေရာရွာတွင် အမှတ်မထင် မြင်တွေ့ခဲ့ရသည်။

"ဒီဆီကြိတ်ဆုံရဲ့ဖွဲ့စည်းပုံကတော့ နွားနဲ့လည်ပတ်တဲ့အတိုင်း ဆုံရယ်၊ ကျည်ပွေ့ရယ်၊ ဂါးရယ်၊ ကျည်ပွေ့ထိန်းရယ် အားလုံးအတူတူပါပဲ။ မတူတာကတော့ နွားနေရာမှာ အင်ဂျင်သုံးထားတာပါပဲ။ နွားဆွဲတဲ့တံပိုးအဆုံး နွား နေရာမှာ အင်ဂျင်ကိုထိုင်ထားပြီး အောက်မှာဘီးတပ်ထားပါတယ်။ ပြီးတော့ ဂါးနဲ့အင်ဂျင်ကိုလည်း ဟင်ဂလန်သံနဲ့ဆက်သွယ်ထားပါတယ်။ ပြီးတော့ ဂါးရဲ့အဖျားဘက် နွားဆုံဆိုရင်တော့ လူထိုင်လိုက်တဲ့နေရာမှာ စားဆီပုံးဝါတစ်လုံးတင်ပြီး ရေထည့်ထားပါတယ်။ အဲဒီရေကို ပိုက်နဲ့သွယ်ပြီး အင်ဂျင်ရေတိုင်ကီနဲ့ ဆက်ထားပါတယ်။ အင်ဂျင်အလေးချိန်၊ ရေပုံးအလေးချိန်တွေက ဂါးပေါ်ကိုသက်ရောက်စေပြီး ကျည်ပွေ့လည်ပတ်မှုကို ပိုမိုမြန်စေပါတယ်။ ပဲဆန်ငါးပြည်ထည့်တစ်ဆုံဆိုရင် အချိန်တစ်နာရီပဲကြာပါတယ်။ ဆီနှစ်ပိဿာထွက်ပါတယ်။ ဆီထွက်ကတော့ မြေပဲဆန်ကောင်းရင် ဆီထွက်ကောင်းပါတယ်။ မြေပဲဆန်မကောင်းရင် ဆီထွက်နည်းပါတယ်။ နွားသုံးကောင်နဲ့ တစ်လှည့်စီတစ်နေကုန်ကြိတ်ရင် ခြောက်ဆုံပဲကျပါတယ်။ အခုစက်ထိုင်ပြီးကြိတ်တော့ ၁၂ ဆုံကျပါတယ်။ စက်ထိုင်တဲ့ကုန်ကျစရိတ်ကတော့ သုံးသိန်းခွဲလောက်ကုန်ပါတယ်" ဟု တီထွင်သူ မောင်ချမ်းငြိမ်းဟန်က ရှင်းပြသည်။

ယခုကဲ့သို့ နွားဖြင့်လည်ပတ်ရသော သမားရိုးကျ မိရိုးဖလာဆီဆုံကို နွားအစား အင်ဂျင်စက်ဖြင့် တီထွင်လည်ပတ်ခြင်းဖြင့် နွားများလည်းသက်သာ၊ ဆီထွက်လည်းကောင်း၊ နွားဖြင့်ကြိတ်သည်ထက် အလုပ်ပိုမို ပြီးမြောက်၍ လုပ်ငန်းတွင်ကျယ်မှုကို အထောက်အကူပြုသည့်အတွက် အခြားအလုပ်များကို တိုး၍လုပ်ကိုင်နိုင်ခြင်းသည် တီထွင်မှု၏အကျိုးရလဒ်ပင်ဖြစ်သည်။ ယင်းအတွက် တီထွင်သူ မောင်ချမ်းငြိမ်းဟန်အား ဂုဏ်ပြုသောအားဖြင့် မှတ်တမ်းပြု ရေးသားအပ်ပါသည်။

မြန်မာနိုင်ငံမှ သက်တမ်းနှစ် ၄၀ ကျော်ရှိ ရှားပါးရှေးဟောင်းကားပြပွဲကို ရန်ကုန်မြို့တွင် ကျင်းပရန်စီစဉ်

ရန်ကုန် မတ် ၆

သက်တမ်းနှစ် ၄၀ ကျော်ရှိ ရှေးဟောင်းကားများပထမအကြိမ်ပြပွဲကို မြန်မာနိုင်ငံရှေးဟောင်း Classic ကားများအသင်းမှ ထိန်းသိမ်းထားသူများ၏ ကြိုးပမ်းမှုဖြင့် မတ် ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်တိုင် ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းရှေးဟောင်းကားပြပွဲတွင် မြန်မာနိုင်ငံမှ ရှေးဟောင်းကား အစီး ၃၀ ခန့်အား အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ကားဟောင်းအစီး ရေ ၁၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း၊ ယင်းကြောင့် ကျန်ရှိသည့် ရှေးဟောင်းကားများကို ပြပွဲများကျင်းပပေးခြင်း၊ လမ်းမပေါ်ထွက် မောင်းပေးခြင်းများ ပြုလုပ်ပေးခြင်းအားဖြင့် ရှေးဟောင်းကားများကို ထိန်သိမ်းရာရောက်ကြောင်း ပြပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှေးဟောင်းကားများကို ထိန်းသိမ်းရန် ရှေးဟောင်းကားပိုင်ရှင်များ တွေ့ဆုံခြင်း၊ စီတန်းမောင်းနှင်ခြင်း၊ တန်းစီရပ်နားခြင်းများကို ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအထက်ပိုင်းသို့ စုပေါင်းမောင်းနှင်ခဲ့ကြသည်။ ရှေးဟောင်းကားပိုင်ရှင်များ အချင်းချင်းလည်း နေ့ထူးရက်ထူးများတွင် ဗဟုသုတများတွေ့ဆုံဖလှယ်နိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံရှေးဟောင်းကားများအသင်းကို ၂၀၁၀ ခုနှစ်တွင် ရှေးဟောင်းကားများကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်ပြီး အပျော်တမ်းတည်ထောင်ခဲ့ကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှေးဟောင်းကားများ၏ စိတ်ဝင်စားဖွယ်ရာများကို ထိန်းသိမ်းထားသူများက လာရောက်ပြသနိုင်ရန် Myanmar Culture Valley ၌ ပြသခွင့်ရနိုင်ရန်စီစဉ်နေသည်ဟု မြန်မာနိုင်ငံရှေးဟောင်းကားများအသင်း (MCC) ရုံးမှ သိရသည်။

မိုးသန့်

ဆိပ်ဖြူမြို့နယ် ရှေ့သို့စိမ်ကိန်း(ချက်ဗို)မှ ကျေးလက်စိမ်ကိန်းလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များအား အာရှတာဝန်ခံ လာရောက် လေ့လာကြည့်ရှု

ဆိပ်ဖြူ မတ် ၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ရှေ့သို့စိမ်ကိန်း(ချက်ဗို) မှ ဆောင်ရွက်လျက်ရှိသော ကျေးလက်စိမ်ကိန်းလုပ်ငန်းများအား ဆောင်ရွက်ထားရှိသော အားနည်းချက်၊ အားသာချက်များကိုလေ့လာရန် ချက်ဗိုရုံးချုပ် အီတလီနိုင်ငံမှ အရှေ့တောင်အာရှတာဝန်ခံ Mr.Baccioni Enrico နှင့် ရှေ့သို့စိမ်ကိန်း (ချက်ဗို) ဒေသတာဝန်ခံ ဦးဌေးနိုင်၊ ရှေ့သို့စိမ်ကိန်း (ချက်ဗို) မြို့နယ်တာဝန်ခံ ဦးမျိုးမြင့်အောင်တို့သည် မတ် ၁ ရက် ညနေ ၃ နာရီခွဲတွင် ဆိပ်ဖြူမြို့နယ် ရေပုတ်ကျေးရွာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဆောင်ရွက်ထားရှိသည့် တောင်သူကွင်းသရုပ်ပြသင်တန်းကျောင်းတွင် တမာပိုးသတ်ဆေးနှင့် ဓာတုပိုးသတ်ဆေးတို့ဖြင့် ယှဉ်ပြိုင်စိုက်ပျိုးထားရှိသော ကြက်သွန်ခင်းနှင့် တောင်သူများ မျိုးစေ့ဘဏ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ပြီး ရေပုတ်ကျေးရွာ၊ ကုန်းရွာကျေးရွာ၊ ကျွန်းမကြီးကျေးရွာ၊ သပြေကျေးရွာ၊ သဖန်းညွှန့်ကျေးရွာတို့မှ တောင်သူများနှင့် တွေ့ဆုံမိတ်ဆက်၍ အိမ်ခြံသီးနှံများစိုက်မျိုးမှု၊ မျိုးစေ့သိုလှောင်ရုံမှ မျိုးစေ့များစုဆောင်းထားရှိမှု၊ ဝက်မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရှေ့သို့စိမ်ကိန်း (ချက်ဗို) မှ ပံ့ပိုးသည့်မျိုးစေ့များဖြင့် စိုက်ပျိုးထွက်ရှိသော သီးနှံများပြသထားမှုကို လေ့လာခဲ့ပြီး ရေပုတ်ကျေးရွာ ဦးစန်းဝင်းကြည်နေအိမ်တွင် အိမ်ခြံဝင်းရှိသီးနှံစိုက်ခင်းတို့ကို လေ့လာခဲ့ကြကြောင်းသိရသည်။

စိုးလင်းနိုင်(ပြန်/ဆက်)

ကြက်သွန်စိုက်တောင်သူများ ကုန်သည်ပွဲစားများနှင့် တွေ့ဆုံဆွေးနွေး

မြင်းခြံ မတ် ၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကုန်သည်ပွဲစားစက်ပိုင်များသည် ကထိန်တော်အသင်း (ကုန်စည်ဒိုင်) ခန်းမတွင် မတ် ၂ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသူနှင့် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်တို့သည် ကြက်သွန်စိုက်တောင်သူများ၊ ကုန်သည်ပွဲစားများနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသူက ကြက်သွန်စိုက်တောင်သူများအား စိုက်ပျိုးရေးပံ့ပိုးချေးငွေရရှိရေး ၊ စိုက်ပျိုးနည်းစနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးချိန်မှန်ကန်ရေး၊ ကြက်သွန်စေးကွက် ခိုင်မာရေးတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ကြက်သွန်စိုက်တောင်သူများနှင့် ကုန်သည်ပွဲစားများမှ သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသူတို့က ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

ဦးစော်မင်းနိုင်(မြင်းခြံ)

ပညာနန်းတော် နွေနေ့ကျောင်းကြီး

နွေ ၃-လ အထူး မတ် ၉-ရက်ဖွင့်မည်။

နွေနေ့ကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် နွေကျောင်းပိတ်ရက် ၃-လအတွင်း ဘာသာစုံ ၆-ဘာသာစလုံး၏ ပြဋ္ဌာန်းချက်မှ ရှေ့ပိုင်းသင်ခန်းစာများကို ကြေညက်စွာ သင်ကြား လေ့ကျင့်ပေးပါမည်။ ဤသို့ ကြိုတင်ပြင်ဆင် သင်ယူထားခြင်းအားဖြင့် ဇွန်လတွင် ကျောင်းကြီးဖွင့်သည့်အခါ စာလိုက်နိုင်သော ကျောင်းသား/သူတစ်ယောက် ဖြစ်လာပါမည်။ ဤသို့ နှစ်စတွင် စာလိုက်နိုင်လျှင် တစ်နှစ်လုံးပင် စာလိုက်နိုင်ပြီး၊ စာမျော်၊ စာတော်သော ကလေးတစ်ဦး ဖြစ်လာပါမည်။ နှစ်စကတည်းက စာမလိုက်နိုင်ပါက လည်း တစ်နှစ်လုံးတွင် စာအခက် ကြုံတတ်ပါသည်။ ဂိမ်းခေတ်၊ အင်တာနက်ခေတ်၊ မော်ရှ်ကွေးကြီးခေတ်တွင် ကျောင်းသားနှင့်ကျောင်းစာသည် အဆက်မပြတ် ထိတွေ့ သင်ကြားနေမှသာ ပညာရေးကို အာရုံ ရူးဝိုက်နိုင်ပေလိမ့်မည်။ ဤအကြောင်းကြောင့် **ဘယ်ကျောင်းကြီးမှာပဲတက်တက် နွေရာသီမှာတော့ ပညာနန်းတော် နွေနေ့ကျောင်းကို တက်ဖြစ်အောင် တက်သင့်ပြီ။**

ဖွံ့ဖြိုးရေး ကွန်ပျူတာ၊ မန်းချီနှင့် ကရာတေးဒို (စနေ၊ တနင်္ဂနွေ)။
တတိယတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား/သူများအား တစ်ဦးလျှင် Laptop တစ်လုံးစီဖြင့် ကွန်ပျူတာ သင်ကြားရေးကို တစ်ပတ်လျှင်တစ်ချိန် ပုံမှန်အတန်းချိန်တွင် သင်ကြားပေးမည်။

ပညာရည်မှန်းချက် ကျောင်းအသီးသီးတွင် နဝမတန်းနှစ်ဝက်စာမေးပွဲ၌ အဆင့် ၁ မှ ၅ အထိ ရရှိခဲ့သူများအား အခမဲ့ ပညာတော်သင်ဆု ချီးမြှင့်ပါမည်။

ကျောင်းစည်းကမ်း ကျောင်းဝတ်စုံ ဖြူစိမ်းကိုသာ ဝတ်ဆင်ရမည်။ ပြဋ္ဌာန်းထားသောကျောင်း စည်းကမ်းများကို တိကျစွာလိုက်နာရမည်။

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀
စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန်ဦးထွန်းနွယ်

ပညာရှေရောင်လင်း
နေမင်းတံဆိပ်တော်

ဦးစီးတည်ထောင်သော

ပညာနန်းတော်
အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

- အဆောင်မှူး (ဘွဲ့ရ) ဆရာ ဆရာမများ အလိုရှိပါသည်။

ပညာနန်းတော် နွေနေ့ကျောင်းကြီး

ကျောင်းဖွင့်ရက် တနလ်ာမှ သောကြာ ... မတ် ၉-ရက်မှ မေ ၃၁-အထိ (၃-လအထူး)

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
သူငယ်တန်း	နံနက် ၈း၃၀ မှ ၁၁း၄၅ နာရီ	၃၅၀၀၀ ကျပ်	မရှိ
၁-တန်း	။	၃၅၀၀၀ ကျပ်	။
၂-တန်း	။	၃၅၀၀၀ ကျပ်	။
၃-တန်း	။	၄၀၀၀၀ ကျပ်	။
၄-တန်း	။	၄၀၀၀၀ ကျပ်	။
၅-တန်း	။	၄၀၀၀၀ ကျပ်	။
၆-တန်း	။	၄၀၀၀၀ ကျပ်	။
၇-တန်း	။	၄၀၀၀၀ ကျပ်	။
၈-တန်း	။	၄၅၀၀၀ ကျပ်	။
၉-တန်း	။	၅၀၀၀၀ ကျပ်	။
၁၀-တန်း	။	၆၀၀၀၀ ကျပ်	။

- ကျောင်းလခကို လစဉ် လဆန်း (၅)ရက်အတွင်း ပေးသွင်းရပါမည်။
- ပုံမှန်နေ့ကျောင်းကြီးကိုလည်း ဤလခအတိုင်းသာ ယူပါမည်။
- ပုံမှန် နေ့ကျောင်းကြီး၌ အချိန်ပြည့် စာသင်ချိန်မှာ တစ်နေ့ (၅) နာရီ ဖြစ်သည်။

နွေနေ့ကျောင်းကို မတ် ၉ - ရက်ဖွင့်မည်။
ပုံမှန်နေ့ကျောင်းကြီးကို ဇွန် ၁ - ရက်တွင် ဖွင့်ပါမည်။

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ဖုန်း 01-577 605 **ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်** ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ ဖုန်း 09 73036827, 09 47074649

GUSTO
Institute of Information Technology

GUSTO - Institute of IT နှင့် UK ၏အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel တို့ပူးပေါင်းဖွင့်လှစ်သည့် HND Diploma in Computing အတွက် လျှောက်လွှာခေါ်ယူခြင်း

၁ ။ UK နိုင်ငံ Edexcel မှ ပေးအပ်ချီးမြှင့်မည့် QCF Level 5 အဆင့်ရှိ HND Diploma တန်းခွဲသစ် အား ၂၀၁၅၊ မတ်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။

၂ ။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ (သို့) IGCSE အောင်မြင်ထားပြီးသူများ မှစ၍ လျှောက်ထားနိုင်ပါသည်။

၃ ။ UK Curriculum ကိုအသုံးပြု၍ ကျောင်းသားများ၏ တတ်မြောက်မှုကိုသေချာစေရန်နိုင်ငံတကာ တက္ကသိုလ်ကြီးများအတိုင်း Student Centered Approach ဖြင့် သင်ကြားပို့ချပေးနေပါသည်။

၄ ။ HND Diploma ရရှိပြီးပါက GUSTO ၌ဖြစ်စေ၊ UK ထိပ်တန်းတက္ကသိုလ် ကြီးများဖြစ်သော University of West of England, Teesside University, University of Huddersfield အစရှိသည့် နိုင်ငံတကာတက္ကသိုလ်ပေါင်း (၂၀၀) ကျော်၌ဖြစ်စေ နောက်ဆုံးနှစ်ကိုတိုက်ရိုက် တက်ရောက်ပြီး B.Sc.(Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။

၅ ။ GUSTO သည် Academic Quality ကောင်းမွန်ခြင်း၊ Job Opportunities အများအပြား ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် IT နယ်ပယ်တွင် ကျောင်းသားအင်အားအများဆုံးတက်ရောက် သင်ကြားနေသည့် Edexcel (UK) အသိအမှတ်ပြု Institute တစ်ခု ဖြစ်ပါသည်။

၆ ။ လျှောက်ထားလိုသူများသည် ဓါတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူ နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ကျောင်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးအပ်နိုင်ပါသည်။
Call Now : 09 862 8806, 09 730 31302, 01 504632
289 (A), Pyay Road, Sanchaung Tsp; Yangon.

NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ခရီးလှေးသစ်လွင် သင်္ကြန်ခရီးစဉ်

ရွှေဂေါ်တော်	Mar; 26	ထားဝယ်-ကန်ချနာပူရီ	April; 13
မန္တလေး	Mar; 26 , April; 13,17	မန္တလေး-တောင်ကြီး	April; 12
ပုဂံ	Mar; 26 , April; 12,13,17	ပုဂံ-တောင်ကြီး	April; 11,12
တောင်ကြီး	Mar; 26 , April; 11,12,13,17	ပုဂံ-ရွှေဂေါ်တော်	April; 12,13
အလောင်းတော်ကသပ	Mar; 26 , April; 12,13,17	မြောက်ဦး	April; 13
မိုးကုတ်	April; 13	ငွေဆောင် / ဝပလီ	April; 13,15

အမှတ်-16 ၊ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09-731 48922, 09-4925 2911, 09-4925 2922

လေးစားဂုဏ်ပြုပါကြောင်း
မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း

လောက်ကိုင်ဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမိမြေကို ကာကွယ်စောင့်ရှောက်ရင်း အသက်ပေးလျှောခဲ့ရသည့် မြန်မာ့တပ်မတော်သားများ နှင့်အမိမြေအတွက် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်နေသော မြန်မာ့တပ်မတော်သားများ အားလုံးကို မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းအနေဖြင့် များစွာ လေးစားဂုဏ်ယူပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းနှင့် မြို့မရဲခေါင်များ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် - ၉၀/၉၁၄၂၂၏ ဖောင်းကြွနံ ပါတ်ပြားပျောက် ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အများသိစေရန်ကြေညာချက်

မင်္ဂလာတောင်ညွှန့်မြို့နယ်၊ (၁၂၁)လမ်း၊ အိမ်အမှတ်(၆၄)၊ (၅)လွှာ၊ ယာဘက်ခန်း၊ ရေတွင်းကုန်းရပ်ကွက် တိုက်ခန်းကို အမည် ပေါက် ဒေါ်သီတာဝင်း(MME-၆၅၁၇၂၅) တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း အများသိ စေရန်ကြေညာအပ်ပါသည်။

ဒေါ်သီတာဝင်း

ခွေးရောင်းမည်

မျိုးကောင်းမျိုးသန့် အင်းခွေး သားပေါက်နှင့် Domberman 7 လ အမ Chi hua hua အမ Pekingese, Shih tzu

ဖုန်း-၀၉ ၄၂၅၃၃၀၈၂၈

စက်ရုံပိုင်ရှင်များအတွက်သတင်းကောင်း

- စက်ရုံသုံး Boiler များတွင်ဖြစ်လေ့ရှိသော Tube ပိုက်များသံချေးတက်ခြင်း၊ကျောက်ပေါက်မာ များဖြစ်ခြင်း၊ချိုးတက်ခြင်းများကို ကာကွယ်ရန်အတွက် Boiler Maintenance Chemical များကို *"မြန်မာနိုင်ငံတွင် တိုက်ရိုက်ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း"* သတင်းကောင်း ပါ:အပ်ပါသည်။
- ဝယ်ယူထားပြီးဖြစ်သော Customer များကိုလည်း(၁)လ(၁)ခါ Free service သာမက တခြားအကြံဉာဏ်ပေးဆောက်ရွက်ခြင်းများ ကိုလည်းအခမဲ့ဝန်ဆောင်မှုပေးနေပါသည်။

➢ **မှတ်ချက် - စားသောက်ကုန်များတွင်လုံးဝ ဘေးထွက်ဆိုးကျိုးမရှိပါ။**

ပြန်ဟုအကောင်းဆုံး
နဂါးနီ ကုမ္ပဏီ

လုပ်ငန်းသုံး Dumper နှင့် 14' Truck များကိုဈေးနှုန်းချိုသာ စွာဖြင့်ငှါးယူနိုင်ပါသည်။



01 700956
09 73104046
09 448026388

အမှတ်(၁၅)၊ကျွန်းစပ်သားလမ်းမကြီး၏အတွင်းလမ်း။ ကျွန်းစပ်သားစက်မှုဇုန်(အမှတ် ၂ လမ်းမကြီး မေဘွားလိုင်း(၃) ကားကော်ဘန်း)ဘဲကုန်မြို့ သစ်တောပိုင်ရုံးရှေ့ကုန်မြို့

ရွှေသုခဒေါ

နည်းပညာအသစ်၊ အရည်အသွေးမြင့်

{ မြန်မာ့သနပ်ခါး }

၂၀၁၅ ခုနှစ် ဧတ်လ (၈) ရက်
အပြည်ပြည်ဆိုင်ရာ အချိုးသင်္ဘောများနေ့ကို ထြိုးဆိုထောက်ပံ့ဖြင့်
မြန်မာ အချိုးသင်္ဘောများတတ်ကြွ အထူးအစီအစဉ်

သနပ်ခါး SKIN CARE များကို (၅ဘူးဝယ် ၁ဘူးလက်ဆောင်) အဖြစ်
(၇.၃.၂၀၁၅ မှ ၁၅.၃.၂၀၁၅) အထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

အမှတ်(၄၁)(အေ/ဘီ)၊ ပေတောကုန်းလမ်း။ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်၊
ဖုန်း။ ၀၉-၄၃၀ ၅၅ ၃၀၀၊ ၀၉-၇၃၀ ၈၃၀ ၅၃၊ ၀၁-၂၀၀၉၇၅၊ ၀၁-၂၉၈၇၃၅။

baydaland
Travels & Tours

Bali (5D/4N)
Bangkok-Pattaya (6D/5N)
Bangkok-Phuket (6D/5N)
Singapore-Kuala Lumpur (6D/5N)
Maldives (4D/3N)

No.37(B), Yangon-Insein Road,
Hlaing Township, Yangon, Myanmar.
Contacts : 01-537642, 09 4315 2273, 09 50 355 68, 09 5087 008

OTS(53) pnowyc

သူငယ်ချင်းများတို့ရေ-

၁၁-၃-၂၀၁၅ ရက်တွင် ကျရောက်မည့် နှစ်ပတ်လည် မိတ်ဆုံစားပွဲသို့ ဇနီးနှင့်အတူ (ကုန်းမြင့်သာစားတော်ဆက်) ဧရာခန်းမသို့ ၁၁-၃-၂၀၁၅ ရက် ညနေ ၆း၀၀ နာရီ အရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်အဖွဲ့
စည်သူ(၅၃)

ဆေးတနာရှင်... ကျိုက်ထီးရိုး / ချောင်းသာ (ပန့်ဒွန်)

သင်ကြားနိုင်ခရီးစဉ်များ Apr 11, 12, 13, 17 ထွက်မည်။ ကြိုတင်လက်မှတ်ရောင်းမြီ။

❖ရွှေစက်တော်(၄)ရက်❖ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး(၅)ရက်❖ရွှေစက်တော်၊အလောင်းတော်(၅)ရက်
❖ရွှေစက်တော်၊ပုဂံ၊ပုပ္ပါးနှင့် ဆက်၍ (တောင်ကြီး၊သင်္ကြန် / မန်းသင်္ကြန်)..... (၈)ရက် / (၁၁)ရက်
❖ပုဂံ-ညောင်ဦး။ ပုပ္ပါး(၄)ရက်❖တောင်ကြီး၊သင်္ကြန်(၅)ရက်❖ မန်းသင်္ကြန်(၅)ရက်
❖မူဆယ်သင်္ကြန်(၇)ရက်❖မော်လမြိုင်သင်္ကြန်(၄)ရက်❖ထား၊ဝယ်သင်္ကြန်(၆)ရက်

ကားပျိုးခုစီးလုံး ငှားရမ်းနိုင်ပါသည်

၂၀၀၊ပ-ထပ်၊ဇုဇုလမ်း(အထက်) 392704, 09 50 66657, 09 730171,10

t rsm;oap&eaumci;

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သုခ(၂၄)လမ်း၊ အမှတ်(၁၂၁/ခ)၊ ဒုတိယထပ်(၃)လွှာ၊ ပေ(၂၀×၆၀)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလှဝင်း(TME-036441) 'ဇင်ကိုထက်'ဆောက်လုပ်ရေး (ကန်ထရိုက်တာလိုင်စင်အမှတ်-L.C 263)ထံမှ မြေရှင်အသိအမှတ်ပြုလက်မှတ်နှင့်အတူ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိလက်ရောက်ရယူထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအခန်းနှင့်ပတ်သက်ပြီး မည်သူကမျှ ထပ်မံရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ခြင်းများအပါအဝင် တစ်နည်းနည်းဖြင့် ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွား ထိခိုက်နစ်နာမည့် မည်သည့်ကိစ္စကိုမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမော်(B.Sc, H.G.P, D.B.L, D.A.Psy)
အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)
အမှတ်(၂၆၀)၊ ပထမထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၃၅၅၃၊ ၀၉-၂၅၀၀၁၁၇၇၆

P.E.S. St.Kate
PRACTICAL English Speaking SUMMER For Kids (8 to 14 Years)
Enroll Now ! March,April,May
236 (3C),2nd Fl.Yadanar Street, Myaynigone, Sanchaung Township, Yangon.516503/503984
Grammar(Advanced)
7-3-15 စမည်။

အထွေထွေကိုယ်စားလှယ်လွှဲစာရင်းသိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၃)၊ ကျန်စစ်သားလမ်း၊ တိုက်(၁)၊ အခန်း(၃)တွင် နေထိုင်သော မယ့်ယုစိုး(ဘ)ဦးကျင်စိုး [၁၄/ပသန(နိုင်)၁၇၂၈၅၅]ကိုင်ဆောင်သူမှ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တိုးချဲ့(၇)ရပ်ကွက်၊ သောင်ကြီးလမ်း၊ အမှတ်(၄၀၀)နေ မမြင့်မြင့်ထွေး(ဘ)ဦးညွှန့်[၁၄/ပစလ(နိုင်)၀၁၄၈၀]ကိုင်ဆောင်သူအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ရန်ကုန်မြို့၌ အထွေထွေကိုယ်စားလှယ်လွှဲစာပြုလုပ် လွှဲအပ်ထားခဲ့ပါသည်။

ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် မြင့်မြင့်ထွေးအား ၁၅-၁၀-၂၀၁၃ ရက်တွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား မယ့်ယုဆိုးမှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
မယ့်ယုစိုး[၁၄/ပသန(နိုင်)၁၇၂၈၅၅]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဌေးမြင့်မောင် ဒေါ်သီရိလှိုင်ဌေး(စဉ်-၃၄၈၅၉)
(စဉ်-၁၈၃၀၉) LL.B,B.A(Business Law)
အထက်တန်းရှေ့နေများ D1-101,Graduate (WIPO Switzerland)
ဖုန်း-၀၉-၄၃၁၁၈၉၅၈၊ ၀၉-၇၃၀၃၈၈၃၁
အမှတ်(၉၁)၊ မင်းရဲကျော်စွာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်

ueuuEiaumi;aunmcsu

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မိုးမခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၃၄၆၊ အကျယ်အဝန်း(အလျား ၂၀' × အနံ ၆၀')ရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဒေါ်မြစန်း [၁၂/သကတ(နိုင်)၀၀၇၅၇၈]ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူ၍လက်ရောက်ပိုင်ဆိုင်ကြောင်း၊ အရှည်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီမြင့်(ခ)ဒေါ်ရီလတ်[၁၂/မရက(နိုင်)၀၅၃၈၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဖြူဖြူသက်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၂၃)
တိုက်-၉/၁၁၊ အခန်း(၂၀၁/C)၊ ဒု-ထပ်၊ ၃၆ လမ်းတို့၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉၅၄၀၀၂၃၉

Since 1996
(၅တန်း မှ ၁၀တန်း)

ဆရာဝန်များ ဦးစီးသည့် စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)

မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနှိပ် GCE မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက် လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း၊ ကွန်ပျူတာခန်း၊ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ သင့်တင့်ချိုသာသောသင်တန်းကြေး

(၉)တန်းအထူးအစီအစဉ် ဈာတော်လျှင် (၁)နှစ်စီတက်(၉)တန်းအပြီး သင်ပေးပြီး (၃)နှစ်စီတက်(၁၀)တန်းဈာတစ်ခေါက် ကြိုသင်ပေးသည်။

ဘွဲ့ရုံအဆောင်မှူး(Guide)အလိုရှိသည်

အမှတ် (၇၇)၊ ၄ဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၁၁

နွေရာသီရေကူးသင်တန်းများ
ဖွင့်လှစ်သင်ကြားပေးနေပါပြီ
တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)
ဖုန်း-၀၃၁၁၅၂၃၆၊ ၀၉၂၅၄၁၀၆၃၃၄

CNG TAXI ziaumu aearmi;tv&on/
နံနက်(၇)-ည(၇)(အိမ်မပေးပါ)
FF (လျှောက်ထားဆဲ) 8000
စပေါ် 200000 VIP(1) သုဝဏ္ဏ
Ph:09-5004972

YOUTH INTERNATIONAL COLLEGE
မြန်မာလူငယ်များအတွက် YOUTH Computer Co., Ltd. မှ ဖွင့်လှစ်သည် . . .

HND Diploma in Computing and Systems Development အတွက် လျှောက်လွှာများခေါ်ယူခြင်း

- YOUTH International College တွင် အင်္ဂလန်နိုင်ငံယူဘရေနေ့ ပတ်သက်ပြီး အရိုန်အဝါကြီးမားသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Edexcel မှ ပေးအပ်ချီးမြှင့်မည့် QCF Level 5 အဆင့်ရှိသော HND Diploma in Computing & Systems Development သင်တန်းအား ၂၀၁၅ ခုနှစ် မတ်လအတွင်း စတင်ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။
- အင်္ဂလန်နိုင်ငံ Edexcel မှ သင်ရိုးများကိုအသုံးပြု၍ နိုင်ငံတကာကတ္တသိုလ်ကြီးများကဲ့သို့ ကျောင်းသားအကြီးနေနှင့် ပြင် သင်ကြားရေးရာပညာပြုစေပါသည်။
- HND Diploma ရရှိပြီးပါက နိုင်ငံတကာကတ္တသိုလ်များ၌ တစ်နှစ်ထပ်မံတက်ရောက်ကြီး B.Sc (Hons.) Computing (UK) သို့တိုက် ရယူနိုင်မည်ဖြစ်ပါသည်။
- တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူ (သို့) IGCSE, GCE-A Level အောင်မြင်ပြီးများ တောင်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူများသည် ပတ်စ်ပို့ဆိုင်းမတ်ဘ်(၂)ပုံ၊ မှတ်ပုံတင်စာတမ်း ပညာအရည်အချင်းဆိုင်ရာနှင့်တကွ လာရောက် လျှောက်ထားနိုင်ပါသည်။ ကျောင်းသားပြောင်းရေ ကန့်သတ်ထားပါသည့်အပြင် ကြိုတင်စာရင်းပေးပေးအပ်နိုင်ပါသည်။

HND Diploma နှင့်အတူ Cisco CCNP ပါပူးတွဲရရှိမည့် 2 in 1 အခွင့်အရေး
အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျှအစရှိသော နိုင်ငံများရှိတက္ကသိုလ်ကြီးများတွင် တက္ကသိုလ်နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်မည်၊
အလုပ်တစ်ဖက်နှင့်သူများအတွက် Part Time : City Centre
မတ် ၂၄ မှင့်ပြီ
Enroll Now !

မတ်လ (၈) ရက်နေ့ထိ Registration Fee ၅၀၀,၀၀၀ (ငါးသိန်း) ကျပ် Discount

City Centre : Room 6A, ပန်းဆိုးတန်း Office Tower, FUJI Shopping Center ဆယ်လီ (ဖြောင့်)၊ ပန်းဆိုးတန်း (အလယ်)၊ တောက်တံတား ဖုန်း - ၀၁ ၂၅၄၉၉၂၊ ၀၉ ၃၀၃၃ ၇၃၄၊
MICT Campus : Room 605, Building (16), Redlink Building, MICT Park, ဖုန်း - ၀၉ ၃၁၅ ၀ ၀ ၅ ၂ ၅ ၂ ၀ ၅ ၅ ၅ ၅

ပြောင်ဝင်းလှပစိတ်တိုင်းကျရမည်...
ဒဏ္ဍာရီ
အထူးဆံပင်ပြောင်းဆိုင်
Ph: 09-73048685
- ဆံပင်ဖြောင့် (30000/-Ks) တန်
Discount (15000/-Ks)
- ပဘောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်ဝင်းအိတုန်ဝေရမည်။ ၂- နှစ်အာမခံ

om;tjzpr tarjywpevwjci;

ဦးသန်းထွတ်အောင်၏သားဖြစ်သူ မောင်ဝေယံထွန်ခေါင်[၁၂/ဗဟန(နိုင်)၁၀၀၈၅၄]သည် အဘိုး၊ အဘွား၊ မိဘ၊ ဆွေမျိုးများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်မပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးသန်းထွတ်အောင်[၈/မကန(နိုင်)၀၂၄၈၇၅]

Ze;tjzprpevwjci;

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်၊ တောင်စွန်းကျေးရွာနေ ဦးစန်းမြင့်[၁၀/ဘလန(နိုင်)၀၁၈၂၁၂]၏ ဇနီးဖြစ်သူ ဒေါ်သန်းငွေးသည် ၃၁-၅-၂၀၁၄ ရက်တွင် မိမိသဘောဆန္ဒအလျောက် ကျွန်တော်မသိဘဲဆင်းသွားသည့်အတွက် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်များမှာ ကျွန်တော်နှင့် သက်ဆိုင်မှုမရှိကြောင်းနှင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစန်းမြင့်[၁၀/ဘလန(နိုင်)၀၁၈၂၁၂]
ကရင်စုရပ်ကွက်၊ တောင်စွန်းကျေးရွာ၊ ဘီးလင်းမြို့နယ်

သာသနာရောင်စဲါထွန်းစေဖို့ သမ္မတာ သက်နိုး ဝယ်ယူလှူဒါန်းကြပါစို့ .....

၁	အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ပဟန်းမြို့နယ်။	၀၁-၅၄၅၃၉၅၊ ၅၄၅၃၉၆
၂	အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ပဟန်းမြို့နယ်။	၀၁-၅၃၃၂၀၂၊ ၅၄၃၂၀၆
၃	အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ပဟန်းမြို့နယ်။	၀၁-၃၈၀၅၇၃
၄	အမှတ်-၁၁၃၊ အထက်ကြည်မြင်တိုင်လမ်းမကြီး၊ ကြည်မြင်တိုင်မြို့နယ်။	၀၉-၇၃၀၁၆၀၃၂
၅	အမှတ်-၉၆၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၀၉-၇၃၀၅၇၇၅၆
၆	အမှတ်-၁၂၅၊ သံစေးရေး၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။	၀၁-၂၂၅၅၀၆
၇	အမှတ်-၃၇၊ ကုန်စေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။	၀၉-၇၃၀၀၅၉၂၂၆
၈	အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ပဟန်းမြို့နယ်။	၀၁-၈၆၀၃၀၈၅
၉	တိုက်-A၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။	၀၁-၆၄၂၃၂၂
၁၀	၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။	၀၉-၇၃၀၆၅၅၂၃၇
၁၁	အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။	၀၉-၇၃၀၀၅၅၇၉
၁၂	ရန်ကုန်-မန္တလေးကားလမ်း၊ ဆင်ရတနာ မြင်းရတနာကြား၊ ပျဉ်းမနားမြို့ နေပြည်တော်။	၀၆၇-၂၂၅၉၇
၁၃	အမှတ် (၁၆၉)၊ မင်းဘာကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်၊ စစ်တွေမြို့။	၀၄၃-၂၁၄၁၂
၁၄	အမှတ် (၇၆)၊ အနောက်မြင်းမိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။	၀၉-၂၅၀၃၆၇၃၃
၁၅	၂/၁၃နေပြည်တော်လမ်းမကြီး(ယခင် ပျဉ်းမနား-တောင်ညီလမ်း)ဆင်ရတနာအနီးယောက်ကွားအင်အုပ်နေပြည်တော်-ပျဉ်းမနားမြို့။	၀၆၇-၂၄၇၇၃

သမ္မတာ ဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

NEW MOTION TRAVELS & TOURS

ကိုးရီးယား (April 11/12)
ဗောင်ကောင် (April 12/14)
တရုတ်-ဟောင်ကောင် (April 12)
ဗီယက်နမ်-ကမ္ဘောဒီးယား (April 12)
ဥရောပ (April 9)
ဩစတေးလျ (April 10)
ဂျပန် (April 12,13)
စင်ကာပူ (April 13)
စင်ကာပူ-မလေးရှား (Apirl 11/12)
ဗန်ကောက် (April 11/12/13)
စင်ကာပူ-ဘာလီ (April 11)
ဗန်ကောက်-ဖုးခတ် (April 12)
ဘာလီ (April 12)
ဒုဘိုင်း (April 11)

No.19, Kyun Taw Road, Sanchaung, Yangon 508124, 523253, 527254, 0973148933-44-55-66

(၄၇)ကြိမ်မြောက် အလောင်းတော်ကဿပဖူးမြော်ရန် ရာသီပိတ်ခရီးစဉ်

